# ကြေးမုံ
**The Mirror Daily**
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 21 March 2018 ၉၂၃၅



ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးယူရန် ဆွေးနွေး
စာ » ၅

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ဆောင်ရွက်လျက်ရှိ
စာ » ၆

ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ မောင်တောဒေသ၌ ၁၅ ကြိမ် သတင်းရယူနိုင်ခဲ့
စာ » ၇

စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ ပြဋ္ဌာန်း
စာ » ၁၀

အနုပညာရှင်များ၏ ၂၀၁၇ အကယ်ဒမီ ရင်ခုန်သံများ
စာ » ၁၁

ကိုရီးယား နှစ်နိုင်ငံနှင့် အမေရိကန်တို့၏ သုံးပွင့်ဆိုင် ဆွေးနွေးပွဲ ဟယ်လ်ဆင်ကီ၌ ကျင်းပ
စာ » ၄


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၂၀

**ဩစတြေးလျှမနေသဟာယနိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ဩစတြေးလျှမနေသဟာယနိုင်ငံ တပ်မတော်အထူးလေယာဉ်ဖြင့် ကင်ဘာရာမြို့မှ ဆစ်ဒနီမြို့သို့ ရောက်ရှိကြသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

# ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်အတွင်း မြို့တွင်း ကိုးမြို့နယ်အား အချိန်ကန့်သတ်၍ ရေပေးဝေသွားမည်

**ရန်ကုန် မတ် ၂၀**

ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်အတွင်း ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်းမြို့နယ်တို့အား နံနက် ၈ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ညနေ ၃ နာရီမှ ညနေ ၆ နာရီအထိ လည်းကောင်း၊ အလုံ၊ ကြည့်မြင်တိုင်နှင့် စမ်းချောင်းမြို့နယ်တို့အား နံနက် ၈ နာရီမှ ၁၀ နာရီအထိ လည်းကောင်း အချိန်ကန့်သတ်၍ ရေပေးဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ သိရသည်။

ထို့အပြင် တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)စသည့် မြို့နယ်များကို ပုံမှန်အတိုင်း ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**အကူအညီတောင်းခံနိုင်**

"မြို့နယ်အားလုံး ရေပေးဝေမှုတွေကို ဧပြီ ၁၇ ရက်မှာ အရင်ပုံမှန်ရေပေးဝေတဲ့အတိုင်း ပြန်ပြီးဖြန့်ဝေပေးသွားမှာပါ။ သတ်မှတ်ရေပေးချိန်မှာ ရေပိုက်တွေ အရေးပေါ်ပြင်ဆင်ဖို့ လိုအပ်ရင် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတွေမှာ တာဝန်ချထားတဲ့ ဝန်ထမ်းတွေကို

**စာမျက်နှာ ၉ ကော်လံ ၄ သို့**




# ကျန်းမာရေးအတွက် သတိပြုဆင်ခြင်

တပေါင်း၊ တန်ခူး၊ ဧပြီ၊ မေလများသည် ပူပြင်းသော နွေရာသီကာလဖြစ်သည်။ ပြည်သူများ အပူဒဏ်ကို စတင်တွေ့ထိခံစားကြရပြီး အပူဒဏ်နှင့်ပတ်သက်သည့် လူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သော ပြုမူသွားလာနေထိုင်မှုများကို သတိပြုဆင်ခြင် ရှောင်ရှားကြရန် လိုအပ်ပေသည်။

လူတို့အနေဖြင့် ပရိယေသန ဝမ်းစာကို ရှာမှီးကြရာ၌ နေပူပူ၊ မိုးရွာရွာ အမှုမထားဘဲ သွားလာလုပ်ကိုင် တတ်ကြသည်။ လက်လုပ်မှ ပါးစပ်လှုပ်နိုင်သော အခြေခံလူတန်းစားပြည်သူများအဖို့ အပူဒဏ်ကို အန်တု၍ ရုန်းကန်လှုပ်ရှား ဝမ်းစာရှာကြရသည်။ သို့သော် ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်၍ ဤကဲ့သို့ နွေရာသီကာလတွင် သတိပြုဆင်ခြင် လုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါသည်။

နွေရာသီကာလတွင် အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သော ပြဿနာများနှင့် အပူရှိန်နှင့်အတူ တွဲပါလာသော ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကိုလည်း သတိပြုရမည်ဖြစ်သည်။ ကမ္ဘာကြီးအား နေ၏အပူရှိန်နှင့် တိုက်ရိုက်မထိတွေ့စေရန်အတွက် လွှမ်းပတ်ခြုံထားသော အိုဇုန်းလွှာမှာ ပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းစေသည့် ဘေးထွက်ဆိုးကျိုးများကြောင့် တစ်စတစ်စပေါက်ပြဲလာရာ အိုဇုန်းလွှာအပေါက်ကြီးလာပြီး ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ တိုး၍ကျဆင်းလာသည်။

ခရမ်းလွန်ရောင်ခြည် လူတို့ကိုထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ကိုဖြစ်စေပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုကျိုးများကို ဖြစ်စေနိုင်သည်။ ခရမ်းလွန်ရောင်ခြည်နှင့်အတူ အပူဒဏ်ကိုလည်း သတိပြုရမည်ဖြစ်သည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမေ့ခြင်း၊ သတိလစ်ခြင်းတို့ကို ဖြစ်စေသည်။ အပူဒဏ်ကို ပိုမိုပြင်းထန်စွာခံစားရပြီး သွေးတိုး၊ နှလုံးရောဂါရှိသူများဖြစ်ပါက ရုတ်တရက် အသက်သေဆုံးခြင်းဖြစ်နိုင်သည်။ အပူဒဏ်ဖြစ်စေ၊ ခရမ်းလွန်ရောင်ခြည်ဖြစ်စေ အန္တရာယ်ကျရောက်မှု မဖြစ်စေရန်အတွက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့နိုင်မှုကို တတ်နိုင်သမျှ ရှောင်ရှားပါ။ မဖြစ်မနေ အပြင်ထွက်မည်ဆိုပါက နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန်အတွက် အကာအကွယ်များ ဆောင်သွားပါ။ အကာအကွယ်လွတ်နေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ သို့မဟုတ် နေရောင်ခံလိမ်းဆေးတို့ကို နေရောင်ထဲမထွက်မီ ၁၅ မိနစ်ခန့်ကြိုလိမ်းပေးပါ။ နှစ်နာရီခန့်ကြာလျှင် တစ်ခါ ထပ်လိမ်းပါ။ ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန် တပ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သည့် ချည်သားထူထူပွပွ အဝတ်အထည်များ ဝတ်ဆင်ပါ။ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါရှိသူများနှင့် အရက်အလွန်အကျွံသောက်သုံးသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများသည် အပူဒဏ်၊ ခရမ်းလွန်ရောင်ခြည်ဒဏ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုစိုက်ပေးရန် လိုအပ်ပါသည်။

မျက်မှောက်ကာလတွင် အရက်သေစာသောက်စားကြသူများ ပိုမိုများပြားလာသည်ကို တွေ့ရသည်။ အားလျှင်လည်း အရက်သောက်၊ အပန်းဖြေလျှင်လည်း အရက်သောက်၊ ပျော်လျှင်လည်း အရက်သောက်၊ စိတ်ညစ်လျှင်လည်း အရက်သောက်တတ်သည့်ဓလေ့ အချိန်အခါမရွေး ပြုလုပ်သည်ကို တွေ့ရသည်။ အရက်သောက်သုံးသူများ နွေရာသီတွင် ကျန်းမာရေးအတွက် ပိုမိုသတိပြုဆင်ခြင်ရမည်ဖြစ်သည်။ နွေရာသီတွင် အရက်သောက်သူများအနေဖြင့် ရေမကြာခဏသောက်ပါ၊ အစားအစာစားပြီးမှ သောက်ပါ၊ ကိုယ်ခံအားကို သတိပြုပါ၊ မိမိကိုထိန်းသိမ်းနိုင်သော အဖော်ရှိပါ စသည်တို့ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ နွေရာသီကာလသည် အခြားရာသီကာလများနှင့်မတူဘဲ လူတို့၏ကျန်းမာရေးကို ထိခိုက်လွယ်သောကြောင့် အထူးသတိပြုဆင်ခြင်နေထိုင်ပြုမူသွားကြရမည်ဖြစ်သည်။ ပူပြင်းသော နေရောင်ခြည်၊ ခန္ဓာကိုယ်ကို ထိခိုက်လွယ်သော ခရမ်းလွန်ရောင်ခြည်တို့ကို မခံရစေရေးအတွက် အမိုးအကာအကွယ်များကို အသုံးပြုကြရန် တိုက်တွန်းအပ်ပါသည်။ ။

# မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ပဉ္စမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အသင်းအသားစုံညီ အစည်းအဝေးကို မတ် ၁၇ ရက်တွင် Melia Hotel ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ဝင်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးခင်မောင်ချို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဖိတ်ကြားထားသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) သည် လူငယ်လုပ်ငန်းရှင်များကို မြေတောင်မြှောက်ပေးပြီး Entrepreneurship Eco System တစ်ခု အကောင်အထည်ဖော်ရန်၊ အစိုးရနှင့် လူငယ် လုပ်ငန်းရှင်များအကြား တိုက်ရိုက်တွေ့ဆုံနိုင်စေရန်၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတွင်း စွန့်ဦးတီထွင် ယဉ်ကျေးမှုတစ်ရပ် ပေါ်ပေါက်လာစေရန်၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်များအသင်းမှ နိုင်ငံတော်ကို အထောက်အကူပြုမည့် တာဝန်သိလူငယ်လုပ်ငန်းရှင်များ အောင်မြင်စွာ ဖြစ်ပေါ်လာရန်တို့အတွက် ရည်ရွယ်၍ ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ သင်းလုံးကျွတ်အထွေထွေ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၄ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး ယခင်နှစ်အစည်းအဝေးများတွင် လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်များအား အသင်းသားများအား အသိပေးခြင်း၊ ငွေစာရင်းရှင်းတမ်းများကို သုံးသပ်ခြင်းနှင့် အသင်းကြီး၏ အနာဂတ်တွင် ပြုလုပ်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပုံဖော်ခြင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ထပ်မံရွေးချယ်ခံရသည့် အလုပ်အမှုဆောင်အသစ် ၁၀ ဦး အမည်စာရင်းကို ဖတ်ကြားအတည်ပြုခြင်း၊ ဆက်လက်လုပ်ဆောင်မည့် သင်းဖွဲ့စည်းမျဉ်းနှင့် အနာဂတ်လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခြင်း၊ အသင်းအတွက် အလှူရှင်စာရင်းကို ကြေညာခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၂၀**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၇၀၀၀ | - | ၉၃၇၀၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၇၀၀၀ | - | ၉၃၇၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၉၅/၈၀၅ ကျပ်၊ | ၈၂၀/၈၃၅ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၁၅/၈၂၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၆၅/၇၇၅ ကျပ်၊ | ၈၃၀/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၁၀/၈၂၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၄၀/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၈၇/၇၉၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၇၀၀/၇၁၀ ကျပ်

***၁၃-၃-၂၀၁၈ ရက်နေ့မှ ၁၉-၃-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၁၁ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၄၂ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၄၈ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၆၁ ကျပ် ဖြစ်ပါသည်။***

*(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သို့လှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၈. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၅၁. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၃၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၈၉၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၂. ၀၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၅၁၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၆၁. ၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၈၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၁. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၆. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## မတော်တဆထိခိုက်မှုနှင့် သေဆုံးမှုဖြစ်စဉ်များ လျော့နည်းရေး ကျေးရွာအရောက် ကွင်းဆင်းဟောပြော

**ညောင်ဦး မတ် ၂၀**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၈) တပ်ခွဲစု(၃)ပုဂံမှ တပ်ဖွဲ့စုမှူး ရဲအုပ်အောင်ကျော်မိုး ဦးဆောင်သော တပ်ဖွဲ့ဝင်များက မတ် ၁၉ ရက် မွန်းလွဲပိုင်းက ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ငါ့လင်းပုတ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံကျေးလက်နေပြည်သူများအား မီးရထားဖြင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုဖြစ်စဉ်များ လျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ အသိပညာပေး ကွင်းဆင်းဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေး ကွင်းဆင်းဟောပြောပွဲသို့ ငါ့လင်းပုတ်ကျေးရွာမှ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ရထားရဲတပ်ဖွဲ့အမှတ်(၁၈) တပ်ခွဲတပ်စု (၃) ပုဂံမှ တပ်ဖွဲ့စုမှူး ရဲအုပ်အောင်ကျော်မိုးက မီးရထားဖြင့် လူ၊ တိရစ္ဆာန်များ မတော်တဆထိခိုက်မိ၍ သေဆုံးမှုဖြစ်စဉ်များ၊ မီးရထားအားခဲဖြင့်ပစ်ပေါက်ပါက ပြည်သူများ အရေးယူခံရမည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ ရထားပို့ဆောင်ရေး ဥပဒေပုဒ်မများအကြောင်းကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများက သိရှိလိုသည့် အချက်များကို မေးမြန်းကြရာ တပ်ဖွဲ့စုမှူး ရဲအုပ်အောင်ကျော်မိုးက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

### ❒ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၀၅ မိနစ်တွင် စင်ကာပူလေကြောင်းလိုင်းဖြင့် ဩစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီမြို့မှ စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး စန်းညွန့်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ည ၇ နာရီခွဲတွင် စင်ကာပူနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

### ☆ အာဖရိကဒေသမှ

အလားတူ ဒုတိယဝန်ကြီးသည် မတ် ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် Rhapsody သဘော်ပေါ်ရှိ ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုများ ကာကွယ်တားဆီးနိုင်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲများသို့ မော်ရိုကိုနိုင်ငံ၏ မိတ်ဖက်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြို့တော်ဝန်များ၊ ကျွမ်းကျင်ပညာရှင်များ၊ လွှတ်တော်အမတ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပြင်ဆင်သိမှတ်ပေးပါရန်

မတ် ၂၀ ရက်ထုတ် ကြေးမုံသတင်းစာရှေ့ဖုံး၌ ဖော်ပြထားသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သတင်း၏ ပုံစာအား **"နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြေးလျနေသဟာယနိုင်ငံ အတိုက်အခံလေဘာပါတီ ခေါင်းဆောင် Mr. Bill Shorten တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်"**ဟု ပြင်ဆင်သိမှတ်ပေးပါရန်။

**စာတည်း**

# မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၀**

(၄၄)နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် မော်လမြိုင်မြို့ရှိ ကျိုက်မရောလမ်းမကြီး မင်းရွာကျေးရွာအုပ်စု ရွာသစ်ရွာ၌ ကျင်းပသည်။



ရှေးဦးစွာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာချုပ် ဦးမျိုးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ရုံးအဆောက်အအုံသစ် ဆိုင်းဘုတ်ကို အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်တို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာသူများက ရုံးအဆောက်အအုံသစ် အတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မွန်ပြည်နယ် ဝန်ကြီးချုပ်တို့က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန အင်ဂျင်နီယာချုပ်က ရုံးဆောက်လုပ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။


အဆိုပါ အဆောက်အအုံသစ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)၊ အဆောက်အဦ အထူးအဖွဲ့(၁၃)က တာဝန်ယူပြီး စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ် ၃၃၂ ဒသမ ၁ သန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပွဲတော်ကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှု

**တောင်ကြီး မတ် ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကို တက်ရောက်ဆွေးနွေးမှာကြားသည်။




အစည်းအဝေးတွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ပွဲတော်စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီများ အလိုက် အတွင်းရေးမှူးများက ပွဲတော်ကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က သတင်းနှင့်ပြန်ကြားရေးမှတ်တမ်းဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်တွင် တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း စာပေနှင့် ယဉ်ကျေးမှုများ အပြန်အလှန် သိရှိနားလည်လာပြီး ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းစေရန် မျှော်လင့်ပါကြောင်း၊ တစ်ဆက်တည်း နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပြုနိုင်ရန် ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဝေရာကုန်းသာယာ မီးပုံးပျံကွင်းတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုပွဲတော်ဖွင့်ပွဲ အခမ်းအနား ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် ပစ္စည်းများ ခင်းကျင်းပြသမည့် ပြခန်းများ၊ ဈေးဆိုင်ခန်းများ၊ ဖျော်ဖြေရေးစင်မြင့်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည်။

တိုင်းရင်းသား လူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ တောင်ကြီးမြို့တွင် ကျင်းပမည်ဖြစ်ပြီး စာတမ်းဖတ်ပွဲကို တောင်ကြီးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများပြခန်း၊ ဖျော်ဖြေရေးများ၊ ဈေးရောင်းပွဲများကို တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်းတွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

### ○ မေယုတောင်မှ

ကျောက်ချောလမ်းအဆင့်ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပြီး လာမည့်နှစ်များတွင် ရာသီမရွေးသွားလာနိုင်သည့် ကွန်ကရစ်လမ်းအဆင့် ရောက်ရှိအောင် ဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရသည်။

"မူလလျာထားတဲ့အထဲမှာမပါတဲ့ ပေ ၅၀ နဲ့အထက် တံတားတွေ၊ ၁၀ ပေနဲ့အထက် တံတားတွေ ၁၄ စင်းလောက် တည်ဆောက်ရဦးမှာဖြစ်ပါတယ်၊ ဒီလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ ကွန်ကရစ်လမ်းအဆင့်အထိ သတ်မှတ်ဆောင်ရွက်မှာဖြစ်ပါတယ်၊ ဒီနှစ် ဘတ်ဂျက်မှာတော့ ပေ ၅၀ အထက်တံတားတွေ ပါဝင်တည်ဆောက်နိုင်တဲ့ အခြေအနေ မရှိသေးပါဘူး၊ ကွန်ကရစ်လမ်းအဆင့် ဆောင်ရွက်ဖို့အတွက် ရန်ပုံငွေကလည်း ဒီနှစ်ထဲမှာ သတ်မှတ်နိုင်ခြင်း မရှိပါဘူး"ဟု ဦးအေးထွန်းမော်က ပြောသည်။

အဆိုပါလမ်းသည် ၁၀ မိုင် ခုနစ်ဖာလုံ ရှည်လျားပြီး ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာနှင့် မောင်တောမြို့နယ် ကျောက်ပန္နဲကျေးရွာတို့ကို ဆက်သွယ်ထားသောလမ်းဖြစ်သည်။ ထို့ပြင် မေယုတောင် အရှေ့ဘက်ခြမ်းကျေးရွာများနှင့် အနောက်ဘက်ခြမ်းကျေးရွာများအား အဓိကဆက်စပ်ပေးနိုင်မည့် လမ်းမကြီးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

"ကျောက်ပန္နဲ-အင်းဒင်-စေတီပြင်လမ်းက စုစုပေါင်း ၁၀ မိုင်နဲ့ ခုနစ်ဖာလုံဖြစ်ပါတယ်၊ ကျေးလက်ဦးစီးဌာနက ဖောက်လုပ်ထားတဲ့လမ်းက တစ်မိုင်နဲ့ ခုနစ်ဖာလုံရှိပြီးသားဖြစ်တဲ့အတွက် အသစ်ဖောက်လုပ်တဲ့လမ်းပိုင်းက ကိုးမိုင်ရှိပါတယ်၊ ဒေသဖွံ့ဖြိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူဖြစ်အောင် ဖောက်လုပ်တဲ့လမ်းဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းက မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် ခရိုင်ထဲမှာ မေယုတောင်တန်းကြီးဟာ ဘင်္ဂလားပင်လယ်အော်နဲ့အပြိုင် တောင်စဉ်တန်းကြီးသဖွယ် ဖြစ်နေပါတယ်၊ မေယုတောင်ရဲ့ အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာတွေ တစ်ဖက်နဲ့တစ်ဖက် သွားလာဖို့ခက်ခဲနေပါတယ်၊ မေယုတောင်ကြီးဟာ ကန့်လန့်ကြီး ခံနေသလိုမျိုးဖြစ်နေပါတယ်၊ ဆက်သွယ်သွားလာရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ အုပ်ချုပ်ရေးအတွက် အဟန့်အတားတွေ အများကြီးဖြစ်နေတဲ့အတွက် ဒီလမ်းကို ဖောက်လုပ်ဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ဦးအေးထွန်းမော်က ပြောသည်။

ယခင်က မေယုတောင်ကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ဘူးသီးတောင်-မောင်တောလမ်း တစ်လမ်းသာရှိခဲ့သည်။ ယခုအစိုးရလက်ထက်တွင် မေယုတောင် ဖြတ်ကျော်လမ်း လေးလမ်းဖောက်လုပ်ရန်လျာထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်ပန္နဲ-အင်းဒင်-စေတီပြင်လမ်းနှင့် ကြိမ်ချောင်း-ဂုပ္ပိလမ်း နှစ်လမ်းကို စတင်ဖောက်လုပ်ခဲ့သည်။ ကျန်ရှိသည့် ဥဒေါင်း-ညောင်ချောင်းလမ်းနှင့် သက်ကိုင်ညာ-ပဒဂါးလမ်း နှစ်လမ်းကိုလည်း ဆက်လက်အကောင်အထည်ဖော်ရန် လျာထားကြောင်း သိရသည်။

"လျာထားတာကတော့ လေးလမ်းရှိပါတယ်၊ ဆက်ပြီးအကောင်အထည်ဖော်သွားမယ့် အစီအစဉ်တွေပါ၊ နောက် နှစ်လမ်း ဆက်ဖောက်ဖို့အတွက်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ထည့်သွင်းလျာထားပြီး ရန်ပုံငွေ အဆိုပြုထားပါတယ်"ဟု ဦးအေးထွန်းမော်က ပြောသည်။

**သတင်း-ကျော်သူထက်၊ ဓာတ်ပုံ-ဟန်လင်းနိုင်**

# ကိုရီးယား နှစ်နိုင်ငံနှင့် အမေရိကန်တို့၏ သုံးပွင့်ဆိုင် ဆွေးနွေးပွဲ ဟယ်လ်ဆင်ကီ၌ ကျင်းပ

**ဟယ်လ်ဆင်ကီ မတ် ၂၀**
မြောက်ကိုရီယား၊ တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ကိုယ်စားလှယ်များ၏ အလွတ်သဘော ဆွေးနွေးပွဲကို မတ် ၁၉ ရက်က ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ ကျင်းပခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ သုံးနိုင်ငံမှ ကိုယ်စားလှယ်များ၏ ညစာစားပွဲကို ဟယ်လ်ဆင်ကီမြို့လယ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် မတ် ၁၉ ရက်က ပြုလုပ်ခဲ့သည်။ နောက်ထပ်ဆွေးနွေးမှုများကို နှစ်ရက်ကြာ ဆက်လက်ပြုလုပ်သွားရန် ရှိကြောင်း ဖင်လန်အမျိုးသားအသံလွှင့်ဌာန ဝိုင်လီ၏ ဖော်ပြချက်အရ သိရသည်။

မြောက်ကိုရီးယား ကိုယ်စားလှယ်များ စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်သွားပုံကို ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။ အမေရိကန်နှင့် ပြုလုပ်မည့် ဆက်ဆံရေးများအတွက် တာဝန်ရှိသူတစ်ဦးအဖြစ် ဆောင်ရွက်နေသူ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ချိုကန်အီလ်မှာ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်ကြောင်းသတင်းတွင် ဖော်ပြသည်။

အမေရိကန်နှင့် တောင်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် သံတမန်ဟောင်းများနှင့်လုံခြုံရေးကျွမ်းကျင်သူများပါဝင်ကြောင်း ဒေသဆိုင်ရာ အသံလွှင့်ဌာနက ဖော်ပြသည်။

**ပါဝင်**

သုံးပွင့်ဆိုင် နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လျှင် အဖွဲ့ဝင် ခြောက်ဦးစီပါဝင်ပြီး ပါဝင်ဆွေးနွေးသူ ၁၈ ဦးရှိကြောင်း ဝိုင်လီက ထုတ်လွှင့်သည်။

မတ်လ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပြုလုပ်မည့် ဆွေးနွေးပွဲတွင် ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေးနှင့်ဒေသဆိုင်ရာ တင်းမာမှု လျှော့ချရေးကိစ္စတို့ ပါဝင်ကြောင်း ရုပ်မြင် သံကြားသတင်းတွင် ဖော်ပြသည်။ အဆိုပါ ဆွေးနွေးပွဲ ပြုလုပ်မည့်နေရာကို ထုတ်ဖော် ပြောကြားထားခြင်း မရှိကြောင်း သိရသည်။ **ဆင်ဟွာ**


**မြောက်ကိုရီးယားသံတမန် ချိုကန်အီလ်အား ဖင်လန်သို့ မထွက်ခွာမီ ပေကျင်းနိုင်ငံတကာလေဆိပ်၌ တွေ့ရစဉ်။**

## အုမ်ရှင်ရီကျိုဂိုဏ်း၏ အဖွဲ့ဝင်များကို ကွပ်မျက်ရန် ပြင်ဆင်နေဖွယ်ရှိ

**တိုကျို မတ် ၂၀**
ဂျပန်နိုင်ငံ၌ ဘာသာရေးအယူသီး အစွန်းရောက်ဂိုဏ်းတစ်ဂိုဏ်းမှ အဖွဲ့ဝင် ၁၃ ဦးအထိကို သေဒဏ် စီရင်ချက် အမိန့်အရ ကွပ်မျက်ပစ်ရန် တာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်ဖွယ်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မတ် ၂၀ ရက်သည် မြို့တော်တိုကျိုရှိ မြေအောက်ရထား ဘူတာရုံတစ်ရုံ၌ အုမ်ရှင်ရီကျို အမည်ရှိ ဂိုဏ်းက ဆာရင်အာရုံကြောထိခိုက်စေနိုင်သော ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့မှု ၂၃ နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ဖြစ်သည်။ ယင်းအကြမ်းဖက် တိုက်ခိုက်မှုတွင်လူပေါင်း ၁၃ ဦးသေဆုံးခဲ့ရပြီး လူထောင်ပေါင်းများစွာ နာမကျန်းမှု ဝေဒနာခံစားခဲ့ကြ ရသည်။

အုမ်ရှင်ရီကျိုဂိုဏ်းမှ အကြမ်းဖက်မှု ကျူးလွန်ခဲ့သူများအနက် အချို့ကို မြို့တော်တိုကျိုဆင်ခြေဖုံးရှိ ထိန်းသိမ်းရေးစခန်းသို့ လွှန်ခဲ့သည့်ရက်သတ္တပတ်က လွှဲပြောင်းပေးခဲ့ရာ ယင်းမှာ မကြာမြင့်မီတွင် သေဒဏ်စီရင်ချက်ချမှတ်ခံထားရသူများကို ကြိုးပေးကွပ်မျက်တော့မည့်အသွင်အဖြစ် ဒေသဆိုင်ရာ မီဒီယာများက ထင်ကြေးပေး ဖော်ပြခဲ့ကြသည်။ **ကျိုဒို**

# ဆီးရီးယား အစိုးရတပ်ဖွဲ့နှင့် တိုက်ခိုက်ခဲ့ပြီးနောက် ဒမတ်စကတ်တောင်ပိုင်း ဆင်ခြေဖုံးအရပ်ကို အိုင်အက်စ်သိမ်းယူ

**ဒမတ်စကတ် မတ် ၂၀**
ဆီးရီးယားနိုင်ငံ ဒမတ်စကတ်တောင်ပိုင်း ဆင်ခြေဖုံး နယ်မြေဒေသတစ်ခုကို အစ္စလာမ့်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်) စစ်သွေးကြွများက မတ် ၂၀ ရက်တွင် သိမ်းပိုက်လိုက်ကြောင်း၊ စစ်သွေးကြွများသည် ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့် တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပြည့်အဝ သိမ်းယူလိုက်ခြင်းဖြစ်ကြောင်း ဆီးရီးယားအရေးစောင့်ကြည့်လေ့လာသည့်အဖွဲ့က သတင်းထုတ်ပြန်သည်။

အိုင်အက်စ်စစ်သွေးကြွများက အယ်လ်ကွာဒမ် ဒေသကို ထိန်းချုပ်မှုရယူခဲ့ကြောင်း၊ ယင်းဒေသမှာ မကြာသေးမီကမှ ဆီးရီးယားသူပုန်များ၏ အုပ်ချုပ်မှုအောက်မှ ဆီးရီးယားအစိုးရတပ်ဖွဲ့များက လွတ်မြောက်စေခဲ့သော နယ်မြေဒေသဖြစ်ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ယင်းဒေသတွင် ဆီးရီးယား အစိုးရတပ်ဖွဲ့နှင့် အိုင်အက်စ်တို့ တိုက်ပွဲများဖြစ်ပွားခဲ့ရာ ဆီးရီးယားအစိုးရတပ်ဖွဲ့မှ စစ်သား ၃၆ ဦး ထက်မနည်း သေဆုံးကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ယခုလ အစောပိုင်းက အယ်လ်ကွာဒမ် ဒေသကို ထိန်းချုပ်ထားခဲ့သည့် ဆီးရီးယားသူပုန်များသည် ဆီးရီးယားအစိုးရတပ်ဖွဲ့များထံ လက်နက်ချရန် ငြင်းဆန်ခဲ့ပြီး အဆိုပါဒေသမှ ဆီးရီးယားနိုင်ငံ မြောက်ပိုင်းသို့ ဆုတ်ခွာသွားခဲ့ကြသည်။

အယ်လ်ကွာဒမ်မြို့ရှိ ဆီးရီးယားသူပုန်များက ၎င်းတို့၏ စခန်းများကို စွန့်လွှတ်ဆုတ်ခွာစဉ် ယင်းဒေသအနီးဝန်းကျင်ရှိ ဟာဂျာအယ်လ်အဆွက်နှင့် ဟားမောက်စခန်းများ၏ အိုင်အက်စ် စစ်သွေးကြွများက အစိုးရတပ်ဖွဲ့များအား ထိုးစစ်ဆင်ကာ ဒေသတွင်းရှိ အစိုးရတပ်ဖွဲ့များအား နှင်ထုတ်ခဲ့သည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များနှင့် ၎င်းတို့၏ မဟာမိတ်တိုက်ခိုက်ရေးသမားများက နိုင်ငံအရှေ့ပိုင်း ဒီယာအယ်လ်ဇောပြည်နယ် အစွန်ပိုင်းရှိ တီ-၂ ရေနံပို့လွှတ်ရေးစခန်းကို ပြန်လည်သိမ်းယူရေးအတွက် တန်ပြန်ထိုးစစ်ဆင်နေခဲ့သည်။ အဆိုပါ စခန်းအား အိုင်အက်စ် စစ်သွေးကြွများက သိမ်းယူအပြီး နှစ်ရက်အကြာတွင် ထိုးစစ်ဆင်တိုက်ခိုက်ခြင်းဖြစ်သည်။

အိုင်အက်စ် စစ်သွေးကြွများသည် ယမန်နှစ်မှစ၍ ဒီယာအယ်လ်ဇောပြည်နယ်နှင့် ဒမတ်စကတ်မြို့ အစွန်အဖျားဒေသများကို အကြိမ်ကြိမ် စိမ့်ဝင်ထိုးဖောက်ခြင်းနှင့် အလျင်အမြန် တိုက်ခိုက်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ **ဆင်ဟွာ**


**ဒမတ်စကတ်ဆင်ခြေဖုံးဒေသ၌ ဖြန့်ကြက်ထားသော ဆီးရီးယားအစိုးရ လိုလားသည့် တပ်ဖွဲ့များကို တွေ့ရစဉ်။**

# ကမ္ဘာ့အသက်အကြီးဆုံး မြောက်ပိုင်းကြံ့ဖြူထီးကြီး သေဆုံး



နိုင်ရိုဘီ မတ် ၂၀
ကမ္ဘာပေါ်တွင် တစ်ကောင်တည်းသာကျန်ရှိသည့် အသက်အကြီးဆုံး မြောက်ပိုင်းကြံ့ဖြူအထီးကြီးသည် မတ် ၁၉ ရက်က ကင်ညာနိုင်ငံမြောက်ပိုင်း လိုကီပီယာစီရင်စု အိုပါဂျေတာ သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးစခန်းတွင် သေဆုံးသွားကြောင်း၊ အဆိုပါ ကြံ့ဖြူအထီးကြီးသည် သေဆုံးချိန်တွင် အသက် ၄၅ နှစ်ရှိပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက မတ် ၂၀ ရက်တွင် အတည်ပြုပြောကြားသည်။

ဆူဒန်ဟု ချစ်စနိုးခေါ်တွင်ကြသည့် ကြံ့ဖြူကြီးသည် အသက်အရွယ်ကြီးရင့်မှုနှင့် စပ်လျဉ်းသောရောဂါကို ခံစားခဲ့ရကြောင်း၊ အရေပြားဒဏ်ရာများရရှိခဲ့ခြင်းနှင့်အတူ ကြွက်သားများနှင့် အရိုးများ ဖွဲ့စည်းပုံ ပြောင်းလဲလာကာ ဆေးမတိုးတော့သော ရောဂါရရှိခဲ့ကြောင်း အိုပါဂျေတာ သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးစခန်းမှ ဆက်သွယ်ရေး မန်နေဂျာ အယ်လိုဒီဆမ်ဖဲရာက ပြောကြားသည်။

ကြံ့ဖြူကြီး မသေဆုံးမီ နောက်ဆုံး ၂၄ နာရီတွင် ယင်း၏ အခြေအနေမှာ အလွန်ဆိုးရွားလာခဲ့ကြောင်း၊ အပြင်းအထန် ရောဂါဝေဒနာ ခံစားနေရ၍ ကြံ့ဖြူကြီးမှာ မတ်တတ်ရပ်နိုင်စွမ်းပင် မရှိတော့ကြောင်း၊ ဒူဗာ့ကရာလော့ဗ်တိရစ္ဆာန်ဥယျာဉ်၊ အိုပါဂျေတာနှင့် ကင်ညာတောရိုင်းတိရစ္ဆာန်ဆိုင်ရာ လုပ်ငန်းတို့မှ ပူးပေါင်းပါဝင်သည့် တိရစ္ဆာန်ဆေးကုသရေးအဖွဲ့က ၎င်းကြံ့ဖြူကြီးကို ဇီဝိန်ခြွေပေးရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ရကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးစခန်းမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ဆူဒန်အမည်ရှိ ကြံ့ဖြူကြီးသေဆုံးသွားပြီဖြစ်ရာ မြောက်ပိုင်းကြံ့ဖြူအမ နှစ်ကောင်သာ ကျန်ရှိတော့ပြီး ၎င်းတို့မှာ သေဆုံးသွားသည့် ကြံ့ဖြူကြီး၏သမီး နာဂျင်းနှင့် နာဂျင်း၏ သမီးဖြစ်သူ ဖာတု အမည်ရှိ ကြံ့ဖြူမတို့ ဖြစ်ကြသည်။ ယင်းသတ္တဝါများမှာ အိုပါဂျေတာ သဘာဝတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးစခန်းတွင် ရှိနေသည်။ ဆင်ဟွာ

# ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးယူရန် ဆွေးနွေး

**နေပြည်တော် မတ် ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ မြတ်ဉာဏစိုးက ဖတ်ကြားတင်ပြရာတွင် ပြင်ဆင်ရန်လိုအပ်သည့် အပိုဒ်၊ အပိုဒ်ခွဲများမှ အပဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်၏ ပြင်ဆင်ရန် အဆိုပြုချက်များအပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးက အသေးစိတ်ဆွေးနွေးခဲ့ပြီးဖြစ်သဖြင့် မူလအဆိုပြုချက်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီမှ တင်ပြခဲ့သည့် သဘောထားမှတ်ချက်များအတိုင်းသာ လွှတ်တော်မှ ဆက်လက်အတည်ပြုဆောင်ရွက်သင့်ကြောင်းကို ညှိနှိုင်းသဘောတူညီခဲ့ကြပါကြောင်း။

ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးသဘောတူညီခဲ့ပြီး ဖြစ်သဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ မူလတင်ပြခဲ့သည့် ပြင်ဆင်ချက်များနှင့် ယခု ထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၉ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြပါကြောင်း ဖတ်ကြားတင်ပြသည်။

ထို့နောက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ဥပဒေကြမ်းပူးပေါင်းကော်မတီက အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့အတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၈၇ ဒသမ ၀၉၁ ဘီလီယံ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးက ဆွေးနွေးကြသည်။



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ
ဦးခင်ချို



ဖောင်းပြင်မဲဆန္ဒနယ်မှ
ဦးထွန်းဝေ



ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ
ဦးတင်ထွန်းနိုင်

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ချေးငွေ၏ အဓိကရည်မှန်းချက်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးအောင်မြင်လာရေး၊ သယ်ယူပို့ဆောင်မှု လွယ်ကူအဆင်ပြေချောမွေ့ရေးနှင့် ကျေးလက်နေပြည်သူဘဝ တိုးတက်လာစေပြီး ဆင်းရဲမှုလျှော့ချရေးအတွက် ဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ သဖန်းဆိပ်ဆည်၏ လက်ရှိရေပေးဝေနိုင်မှုအနေအထား၊ အဆင့်မြှင့်တင်မှုဆောင်ရွက်မည့် အစီအစဉ်၊ တိုးချဲ့ရေပေးဝေနိုင်ရေး စီမံဆောင်ရွက်မည့် အစီအမံ၊ လက်ရှိ ရေခွန်ကောက်ခံရရှိမှုအနေအထား၊ ချေးငွေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပြီး တိုးမြှင့်ကောက်ခံရရှိနိုင်မည့် အခွန်အနေအထား၊ လက်ရှိသဖန်းဆိပ်ဆည်ရေအပေါ် စိုက်ပျိုးထုတ်လုပ်နိုင်မှု GDP နှင့် တစ်ဦးချင်းဝင်ငွေ အနေအထားများ၊ ဆောင်ရွက်မည့် ဆည်လုပ်ငန်းနှင့် လယ်ယာမြေလုပ်ငန်းကိုလည်း ဆောင်ရွက်မည့်ပုံစံလုပ်ငန်းစဉ်များ ရှင်းပြသင့်သည်ကို အကြံပြုလိုပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို ဌာနမှ ဆောင်ရွက်မည်မဟုတ်ဘဲ ကန်ထရိုက်တာစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ နိုင်ငံတော်က ထုတ်ပြန်ထားသည့် ကန်ထရိုက်တာလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ရန်နှင့် အမည်ပျက်စာရင်းဝင် ကုမ္ပဏီများက မသမာသည့်နည်းနှင့် ဝင်ရောက်ရယူလိုသည်များ မပြုလုပ်နိုင်ရန် ကြိုတင်ကာကွယ်ရန်လိုအပ်ပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလာသည့်အချိန် အဆင်ပြေချောမွေ့စေရန် လေ့လာဆန်းစစ်သင့်ပါကြောင်း၊ ယခု ချေးငွေဖြင့် ရထားလမ်း အဆင့်မြှင့်တင်ခြင်းဖြင့် တိုးလာနိုင်မည့် ရထားဝင်ငွေ၊ တွဲဆိုင်းများထပ်တိုးဆောင်ရွက်နိုင်မှု၊ ခရီးသည်များကို ပိုမိုဆွဲဆောင်နိုင်မှုစသည်တို့ကို ကြိုတင်မှန်းဆ တွက်ချက်မှုများလည်း ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က စိုက်ပျိုးရေးဝင်ငွေ တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဂျပန်ယန်း ၃၀ ဒသမ ၄၆၉ ဘီလီယံရှိသည့်ချေးငွေကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဖန်းဆိပ်ဆည်ရေသောက်စနစ်ဧရိယာဧက ငါးသိန်းခန့်အပေါ် အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်နေကြသော အိမ်ထောင်စု ခုနစ်သောင်းခန့်ကို အကျိုးပြုရန် ရည်ရွယ်ထားသည့် စီမံကိန်းဖြစ်သည်ဟု သိရပါကြောင်း။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၂)၊ အပိုင်း(၁)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် JICA မှ ဂျပန်ယန်း ၅၆ ဒသမ ၆၂၂ ဘီလီယံ ချေးယူမည်ကို သိရပါကြောင်း၊ ချေးငွေအနေဖြင့် ဆိုင်းငံ့ကာလ ၁၀ နှစ် ပြန်ဆပ်ကာလ နှစ် ၃၀ နှင့် ချေးငွေသက်တမ်း နှစ် ၄၀ ဖြစ်သည့်အပြင် အတိုးနှုန်းသည် တစ်နှစ် သုည ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်သောကြောင့် အတိုးနှုန်းသက်သာသည့် ချေးငွေဖြစ်သည့်အတွက် ချေးယူသင့်ပါကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်မှ ထောက်ခံပေးပါရန် ထောက်ခံပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နှစ်စဉ်အရှုံးပေါ်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် ရငွေနှင့် သုံးငွေများအပေါ် အလေအလွင့် နည်းနိုင်သမျှနည်းအောင် စိစစ်ကြပ်မတ်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က စီမံကိန်းဆိုင်ရာ ဘတ်ဂျက်တွက်ချက်လျာထားမှုကို ကျစ်ကျစ်လျစ်လျစ် နီးနီးစပ်စပ်ဖြစ်စေလိုသည့်အတွက် အပိုဆောင်းအရန်ငွေကျပ် ၈၅ ဘီလီယံ တွက်ချက်လျာထားရခြင်းကို ဂယနဇ ရှင်းလင်းပေးစေလိုပါကြောင်း၊ ယင်းစီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ရှင်းလင်းပြောကြားချက်အရ စီမံကိန်းတစ်ခုလုံး၏ ငွေကြေးပြန်ပေါ်နှုန်း ၁၈ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု သိရပါကြောင်း၊ ယင်းနှုန်းအတိုင်းဆိုလျှင် စီမံကိန်းရင်းနှီးမြှုပ်နှံမှုသည် ငါးနှစ်ဖြင့် အရင်းကျေမည့် သဘောဖြစ်နေပါကြောင်း၊ အလွန်ကောင်းသည့် ရင်းနှီးမြှုပ်နှံမှု ပြန်ရမှုဟု သတ်မှတ်ရမည်ဖြစ်သော်လည်း ယင်းတွက်ချက်မှုသည် လက်တွေ့နှင့် နီးစပ်မှုရှိ၊ မရှိကို တွေးစရာဖြစ်နေပါကြောင်း။

ယင်းစီမံကိန်းဆောင်ရွက်လိုက်ခြင်းအားဖြင့် စိုက်ဧက မည်မျှတိုးလာသည်၊ အောင်ဧက မည်မျှရှိသည်နှင့် အထွက်နှုန်း မည်မျှတိုးလာပြီး လယ်ယာထွက်ကုန် တန်ဖိုး မည်မျှပိုရလာသည်ကို သိရှိလိုပါကြောင်း၊ ကုန်ထုတ်လမ်းနှင့် လမ်းတံတားများ အဆင့်မြှင့်တင်လိုက်သည့်အတွက် စီမံကိန်း မဆောင်ရွက်မီအနေအထားထက် သယ်ယူပို့ဆောင်စရိတ်များ မည်မျှသက်သာသွားသည်ကိုလည်း ပြည့်ပြည့်စုံစုံ သိလိုပါကြောင်း၊ သောင်တူးစက်ကဲ့သို့ အထူးလိုအပ်ချက်အရ ဝယ်ယူဖြည့်တင်းရသည့် စက်ကိရိယာများကို ကန့်ကွက်စရာမရှိသော်လည်း မိမိဝန်ကြီးဌာနတွင် ရပ်ထားရသည့် လယ်ထွန်စက်၊ ဘက်ဟိုး၊ ဘူဒိုဇာ စသည့် စက်ကိရိယာများရှိနေပါကြောင်း၊ ယင်းစက်ကိရိယာများကို ချေးငွေရရှိသဖြင့် ဝယ်ယူလိုက်သည်ကဲ့သို့ မဖြစ်စေရန် အရေးကြီးပါကြောင်း၊ ဝယ်ယူမည့် စက်ပစ္စည်းကိရိယာများ၏ အရေအတွက်နှင့် အမျိုးအမည်ကို အသေးစိတ်ရှင်းလင်းတင်ပြပေးစေလိုပါကြောင်း။

မိမိအနေဖြင့် ယင်းစီမံကိန်းကို ကန့်ကွက်ခြင်းမဟုတ်သကဲ့သို့ စီမံကိန်းမှ ရရှိမည့် အကျိုးကျေးဇူးများကို အသိအမှတ်မပြုခြင်းလည်း မဟုတ်ပါကြောင်း၊ စီမံကိန်းသက်ရောက်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို ဝမ်းမြောက်ဝမ်းသာ လိုလားသကဲ့သို့ ယင်းချေးငွေဝန်ထုပ်ဝန်ပိုးကို ထမ်းရသည့် တစ်နိုင်ငံလုံးမှ ပြည်သူများအတွက် မှန်ကန်သင့်မြတ်သည့် ချေးငွေတစ်ခုဖြစ်စေလိုသည့် စိတ်ရင်းဖြင့် ထောက်ပြပါကြောင်း ဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ခင်ဦး မဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ကျွန်းလှမဲဆန္ဒနယ်မှ ဦးထွန်းဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍**
**သတင်းထုတ်ပြန်ချက်**
**သတင်းထုတ်ပြန်ချက်အမှတ်(၄/၂၀၁၈)**

၁။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့က အမျိုးသားလွှတ်တော်တွင် မဲခွဲဆုံးဖြတ်အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင်လည်း မကြာမီဆွေးနွေးမည်ဟု သိရှိရပါသည်။ အဆိုပါ ဥပဒေကြမ်းသည် ဒီမိုကရေစီစံနှုန်းနှင့် မကိုက်ညီဘဲ နိုင်ငံသားများ၏ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို ထိပါးစေသည်ဟုဆိုကာ ပြည်သူများအကြား ကန့်ကွက်လှုပ်ရှားမှုများ ဖြစ်ပွားနေကြောင်းကိုလည်း သိရှိရပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) အပိုဒ် ၁၉ ၌ လူတိုင်းတွင် လွတ်လပ်စွာထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ် ၂၀ ၌ လူတိုင်းတွင် ငြိမ်းချမ်းစွာစုဝေးခွင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားပါသည်။ အပိုဒ် ၂၉၊ အပိုဒ်ခွဲ ၂ တွင်မူ မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အလို့ငှာလည်းကောင်း ဥပဒေအရသတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။

၃။ ထို့အတူ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၁ ၌ လူတိုင်းတွင် မိမိ၏ ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် စွဲကိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၂ ၌ လူတိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားပါသည်။ အပိုဒ် ၁၉၊ အပိုဒ်ခွဲ ၃ တွင် အဆိုပါ အခွင့်အရေးများကို ကျင့်သုံးရာ၌ ကန့်သတ်ချက်တစ်စုံတစ်ရာ ပြုလုပ်နိုင်ကြောင်း၊ သို့ရာတွင် ယင်းတို့သည် အခြားသူများ၏ အခွင့်အရေးများ သို့မဟုတ် ထင်ပေါ်ကျော်ကြားမှုများကို လေးစားရန်အတွက်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ အများပြည်သူအေးချမ်းသာယာရေး၊ ပြည်သူ့ကျန်းမာရေး သို့မဟုတ် ကိုယ်ကျင့်တရားအတွက် ကာကွယ်ပေးရန်အတွက်လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်အရနှင့် လိုအပ်ချက်အရပြုလုပ်သည့် ကန့်သတ်ချက်မျိုးသာဖြစ်ရမည်ဟု ဖော်ပြထားပါသည်။

၄။ ထို့ပြင် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) အပိုဒ် ၂၀၊ အပိုဒ်ခွဲ ၂ တွင် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်စေမည့် အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးမုန်းတီးမှုဆိုင်ရာ မည်သည့်ဟောပြောလှုံ့ဆော်မှုမျိုးကိုမဆို ဥပဒေအရတားမြစ်ရမည်ဟုလည်း ဖော်ပြထားပါသည်။

၅။ သို့ဖြစ်ပါ၍ ဒီမိုကရေစီ၏ အဓိကစံနှုန်းတစ်ရပ်ဖြစ်သော လွတ်လပ်စွာစုဝေးထုတ်ဖော်ပြောကြားခွင့်ကို မထိပါးစေရေးအတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးရာတွင် အထက်ဖော်ပြပါ UDHR နှင့် ICCPR ပြဋ္ဌာန်းချက်များကို အလေးထားစဉ်းစား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၀**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အောင်မြင်စေရန် ပြန်လည်ဝင်ရောက်မည့်သူများ၏ အချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိ၊ အိမ်ထောင်စုဓာတ်ပုံများနှင့် ရွာအမည်၊ တစ်ဦးချင်းအမည်ကို အနီးစပ်ဆုံး စိစစ်စစ်ဆေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးပို့လာသည့် အစ္စလာမ်ဘာသာဝင် ၈၀၃၂ ဦးအနက် မတ် ၁၉ ရက်အထိ စိစစ်ချက်အရ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့သူ ၁၉၃ ဦး ကို ထပ်မံစိစစ်နိုင်ခဲ့ကြောင်းသိရသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့် စပ်လျဉ်း၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးကို နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ကျင်းပခဲ့ပြီး နှစ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံအကြား ရခိုင်ပြည်နယ်ဘက်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်စိစစ်လက်ခံရေး ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

သဘောတူညီချက်တွင် မြန်မာဘက်ခြမ်း၌ ကုန်းလမ်းမှ ပြန်လည်ဝင်ရောက်လာသူများအတွက် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းကို လည်းကောင်း၊ ရေလမ်းမှ ပြန်လည်ဝင်ရောက်လာသူများအတွက် ငါးခူရ ယာယီလက်ခံရေးစခန်းကို လည်းကောင်း၊ ကြားစခန်းအဖြစ် လှဖိုးခေါင်ကြားစခန်းကို လည်းကောင်း ဖွင့်လှစ်ပြီး လက်ခံရေးစခန်းတစ်ခုစီတွင် ရက်သတ္တတစ်ပတ်လျှင် ငါးရက် လက်ခံဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဘင်္ဂလားဒေ့ရှ်ဘက်မှ သတ်မှတ်ပုံစံများ ဖြည့်စွက်ပေးပို့ရန်နှင့် ပြန်လည်လက်ခံရေးစတင်ဆောင်ရွက်ရန်ဖြစ်ကြောင်း နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် ကနဦး စတင်ဆောင်ရွက်နိုင်ရန် ဟိန္ဒူဘာသာဝင် ၅၀၈ ဦးနှင့် စိစစ်ပြီး အစ္စလာမ်ဘာသာဝင် ၇၅၀ စုစုပေါင်း ၁၂၅၈ ဦးတို့၏ အချက်အလက်အပြည့်အစုံကို မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းစာရင်းတွင် ပါဝင်သော ဟိန္ဒူဘာသာဝင် ၅၀၈ ဦးမှာ ၎င်းတို့၏ ဆန္ဒအလျောက် ပြန်လာလိုသဖြင့် ဟိန္ဒူဘာသာရေးခေါင်းဆောင်များမှတစ်ဆင့် နိုင်ငံတော်အစိုးရထံ တင်ပြခဲ့ခြင်းဖြစ်ပြီး ဤသို့ ကနဦး ၁၂၅၈ ဦး အမည်စာရင်းနှင့် အချက်အလက်များ ပေးအပ်ခဲ့ခြင်းမှာ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံဘက်မှစတင်၍ အဆိုပြုခဲ့ခြင်းဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဘင်္ဂလားဒေ့ရှ်ခရီးစဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပထမအသုတ်အနေဖြင့် ပြန်လည်လွှဲပြောင်းပေးမည့် အစ္စလာမ်ဘာသာဝင် အိမ်ထောင်စု ၁၆၇၃ စု၊ လူဦးရေ ၈၀၃၂ ဦး၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များကို မြန်မာနိုင်ငံသို့လွှဲပြောင်းပေးအပ်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီး၏ ခရီးစဉ်တွင် ပေးအပ်ခဲ့သော လူဦးရေ ၈၀၃၂ ဦး၏ ကိုယ်ရေး အချက်အလက်များမှာ မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုမှု ဟုတ်၊ မဟုတ် စိစစ်၍ မရနိုင်ခြင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို လေးစားလိုက်နာပါမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်များ မရရှိနိုင်ခြင်း၊ ပုံစံပါအချက်အလက်များ မှန်ကန်ကြောင်း ကာယကံရှင်မှ လက်မှတ်ရေးထိုးထားသည့် သို့မဟုတ် လက်ဗွေရိုက်နှိပ်ဖော်ပြထားသည့် အချက်အလက်များ မပါရှိခြင်း၊ ပုံစံခေါင်းစဉ် ကိုက်ညီမှုမရှိခြင်း၊ ပုံစံနံပါတ်နှင့် ဖြည့်သွင်းရက်စွဲများ မပါရှိခြင်း၊ အိမ်ထောင်ဦးစီး၏ ထင်ရှားသော အမှတ်အသားနှင့်လက်ဗွေများမပါရှိခြင်း၊ မြန်မာနိုင်ငံအစိုးရမှ ထုတ်ပေးထားသော ယခင်ကိုင်ဆောင်ခဲ့သည့် လက်မှတ်နှင့် နံပါတ်များ ရှိ၊ မရှိ ဖော်ပြမထားသဖြင့် စိစစ်၍ မရနိုင်ခြင်း၊ အိမ်ထောင်ဦးစီး၏ မိဘများ မြန်မာနိုင်ငံ၌ နေထိုင်ခဲ့သည့် နေရပ်လိပ်စာမပါရှိ၍ဆက်စပ်ရှာဖွေရန်ခက်ခဲခြင်း၊ ဆန္ဒအလျောက် ပြန်လာလိုသူ၏ ဓာတ်ပုံနှင့် ယခင်မြန်မာနိုင်ငံ၌ နေထိုင်ခဲ့စဉ်က ပြုစုထားသော အိမ်ထောင်စုအလိုက် ဓာတ်ပုံတို့ကို ခေတ်မီနည်းပညာဖြင့် စစ်ဆေးရန် ဆောင်ရွက်ထားသော်လည်း ပေးပို့လာသော **စာမျက်နှာ ၇ သို့**

## နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၁)

**Verification Form of Resident of Myanmar**

Head OF Family Photo

Sr. No

Date

Name Of The Head Of Family ............ 4.Other Name(If Any)

Gender ............ 6.Age/Date Of Birth(Optional) ............

Place Of Birth ............ 8.Address In Myanmar ............

Father' s Name ............ 10.Father' s Address In Myanmar ............

1.Mother' s Name ............ 12.Mother' s Address In Myanmar ............

3.Spouse' s Name ............ 14.Spouse' s Address In Myanmar ............

5.Visible Mark(Optional) ............ 16.Occupation ............

7. Current Holding Card No. 18. Numbers Of Family Member

Family Photo

Declaration:

I apply to return and live in Myanmar voluntarily without any threat or encouragement.

If permission is granted to me to enter Myanmar, I will abide by the existing laws of Myanmar.

Signature ............ Finger Print of Left Thumb ............ Finger Print of Right Thumb

Address In Bangladesh

Date For all Entry In Bangladesh

## နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၂)

List Of Family Member/ Dependents

1. (a) Full Name ............
(b) Father' s Name ............
(c) Mother' s Name ............
(d) Date Of Birth/Age ............
(e) Place OF Birth ............
(f) Gender ............
(g) Visible Mark (if any) ............
(h) Relationship ............
(i) Current Holding Card No. (if any) ............
(j) Document Information (if any) ............
(k) Other Documents (if any) ............

Photo (Optional)
Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

2. (a) Full Name ............
(b) Father' s Name ............
(c) Mother' s Name ............
(d) Date Of Birth/Age ............
(e) Place OF Birth ............
(f) Gender ............
(g) Visible Mark (if any) ............
(h) Relationship ............
(i) Current Holding Card No. (if any) ............
(j) Document Information (if any) ............
(k) Other Documents (if any) ............

Photo (Optional)
Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

3. (a) Full Name ............
(b) Father' s Name ............
(c) Mother' s Name ............
(d) Date Of Birth/Age ............
(e) Place OF Birth ............
(f) Gender ............
(g) Visible Mark (if any) ............
(h) Relationship ............
(i) Current Holding Card No. (if any) ............
(j) Document Information (if any) ............
(k) Other Documents (if any) ............

Photo (Optional)
Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

## နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၃)

List Of Family Member/ Dependents

4. (a) Full Name ............
(b) Father' s Name ............
(c) Mother' s Name ............
(d) Date Of Birth/Age ............
(e) Place OF Birth ............
(f) Gender ............
(g) Visible Mark (if any) ............
(h) Relationship ............
(i) Current Holding Card No. (if any) ............
(j) Document Information (if any) ............
(k) Other Documents (if any) ............

Photo (Optional)
Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

5. (a) Full Name ............
(b) Father' s Name ............
(c) Mother' s Name ............
(d) Date Of Birth/Age ............
(e) Place OF Birth ............
(f) Gender ............
(g) Visible Mark (if any) ............
(h) Relationship ............
(i) Current Holding Card No. (if any) ............
(j) Document Information (if any) ............
(k) Other Documents (if any) ............

Photo (Optional)
Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

6. (a) Full Name ............
(b) Father' s Name ............
(c) Mother' s Name ............
(d) Date Of Birth/Age ............
(e) Place OF Birth ............
(f) Gender ............
(g) Visible Mark (if any) ............
(h) Relationship ............
(i) Current Holding Card No. (if any) ............
(j) Document Information (if any) ............
(k) Other Documents (if any) ............

Photo (Optional)
Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

## နှစ်နိုင်ငံသဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၄)

List Of Family Member/ Dependents

7. (a) Full Name ............
(b) Father' s Name ............
(c) Mother' s Name ............
(d) Date Of Birth/Age ............
(e) Place OF Birth ............
(f) Gender ............
(g) Visible Mark (if any) ............
(h) Relationship ............
(i) Current Holding Card No. (if any) ............
(j) Document Information (if any) ............
(k) Other Documents (if any) ............

Photo (Optional)
Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

8. (a) Full Name ............
(b) Father' s Name ............
(c) Mother' s Name ............
(d) Date Of Birth/Age ............
(e) Place OF Birth ............
(f) Gender ............
(g) Visible Mark (if any) ............
(h) Relationship ............
(i) Current Holding Card No. (if any) ............
(j) Document Information (if any) ............
(k) Other Documents (if any) ............

Photo (Optional)
Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

9. (a) Full Name ............
(b) Father' s Name ............
(c) Mother' s Name ............
(d) Date Of Birth/Age ............
(e) Place OF Birth ............
(f) Gender ............
(g) Visible Mark (if any) ............
(h) Relationship ............
(i) Current Holding Card No. (if any) ............
(j) Document Information (if any) ............
(k) Other Documents (if any) ............

Photo (Optional)
Finger Print of Left Thumb (Above 5 years of age) | Finger Print of Right Thumb (Above 5 years of age)

● စာမျက်နှာ ၆ မှ

ဓာတ်ပုံများ၏ အရည်အသွေး မပြည့်မီမှုကြောင့် တိုက်ဆိုင်စစ်ဆေး၍ မရနိုင်ခြင်း၊ ဖြည့်သွင်းရမည့် ပုံစံ၌ လက်မှတ်ရေးထိုးရမည့်နေရာ၊ လက်ဗွေရိုက်နှိပ်ရမည့်နေရာများ ဖော်ပြထားသော်လည်း ယခုအခါ လက်မှတ်ရေးထိုးထားခြင်း၊ လက်ဗွေ ရိုက်နှိပ်ထားခြင်း မရှိ၍ အတင်းပြန်ပို့ရန် ဆောင်ရွက်နေသည် ဆိုသည့် သတင်းစကားကို မှား၊ မှန် ဆုံးဖြတ်၍ မရသည့် ပုံစံဖြစ်နေခြင်း၊ အိမ်ထောင်စုစာရင်းဝင်တစ်ဦးချင်း အဘအမည်၊ အမိအမည် မပါရှိ၍ အခြားသူများ ရောနှော ပါရှိလာနိုင်ခြင်း၊ အိမ်ထောင်စုဝင် သားသမီးများ၏ မွေးရပ်မဖော်ပြထား၍ မသက်ဆိုင်သူများ ပါရှိလာနိုင်ခြင်း၊ ကိုင်ဆောင်သည့် လက်မှတ်နံပါတ်များ မဖော်ပြထားခြင်းကြောင့် မိမိဘက်မှ မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးရန် အခွင့်မရှိခြင်း၊ အခြားတင်ပြလိုသည့် အထောက်အထားများ ပူးတွဲတင်ပြထားသည့် အနေအထားမရှိ၍ စိစစ်မှုတွင် အထောက်အကူမဖြစ်ခြင်း၊ နှစ်နိုင်ငံ သဘောတူထားသော ပုံစံတွင် မိသားစုဝင်တစ်ဦးချင်း၏ ဓာတ်ပုံနှင့် လက်ဗွေများ ရိုက်နှိပ်ရန် ပါရှိသော်လည်း ယခုပေးပို့လာမှုတွင် ဓာတ်ပုံနှင့် လက်ဗွေများ မရရှိခြင်း၊ မိသားစုဓာတ်ပုံပါသော်လည်း ထင်ရှားမှုမရှိခြင်း၊ ပြန်လည်စိစစ်လက်ခံရေးအဖွဲ့မှ စိစစ်လက်ခံသူများ လက်မှတ်ရေးထိုးမှု မပါရှိ၍ နောင်တွင် ရှုပ်ထွေးမှုများစွာ ဖြစ်လာနိုင်ခြင်းတို့ကြောင့် ၎င်း ၈၀၃၂ ဦး၏ ကိုယ်ရေးအချက်အလက်များမှာ စိစစ်ရန် ခက်ခဲနေသဖြင့် သတ်မှတ်ပုံစံအတိုင်း အချက်အလက်များ ပြည့်စုံစွာပေးပို့ရန်၊ ၂၀၁၈ ခုနှစ် မတ် ၈ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်အကြောင်းကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် နှစ်နိုင်ငံအကြား သဘောတူညီထားသော သတ်မှတ်ပုံစံ မဟုတ်သည့် လူဦးရေ ၈၀၃၂ ဦးအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် သဘောတူညီချက် (Agreement on Return of Displaced Persons from Rakhine State) အောင်မြင်စေရန် အချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိ အိမ်ထောင်စု ဓာတ်ပုံများနှင့် ရှာအမည်၊ လူတစ်ဦးချင်း အမည်ကို အနီးစပ်ဆုံး တိုက်ဆိုင်စိစစ်စစ်ဆေးခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပေးပို့လာသည့် အစ္စလာမ်ဘာသာဝင် ၈၀၃၂ ဦး အနက် ၃၆၃ ဦးသာ မြန်မာနိုင်ငံတွင်နေထိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ရသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်၍ အသိပေးအကြောင်းကြားခဲ့သည်။

ကျန်ရှိသူများအား အတတ်နိုင်ဆုံး ကြိုးစား၍ အထောက်အထားအချက်အလက်များ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်မှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ မတ် ၁၉ ရက်အထိ စိစစ်ချက်အရ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့သူ ၁၉၃ ဦး ထပ်မံစိစစ်နိုင်ခဲ့သည်။ စိစစ်မှုများ ဆက်လက်ဆောင်ရွက်ရာတွင် ထပ်တိုး ၁၉၃ ဦး ဖြစ်သဖြင့် ဘင်္ဂလားဒေ့ရှ်မှ ပေးပို့လာသော ၈၀၃၂ ဦးအနက် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သည်ဟု စုစုပေါင်း ၅၅၆ ဦး စိစစ်နိုင်ငံခဲ့ပြီး ဖြစ်သည်။

အချက်အလက်များ စိစစ်ရာတွင် ဓာတ်ပုံ၊ လက်ဗွေ စသည်တို့ကို ကွန်ပျူတာဆော့ဖ်ဝဲလ်ဖြင့် လူတစ်ဦးလျှင် စိစစ်ရန် ကြာမြင့်ချိန် ၂ မိနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားခဲ့သော်လည်း ပေးအပ်လာသော အချက်အလက်များမှာ ဓာတ်ပုံ၊ လက်ဗွေ၊ နေရပ်လိပ်စာပြည့်စုံမှု မရှိသဖြင့် အထောက်အထားများ တိုက်ဆိုင်၍ အတတ်နိုင်ဆုံး ကြိုးစားစိစစ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ထပ်မံစိစစ်ရရှိလာသော ၁၉၃ ဦး၏ အမည်စာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနကတစ်ဆင့် ဆက်လက်ပေးပို့သွားမည်ဖြစ်ပြီး ၈၀၃၂ ဦးအား အချက်အလက်များ တိုက်ဆိုင်စစ်ဆေးစိစစ်မှုများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကာ လက်ရှိအချိန်ထိ မြန်မာနိုင်ငံအတွင်း နေထိုင်ခဲ့သည်ဟု စိစစ်ရရှိသူ ၅၅၆ ဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က လွှဲပြောင်းလာလျှင် ပြန်လည်စိစစ်လွှဲပြောင်းလက်ခံနိုင်ရန် အသင့်ပြင်ဆင်ထားရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နှစ်နိုင်ငံ သဘောတူညီချက်အရ ပြန်လာလိုသူများ ဖြည့်သွင်းရမည့် သတ်မှတ်ပုံစံ စာမျက်နှာ (၅)


10.(a) Full Name ..........
(b) Father's Name ..........
(c) Mother's Name ..........
(d) Date Of Birth/Age ..........
(e) Place Of Birth ..........
(f) Gender ..........
(g) Visible Mark (if any) ..........
(h) Relationship ..........
(i) Current Holding Card No. (if any) ..........
(j) Document Information (if any) ..........
(k) Other Documents (if any) ..........

Photo (Optional)

Finger Print of Left Thumb (Above 5 years of age)

Finger Print of Right Thumb (Above 5 years of age)

Board Of Verification In Myanmar

| | |
|---|---|
| Signature .......... | Signature .......... |
| Name .......... | Name .......... |
| Designation .......... | Designation .......... |
| Department .......... | Department .......... |
| Signature .......... | Signature .......... |
| Name .......... | Name .......... |
| Designation .......... | Designation .......... |
| Department .......... | Department .......... |

Notes

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြန်လည်ပေးပို့လာသော (သတ်မှတ်ပုံစံ မဟုတ်သည့်) အချက်အလက်များ ထည့်သွင်းထားပုံ


Family-wise list of Myanmar Residents taking shelter in Bangladesh after 09 October 2016 and 25 August 2017

U-B-046

DIP Reg. No. 16020171212113802

01. Name of the Head of Family ... FATAN
02. Address In Myanmar (a) Township ... [illegible]
(b) Village (Local) ... [illegible]
03. Place of Birth ... MYANMAR
04. Father's Name ... AMIN
05. Mother's Name ... BODUJAL
06. Gender ... MALE
07. Camp Name/Number ... [illegible]
08. Date of arrival ... 03/08/2017
09. Age/Date of Birth ... 55
10. Number of Family Members ... 06
11. Family Counting Number ... 249267

| Sl. No. | Name of family members present in the camp | DIP Registration No. | Fathers Name | Relation to HoF | Sex M-1/ F-2 | Date/Year of Birth |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 1 | NUR JAHAN | [illegible] | MD: SAMUL | WIFE | 02 | 45 |
| 2 | MD: AYUB | [illegible] | MD: FATAN ALI | SON | 01 | 25 |
| 3 | MD: AJAS | [illegible] | MD: FATAN | SON | 01 | 17 |
| 4 | RIAJ | [illegible] | MD: FATAN | SON | 01 | 16 |
| 5 | RAFIK | [illegible] | MD: FATAN | SON | 01 | 14 |
| 6 | | | | | | |
| 7 | | | | | | |

U-B-046

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်နှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် ရဲတပ်ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်တို့သည် မတ် ၁၅ ရက် နံနက် ၉ နာရီ ၃၅ မိနစ်မှ နံနက် ၁၁ နာရီ မိနစ် ၅၀ အထိ နယ်ခြားမှတ်တိုင် ၃၄ မှ ၃၆ အထိ၊ မတ် ၁၈ ရက် နံနက် ၉ နာရီမှ နံနက် ၁၁ နာရီ ၂၅ မိနစ်အထိ နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်ခြားမှတ်တိုင် ၃၆ မှ ၃၈ အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ဖေဖော်ဝါရီ ၄ ရက်မှ ၂၆ ရက်အထိ နယ်ခြားမှတ်တိုင် ၄၂ မှ ၅၅ အထိ ၁၄ ကြိမ်၊ မတ် ၁၁ ရက်တွင် နယ်ခြားမှတ်တိုင် ၃၁ မှ ၃၄ အထိ တစ်ကြိမ်၊ မတ် ၁၅ ရက်တွင် နယ်ခြားမှတ်တိုင် ၃၄ မှ ၃၆ အထိ တစ်ကြိမ်၊ မတ် ၁၈ ရက်တွင် နယ်ခြားမှတ်တိုင် ၃၆ မှ ၃၈ အထိ တစ်ကြိမ်၊ စုစုပေါင်း ၁၇ ကြိမ်နှင့် ရေကြောင်း ကင်းလှည့်ခြင်းကိုလည်း မတ် ၅ ရက်တွင် နတ်မြစ်တစ်လျှောက် နှစ်နိုင်ငံညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်နိုင်ခဲ့သည်။

နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ခြင်း Coordinated Patrol ကို မတ် ၁၉ ရက်မှ ၂၇ ရက်အတွင်း နယ်ခြားမှတ်တိုင် ၃၈ မှ ၄၂ အထိလည်းကောင်း၊ မတ် ၂၇ ရက်နောက်ပိုင်းတွင် နယ်ခြားမှတ်တိုင်အမှတ် ၄၂ မှ ၄၅ အထိလည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ မောင်တောဒေသ၌ ၁၅ ကြိမ် သတင်းရယူနိုင်ခဲ့

**နေပြည်တော် မတ် ၂၀**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုကို ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ သတင်းရယူနိုင်ရေး နိုင်ငံတော်အစိုးရမှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်တွင်း ပြည်ပ သတင်းမီဒီယာ အဖွဲ့များ အနေဖြင့် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ် ၊ ၂၀၁၇ ခုနှစ်တွင် ရှစ်ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် ခြောက်ကြိမ်၊ စုစုပေါင်း ၁၅ ကြိမ် သတင်းရယူနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**✳ ကျောဖုံးမှ**

လေးပွဲ-နှစ်ပွဲ၊ လက်ရှိချန်ပီယံအက်ဗာနီ(အိန္ဒိယ)က မင်းစည်သူထွန်း(မြန်မာ)ကို လေးပွဲပြတ်၊ ပေါက်စ(မြန်မာ)က ယိုတက်ရှင်(စင်ကာပူ)ကို လေးပွဲပြတ် အနိုင်ရခဲ့သည်။ စနူကာအမျိုးသားပြိုင်ပွဲတွင် အောင်ဖြိုး(မြန်မာ)က ရှုအာဗီခန်း(အိန္ဒိယ)ကို လေးပွဲ-နှစ်ပွဲဖြင့် အနိုင်ရပြီး မျိုးမင်းသိန်းမှာမူ ကီဝေချောင်(ဟောင်ကောင်)ကို လေးပွဲပြတ်ရှုံးနိမ့်ခဲ့သည်။ အမျိုးသမီးစနူကာပြိုင်ပွဲတွင် အုပ်စုပွဲစဉ် ခြောက်ပွဲကျင်းပပြီး မြန်မာကစားသမားများဖြစ်သည့် သန္တာမောင်က မိုဟာမန်ဒီ(အီရန်)ကို နှစ်ပွဲပြတ်၊ နွေးနွေးလှိုင်က ပါရီဆာ(အီရန်)ကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲများတွင် လက်ရှိကမ္ဘာ့ချန်ပီယံများအပါအဝင် နာမည်ကြီးကစားသမားများ အစုံအလင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ဘိလိယက်ပြိုင်ပွဲတွင် ၂၀၊ စနူကာအမျိုးသားပြိုင်ပွဲတွင် ၂၄ ဦး၊ အမျိုးသမီးပြိုင်ပွဲတွင် ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲစတုတ္ထနေ့ကို မတ် ၂၁ ရက် နံနက် ၁၀ နာရီမှစ၍ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# ပူတာအိုဒေသအတွက် အရေးပေါ်အခြေအနေတွင် လမ်းပန်းဆက်သွယ်မှုပြတ်တောက်ပါက တပ်မတော်မှ ကူညီဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မတ် ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၁၉ ရက် ညနေပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ဗန္ဒုလခန်းမ၌ တွေ့ဆုံ၍ မိမိတို့ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရန်အတွက် မိမိတို့ သဘောဆန္ဒအလျောက် တပ်မတော်တွင်းသို့ ဝင်ရောက်အမှုထမ်းနေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ လိုအပ်လျှင် မိမိတို့၏ အသက်၊ ခန္ဓာကိုယ်ကို ပေးဆပ်ရသည်များရှိပြီး ကာကွယ်ရေး တာဝန်ထမ်းဆောင်ရန်အတွက် လိုအပ်သည်များကို အမြဲတမ်း ပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေအမျိုးမျိုးကြောင့် တပ်မတော်အပေါ် မုန်းတီးမှုဖြစ်ပေါ်အောင် ဆောင်ရွက်မှုများရှိကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိအောင် ဆောင်ရွက်ချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါတွင် တပ်မတော်မှ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနေချိန်တွင် လက်နက်ကိုင်ဖြေရှင်း၍ မရနိုင်ကြောင်း၊ မိမိတို့ တပ်မတော်သားများအနေဖြင့် မိမိတို့နိုင်ငံကိုကာကွယ်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးရေး တိုးတက်အောင် ဆောင်ရွက်ကြရန်



လိုကြောင်း။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က တပ်နယ်မှအရာရှိ စစ်သည်၊ မိသားစုများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ ခရစ်ယာန်ဘာသာဝင်များအတွက် သမ္မာကျမ်းစာအုပ်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ရန်ပုံငွေများကိုလည်းကောင်း၊ တာဝန်ရှိသူများက တပ်ရင်းမှ အရာရှိ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသ စာအုပ်စာစောင်များ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း ပေးအပ်ကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပူတာအိုမြို့ရှိ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားများ၊ ဌာနဆိုင်ရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်ဌာနေ အဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပူတာအိုနယ်မြေဒေသ တည်ငြိမ်အေးချမ်းချိန်တွင် သွားလာရေးခက်ခဲမှုမရှိသော်လည်း တည်ငြိမ်အေးချမ်းမှုမရှိချိန်တွင် သွားလာမှုခက်ခဲကြောင်း၊ ထို့ကြောင့် မိမိတို့ ဒေသ စားဝတ်နေရေးဖူလုံအောင် နည်းလမ်းရှာ၍ ဆောင်ရွက်ရန်လိုကြောင်း၊ ပူတာအိုဒေသအတွက် အရေးပေါ်အခြေအနေတွင် လမ်းပန်းဆက်သွယ်မှုပြတ်တောက်ပါက တပ်မတော်မှ ဦးစားပေးအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ဒေသဝမ်းစာဖူလုံရေးအတွက် အလေးထား ဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးရန်နှင့် စိုက်ဧကတိုးချဲ့နိုင်ရန်၊ မူးယစ်ဆေးဝါး ကင်းစင်ရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း ပြောကြားပြီး တပ်မတော်စက်ရုံထုတ်အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။**(ဝဲပုံ)**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်းရှိ Novogen Brown ဥစားကြက်များ မွေးမြူထားရှိမှု၊ သဘာဝမြေဩဇာ(စူပါဘိုကာရှီ) ပြုလုပ်သုံးစွဲမှုနှင့် နို့စားနွားများ မွေးမြူထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis က ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာရွှေ့ပြောင်းသွားသူများအား ပြန်လည်လက်ခံရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ဘေးဒဏ်ခံနိုင်ရည်ရှိသော ဖွံ့ဖြိုးမှုဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာရေးထိုးရန် စီစဉ်ထားရှိမှု၊ ကချင်၊ ရခိုင်၊ ကရင်၊ ကယား၊ ရှမ်းအရှေ့ စသည့် ဒေသများတွင် UNHCR ၏ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာသက်တမ်းတိုးမြှင့်ရေးနှင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လိုသည့် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ထားရှိမှုများနှင့် အဆိုပါ သတင်းအချက်အလက်များကို ဘင်္ဂလားဒေ့ရှ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ သတင်းမှန်ရောက်ရှိစေရေး၊ ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ ကယ်ဆယ်ရေးစခန်းများ ပိတ်သိမ်းနိုင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ လွတ်လပ်စွာ သွားလာခွင့်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# (၁၉)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအစည်းအဝေး တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို စင်ကာပူနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ယနေ့ ထွက်ခွာသွားသည်။

အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့သည် အကြိုအစည်းအဝေးသို့တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ မတ် ၁၈ ရက်တွင် ကြိုတင်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တံတားမြို့နယ်တွင် ဒုတိယအကြိမ်မြောက် ပြည်သူ့စကားဝိုင်း ပြုလုပ်မည်

**ကျောက်တံတား မတ်၂၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်တွင် ပြည်သူ့စကားဝိုင်း (Public Talk) ကို မတ် ၂၅ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီထိ ကျောက်တံတားမြို့နယ် စာပေဗိမာန်ရုံးအစည်းအဝေးခန်းမ(ဒုတိယထပ်)၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ဦးနေဘုန်းလတ်(Blogger,Writer)၊ ဒေါက်တာနွေးနွေးအောင်(Happy World)၊ ဦးသက်ပိုင်ခ [CEO & Co.Founder (JOOFK)]၊ ဒေါ်ချိုလဲ့အောင်(Founder & CEO,Tree Food) တို့က "လူငယ်နှင့်စွန့်ဦးတီထွင်မှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း၊ Moderator အဖြစ် ဒေါ်ကြည်ပြာ (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)က ဆောင်ရွက်မည်ဖြစ်ပြီး ဆွေးနွေးပွဲ တက်ရောက်လာသူများထဲမှ ပထမဆုံး Registration ပြုလုပ်သူ ၁၀၀ အား စာအုပ်များ မဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## Other Account မှ ငွေများကို သက်ဆိုင်ရာ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများက ၎င်းတို့သဘောဖြင့် သုံးစွဲခွင့်မရှိ

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account ဟု ခေါ်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်)သည် ဘတ်ဂျက်တွင် ပါဝင်ပါသည်။ ၎င်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါသည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပရှိ စာရင်းတစ်ခုမဟုတ်ပါ။ ထို့ပြင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ Other Account မှ ငွေများကို သက်ဆိုင်ရာနိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့သဘောဖြင့် သုံးစွဲခွင့်မရှိပါ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့်သာ သုံးစွဲခွင့်ရှိပါသည်။ သုံးစွဲမှုကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရပါသည်။




# ကွမ်းလုံတံတားသစ်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ရန် စာချုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော် လမ်းပေါ်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကူအညီဖြင့် တည်ဆောက်မည့် ကွမ်းလုံတံတားသစ်တည်ဆောက်ရေး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အကူအညီ ပေးရေးဆိုင်ရာ Exchange Letter လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Hong Liang က ကွမ်းလုံတံတားသည် သံလွင်မြစ်ကို ဖြတ်ကူးသော တံတားကြီးတစ်စင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ မြောက်ပိုင်းနှင့် တရုတ်ပြည်မကြီးနှင့် ဆက်သွယ်သော စီးပွားရေးမဟာဗျူဟာကျသည့် လမ်းမပေါ်တွင် တည်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းပြီးမြောက်ပါက ဒေသစီးပွားရေးဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်ခရီးစဉ်တွင် ကွမ်းလုံတံတားစီမံကိန်းနှင့်ပတ်သက်၍ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ကြိုတင်ပြင်ဆင်ခဲ့ရာ ယခုအခါ တရားဝင်စီမံကိန်း အကောင်အထည်ဖော်နိုင်တော့မည်ဖြစ်ကြောင်း၊ စီမံကိန်းအရ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ယူနန်ပြည်နယ်တို့ ဆက်သွယ်သည့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ခြင်း၊ ကုန်စည်စီးဆင်းမှုတိုးမြင့်လာနိုင်ခြင်း၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပိုမိုတင်ပို့လာနိုင်ခြင်းအပြင် မိုင်းတုံ၊ ချင်းရွှေဟော်ဒေသတွင် နေထိုင်သောပြည်သူ လူထုများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ခြင်းအပြင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးကို အထောက်အကူပြုမည့် အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငွေကြေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များစသည့် အခြေခံအဆောက်အအုံများ ကူညီသဖြင့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုပိုမိုတိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းပေါ်ရှိ သံလွင်တံတား (ကွမ်းလုံ) တံတားသစ် စီမံကိန်း ဆောင်ရွက်နိုင်ရေးအတွက် Exchange Letter အား လက်မှတ်ရေးထိုးခြင်းဖြစ်ပါကြောင်း၊ တံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားပါက နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် သံအမတ်ကြီး Mr. Hong Liang တို့သည် ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းပေါ်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကူအညီဖြင့် တည်ဆောက်မည့် ကွမ်းလုံတံတားသစ် တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Exchange Letter အား လက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို ပြည်သူအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးရေး။
- ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းအတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်အောင် တပ်မတော်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- တပ်မတော်ကို Standard Army ဖြစ်စေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ်မြင့်မားရေးအား စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်ရေး။




# (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲနှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၀**

(၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (၂၀၁၈)နှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ခေါင်းဆောင်များ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Hotel Amara ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး အာဆီယံတက္ကသိုလ်များ အားကစားကောင်စီဥက္ကဋ္ဌ Prof.Dr Mohd Said က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့ဥက္ကဋ္ဌ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အာဆီယံတက္ကသိုလ်များ အားကစားကောင်စီမှ နည်းပညာကော်မတီဥက္ကဋ္ဌ Mr.Lawrenz Sim က (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ(၂၀၁၈)နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာလှတင့်က (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (၂၀၁၈)၏ တိုးတက်မှုအစီရင်ခံစာကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (ပညာရေး)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်းက (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ(၂၀၁၈)တွင် အသုံးပြုမည့် သင်္ကေတ၊ လာဘ်ကောင်နှင့် ဆောင်ပုဒ်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဒေါက်တာမြလေးစိန်က အားကစားပြိုင်ပွဲတွင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကာကွယ်ဆေးများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ(၂၀၁၈) ကျင်းပနိုင်ရေးနှင့်စပ်လျဉ်းသည့် အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံတက္ကသိုလ်များ အားကစားကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးကို မတ် ၂၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့၌ လမ်းလျှောက်သင်္ကြန် ကျင်းပမည်

**မကွေး မတ် ၂၀**

မကွေးမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်းဖိုးထားသည့်အနေဖြင့် လမ်းလျှောက်သင်္ကြန်ကို မကွေးတိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ကျင်းပသွားမည် ဖြစ်သည်။

လမ်းလျှောက်သင်္ကြန်ကော်မတီဝင် ကိုမိုးက "လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲလိုသူတွေအနေနဲ့ ရိုးရာမပျက်တဲ့ဝတ်စုံတွေကို ဝတ်ဖို့တော့ လိုတယ်၊ ရေပက်တဲ့အခါမှာလည်း ငွေဖလားလေးတွေနဲ့ ရေကစားကြမှာဆိုတော့ မီးသတ်ပိုက်ထိုးတဲ့ ဒဏ်၊ ခွက်စောင်းခုတ်တဲ့ ဒဏ်တွေလည်း မခံရတော့ဘူးပေ့ါ၊ အရက်၊ ဘီယာ မူးယစ်စေတတ်တဲ့ အရာတွေကို ယူဆောင်မလာဘဲ ယဉ်ကျေးစွာ လမ်းလျှောက်ရင်း ရေပက်ကစားကြတော့ ပျော်စရာကောင်းမှာပါ"ဟု ပြောသည်။



ယခင်နှစ်က ကျင်းပခဲ့သည့် မကွေးမြို့သင်္ကြန်ကို တွေ့ရစဉ်။

လမ်းလျှောက်သင်္ကြန်ကို မကွေးမြို့ ကမ်းနားလမ်းရှိ ကျောက်သားဥယျာဉ်မှ မြရေပန်းခြံအထိ ကျင်းပမည်ဖြစ်ပြီး လမ်းလျှောက်သင်္ကြန်ကျင်းပသည့် ပေ ၂၅၀၀ ဝန်းကျင်အတွင်း ရေကစားမဏ္ဍပ် ၃၀၊ စတုဒိသာ မဏ္ဍပ် ၂၀ နှင့် ဖျော်ဖြေရေးမဏ္ဍပ် နှစ်ခု ရှိမည်ဖြစ်ကြောင်း သိရသည်။

**မေသူလွင် (မကွေး-ကိုယ်ပွား)**

**❂ ရှေ့ဖုံးမှ**

အကူအညီတောင်းခံနိုင်ပါတယ်"ဟု ရေနှင့် သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ရေပိုက်လိုင်း အင်းလျားကန်နှင့် ကန်တော်ကြီးတို့မှ ရေအားဆက်သွယ်ကစားလိုသူများကို စိစစ်ဆောင်ရွက်ပေးနိုင်ရန် ရေနှင့်သန့်ရှင်းမှုဌာနသို့ ဧပြီ ၁၃ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားကာ ယာယီရေဆက်သွယ်ခွင့်လျှောက်လွှာများကို မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၂ ထပ် တိုးချဲ့ရုံးသစ်ရှိ အင်ဂျင်နီယာ (ရေနှင့်သန့်ရှင်းမှု) ဌာနတွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

"ခွင့်ပြုချက်မရှိဘဲ ကော်မတီပိုင်ရေပိုက်လိုင်းတွေ အင်းလျားကန်၊ ကန်တော်ကြီးနဲ့ အခြားရေကန်တွေက ရေတွေကို ဆက်သွယ်ပြီး ကစားလို့ မရပါဘူး၊ နောက်ပြီး မီးသတ်ခေါင်းတွေကနေ ဆက်သွယ်ပြီး ရေလုံးဝကစားလို့ မရပါဘူး၊ ကစားရင် တည်ဆဲဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ"ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

သတ်မှတ်ရေပေးချိန်အတွင်း အကူအညီလိုအပ်ပါက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု) ဖုန်း-၀၉- ၂၅၀၂၈၃၈၂၃၊ ၀၉-၂၅၀၂၈၃၈၁၂၊ ၀၉-၅၀၅၄၅၆၅၊ ၀၉-၅၀၈၁၂၂၉ တို့သို့ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ဇာနည်မောင်**

# စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ ပြဋ္ဌာန်း

**စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၉။)**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၂၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ ဤဥပဒေကို စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်လက်၍ရေးသားသောအချက်** ဆိုသည်မှာ ရေးမှတ်ခံရသူများ၏ အမည်၊ အဘအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာတို့ကို ဆိုသည်။

(ဂ) **ထပ်ဆင့်ရေးမှတ်ချက်** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများ၏ မျက်နှာဖုံးတွင်ဖြစ်စေ၊ အတွင်းစာရွက်များ သို့မဟုတ် နောက်ဆက်တွဲ စာရွက်စာတမ်းများတွင်ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက ရေးသွင်းသည့် ရေးသွင်းချက်ကိုဆိုသည်။

(ဃ) **မရွှေ့မပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ မြေနှင့်မြေမှ ဖြစ်ထွန်းသော အကျိုးခံစားခွင့်များ၊ မြေ၌ဆောက်လုပ်ထားသော၊ မြေ၌ စိုက်ထူစွဲကပ်ထားသော သို့မဟုတ် မြေ၌ စိုက်ထူစွဲကပ်ထားသည့်အရာ၌ အမြဲချည်နှောင်စွဲကပ်ထားသော အဆောက်အအုံနှင့် အရာဝတ္ထုများကို ဆိုသည်။ ယင်းစကားရပ်တွင် မြေ၌ ပေါက်လျက်ရှိသည့် သစ်ပင်၊ မရိတ်သိမ်းရသေးသည့် ကောက်ပဲသီးနှံနှင့် မြက်များ မပါဝင်။

(င) **ရွှေ့ပြောင်းနိုင်သောပစ္စည်း** ဆိုသည်မှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းမှတစ်ပါး အခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(စ) **အငှားစာချုပ်** ဆိုသည်မှာ စိုက်ပျိုးရန်သော်လည်းကောင်း၊ နေထိုင်ရန်သော်လည်းကောင်း၊ လက်ရှိထားရန်သော်လည်းကောင်း၊ အခြားတစ်နည်းနည်း အသုံးပြုရန်သော်လည်းကောင်း ငှားရမ်းသည့် သဘောတူစာချုပ်ကို ဆိုသည်။

(ဆ) **အရွယ်မရောက်သေးသူ** ဆိုသည်မှာ အသက်(၁၈)နှစ် မပြည့်သေးသူကို ဆိုသည်။

(ဇ) **ကိုယ်စားပြုသူ** ဆိုသည်မှာ အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူကို တရားဝင်အုပ်ထိန်းခွင့်ရသည့်ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ဖြစ်ပါက ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ အသင်းအဖွဲ့၏ကိုယ်စားအစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ဈ) **ကိုယ်စားလှယ်** ဆိုသည်မှာ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ကိုယ်စားခန့်ထားခြင်းခံရသူ သို့မဟုတ် အခြားသူများနှင့်ဆက်ဆံရာတွင် သူတစ်ပါးအတွက် ကိုယ်စားပြုသူကို ဆိုသည်။

(ည) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ဋ) **ဝန်ကြီး** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဌ) **ဦးစီးဌာန** ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို ဆိုသည်။

(ဍ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဎ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ စာချုပ်စာတမ်းများကို မှတ်ပုံတင်ရန် တာဝန်ပေးအပ်ခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဏ) **စုံစမ်းစစ်ဆေးရေးမှူး** ဆိုသည်မှာ သက်ဆိုင်ရာခရိုင်အတွင်း စာချုပ်စာတမ်း မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ချက်များကို စစ်ဆေးရန်တာဝန်ရှိသည့် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးကို ဆိုသည်။

**အခန်း(၂)**
**စာချုပ်စာတမ်းများ မှတ်ပုံတင်အရာရှိ အဆင့်ဆင့်နှင့် စုံစမ်းစစ်ဆေးရေးမှူးတို့ကို သတ်မှတ်ခြင်း**

၄။ စာချုပ်စာတမ်းမှတ်ပုံတင်လုပ်ငန်း၏ အကြီးအမှူးသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သည်။

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၏ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၆။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာ ခရိုင်၏စုံစမ်းစစ်ဆေးရေးမှူး ဖြစ်သည်။

၇။ ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်က ခန့်အပ်တာဝန်ပေးသည့် ဦးစီးဌာနမှ အရာရှိသည် သတ်မှတ်ထားသော မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၈။ ဒုတိယဦးစီးမှူးအဆင့်အောက်မနိမ့်သော မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်၏ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ဖြစ်သည်။

**အခန်း(၃)**
**စာချုပ်စာတမ်းမှတ်ပုံတင်ရုံးဖွဲ့စည်းတည်ထောင်ခြင်း**

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း၌ မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးကို မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ စုစည်း၍ဖွင့်လှစ်ရမည်။

၁၁။ ပုဒ်မ ၁၀ ပါ မြို့နယ်များမှအပ ကျန်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးကို သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် တွဲဖက်ဖွင့်လှစ်ရမည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးများတွင် လိုအပ်သည့်ဝန်ထမ်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ၏ တာဝန်များကို ဦးစီးဌာနမှ သင့်လျော်သည့် အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အသုံးပြုသည့် မှတ်ပုံတင်စာအုပ်နှင့် အသုံးပြုသည့်ပုံစံများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ပြင်ဆင်သတ်မှတ်နိုင်သည်။

၁၅။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသည်-

(က) ဦးစီးဌာနက သတ်မှတ်သော ပုံစံအရွယ်အစားနှင့် ဖော်ပြရမည့် အချက်များပါရှိသည့် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ တံဆိပ်တုံးများ၊ ရုံးတံဆိပ်တုံးများကို အသုံးပြုရမည်။

(ခ) ဦးစီးဌာနက ရိုက်နှိပ်ဖြန့်ဝေသည့် သတ်မှတ်သော မှတ်ပုံတင်စာအုပ်များနှင့် ပုံစံများကို အသုံးပြုရမည်။

(ဂ) အသုံးပြုသော မှတ်ပုံတင်စာအုပ်များ၏ စာမျက်နှာတိုင်းတွင် ပုံနှိပ်အမှတ်စဉ်များကို အစဉ်လိုက် မှတ်သားထားရမည်။

(ဃ) ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ ထားရှိရမည်။

(င) စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် အမှုတွဲများကို လုံခြုံစွာသိမ်းဆည်းနိုင်ရန် အမှုတွဲခန်း ဖွင့်လှစ်ထားရှိရမည်။

**အခန်း(၄)**
**စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်း**

၁၆။ အောက်ပါစာချုပ်စာတမ်းများကို ဤဥပဒေအရ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်သည်-

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အပိုင်ပေးသည့် စာချုပ်စာတမ်းများ၊

(ခ) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေကျပ်တစ်သိန်းနှင့်အထက်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ခိုင်မာစေရန်ပြုလုပ်သည့် သေတမ်းစာမဟုတ်သော စာချုပ်စာတမ်းများ၊ ယင်းစာချုပ်စာတမ်းတို့နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်ခွင့်အပေါ် တရားရုံးက ချမှတ်သည့် စီရင်ချက်၊ ဒီကရီ၊ အမိန့်၊

(ဂ) တန်ဖိုးငွေကျပ်တစ်သိန်းနှင့် အထက်ရှိသည့် ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံငွေ ချေးခြင်းမှတစ်ပါး ပေါင်နှံခြင်းကို ပေါင်နှံသူလက်မှတ်ရေးထိုးပြီး အနည်းဆုံး အသိသက်သေနှစ်ဦးက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးထားသည့် ပေါင်နှံခြင်း စာချုပ်များနှင့် ပေါင်နှံခြင်း ဖျက်သိမ်းသော စာချုပ်များ၊

(ဃ) မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်နှစ်ပြီးတစ်နှစ် ငှားရမ်းခြင်း၊ တစ်နှစ်ထက်ပို၍ ငှားရမ်းခြင်း၊ ငှားရမ်းခကို နှစ်အလိုက်သတ်မှတ်၍ ငှားရမ်းခြင်းစာချုပ်များ၊

(င) ကုမ္ပဏီအသင်းအဖွဲ့တို့က မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်အားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ၊ ယင်းပစ္စည်းနှင့် သက်ဆိုင်သည့် အကျိုးစီးပွားကိုဖြစ်စေ ယုံမှတ်အပ်နှံသူသို့ ပေါင်နှံခြင်း၊ ပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲအပ်ခြင်းပြုသည့် စာချုပ်စာတမ်းများ၊

(စ) ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်စာတမ်းများ၊

(ဆ) နိုင်ငံတော်အစိုးရက အခါအားလျော်စွာသတ်မှတ်သည့် စာချုပ်စာတမ်းများ။

၁၇။ အောက်ပါစာချုပ်စာတမ်းများသည် ဤဥပဒေအရမှတ်ပုံတင်လိုက တင်နိုင်သော စာချုပ်စာတမ်း အမျိုးအစားများဖြစ်သည်-

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်း၌ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ဖြစ်စေ တန်ဖိုးငွေကျပ်တစ်သိန်းအောက် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ ရောင်းချခြင်း၊ ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွားတစ်စုံတစ်ရာ ဖြစ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို မျက်မှောက်ကာလအတွက်သော်လည်းကောင်း၊ နောင်ကာလအတွက်သော်လည်းကောင်း ဖြစ်မြောက်စေရန်ပြုလုပ်သည့် ငွေလက်ခံရရှိခြင်း သို့မဟုတ် ပေးအပ်ခြင်းကို ဝန်ခံသည့် စာချုပ်စာတမ်းများ၊

(ခ) အပေါင်တန်ဖိုး ငွေကျပ်တစ်သိန်းအောက်ဖြင့် ပေါင်နှံသော စာချုပ်စာတမ်းများ၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို တစ်နှစ်ထက်မပိုသော ကာလအတွက် ငှားရမ်းသည့် အငှားစာချုပ်စာတမ်းများ၊

(ဃ) ရွှေ့ပြောင်းနိုင်သော ပစ္စည်းများပေါ်တွင် ဆိုင်ရာဆိုင်ခွင့် အကျိုးစီးပွား တစ်စုံတစ်ရာ ဖြစ်ပေါ်စေရေးအတွက် ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများ၊

(င) သေတမ်းစာများ၊

(စ) မိသားစုစီမံခန့်ခွဲမှု စာချုပ်စာတမ်းများ၊

(ဆ) တရားရုံးကချမှတ်သည့် ဒီကရီများ သို့မဟုတ် အမိန့်များနှင့် အနုညာတခုံလူကြီးတို့၏ ဆုံးဖြတ်ချက်များ၊

(ဇ) တရားရုံးကဖြစ်စေ၊ အခွန်အရာရှိ သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းတစ်ခုခုကို လေလံတင်ရောင်းချပြီးနောက် ဝယ်ယူသူအား ထုတ်ပေးသည့် အရောင်းသက်သေခံလက်မှတ်၊

(ဈ) မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ထုတ်ဝေသည့် ဂရန်စာချုပ် သို့မဟုတ် ခွဲဝေပေးသည့် စာချုပ်စာတမ်းများ၊

(ည) အထက်ဖော်ပြပါ စာချုပ်စာတမ်းများအပြင် ပုဒ်မ ၁၆ ပါ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများအဖြစ် သတ်မှတ်ထားသည့် စာချုပ်စာတမ်းများမှတစ်ပါး အခြားစာချုပ်စာတမ်းများ။

၁၈။ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ မှတ်ပုံတင်ရန် တင်ပြသည့် စာချုပ်စာတမ်းများသည်-

(က) မြန်မာစာဖြင့်ရေးသားထားသော စာချုပ်စာတမ်းများဖြစ်ရမည်။

(ခ) မြန်မာစာဖြင့်ရေးသားထားသော စာချုပ်စာတမ်းမဟုတ်လျှင် နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် မြန်မာဘာသာပြန်ဆိုချက်ကို ပူးတွဲတင်ပြရမည်။

(ဂ) စာချုပ်ချုပ်ဆိုသူတို့က ပြည့်စုံစွာ ရေးသားလက်မှတ်ရေးထိုးထားသော စာချုပ်စာတမ်းများ ဖြစ်ရမည်။

(ဃ) စာချုပ်စာတမ်းပါ ရေးသားဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်ထားလျှင် ယင်းသို့ပြုလုပ်ထားသည့် နေရာအသီးသီး၌ စာချုပ်ချုပ်ဆိုသည့်ပုဂ္ဂိုလ်တို့၏ လက်မှတ်တို သို့မဟုတ် လက်မှတ်ရှည်ကို ရေးထိုးရမည်။

၁၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင် အရာရှိသည် မှတ်ပုံတင်ရန်တင်ပြသည့် စာချုပ်တွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပါရှိပါက ယင်းသို့ ဆောင်ရွက်ထားခြင်းကို မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင်ထားရှိရမည်။

၂၀။ သေတမ်းစာမဟုတ်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာကို မှတ်ပုံတင်သွင်းပါက မရွှေ့မပြောင်းနိုင်သောပစ္စည်းစာရင်းကို လွယ်ကူစွာခွဲခြားသိရှိနိုင်ရန် အမျိုးအစား၊ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် တည်နေရာတို့ကို ရှင်းလင်းစွာဖော်ပြရမည့်အပြင် မရွှေ့မပြောင်းနိုင်သောပစ္စည်းသည် မြေဖြစ်ပါက မြေနှင့်စပ်လျဉ်း၍သက်သေခံနိုင်သော သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တရားဝင်ထုတ်ပေးထားသည့် သက်သေခံမြေပုံနှစ်ခုနှင့် မြေရာဇဝင် ပါရှိရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

(ဆက်လက်ဖော်ပြပါမည်)

# အနုပညာရှင်များ၏ ၂၀၁၇ အကယ်ဒမီရင်ခုန်သံများ

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကြီးသည် သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ အနုပညာရှင်တိုင်းအတွက် ၎င်းတို့၏ အနုပညာကို အသိအမှတ်ပြုပေးသည့် မှတ်တိုင်တစ်ခုဖြစ်သည်။ ယင်းကြောင့် အနုပညာရှင်တိုင်း အကယ်ဒမီရွှေစင်ရုပ်တု ရရှိနိုင်ရန် ရင်ခုန်မျှော်လင့်ကြသည်။ နှစ်စဉ် နှစ်တိုင်း အကယ်ဒမီပွဲကြီး နီးလာသည်နှင့်အမျှ အနုပညာအသိုင်းအဝိုင်းရှိ အနုပညာရှင်၊ အတတ်ပညာရှင်များသည် အကယ်ဒမီဆုအတွက် ရင်ခုန်မျှော်လင့်ကြသည်။ ရုပ်ရှင်ဇာတ်ကားများတွင် ပါဝင်သူများက ကိုယ်တိုင်အတွက် ရင်ခုန်ကြသည်။ အခြားသူများက သူတို့အတွက် ရင်ခုန်ပေးကြသည်။ ယခုလည်း ၂၀၁၇ ခုနှစ် အကယ်ဒမီဆု ချီးမြှင့်ပွဲကြီး ကျင်းပရန် သုံးရက်သာ လိုတော့သည်။ ဒီနှစ် အကယ်ဒမီဆုအတွက် ပရိသတ် တစ်ကြိုပေးခြင်းခံရသည့် အနုပညာရှင်များအပြင် အနုပညာ အသိုင်းအဝိုင်းမှ အနုပညာရှင်အချို့နှင့် တွေ့ဆုံစဉ် သူတို့၏ အကယ်ဒမီ ရင်ခုန်သံများကို ပရိသတ်ကြီးအတွက် ရေးသားဖော်ပြလိုက်ပါသည်-


ဒါရိုက်တာ စင်ရော်မောင်မောင်


ရဲအောင်


ခန့်စည်သူ


နေမင်း


နေမျိုးအောင်


ကျော်ကျော်

**ဒါရိုက်တာ စင်ရော်မောင်မောင်**

ကျွန်တော်မျှော်လင့်တာကတော့ လူတိုင်းက မိမိနဲ့အတူလုပ်တဲ့သူတွေ အားလုံးကို ဆုတွေ ဆွတ်ခူးစေချင်တာပါ။ ဒါက ရိုးသားစွာ ပြောတာပါ။ ကိုယ့်ကားမို့ ကိုယ်ပြောတာမဟုတ်ပါဘူး။ လူတိုင်းကတော့ အိပ်မက် မက်ခွင့် ရှိတာပဲ။ ကျွန်တော်လည်း ကျွန်တော့်အိပ်မက်လေးကို မက်ခွင့်ရှိတယ်လို့ ထင်တယ်။ အလိုချင်ဆုံးဆုကတော့ မေသန်းနုနဲ့ထုတ်လုပ်သူကို ပိုပြီးဆွတ်ခူး စေချင်တယ်။ ဒါပေမယ့် ကျန်တဲ့သူတွေကိုလည်း ဆွတ်ခူးစေချင်တယ်။ ထုတ်လုပ်သူကတော့ သူ့ရဲ့စေတနာ၊ မေတ္တာအတွက်ပါ။ မဆင့်ကတော့ သား အတွက်ပါ။ ဒီဇာတ်ကားထဲမှာ ပါဝင်တဲ့ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံ၊ တေးဂီတဆိုလည်း မိရာမိုရ်တို့ကို ရစေချင်တယ်။

**ရဲအောင်**

ဒီနှစ်က ဇာတ်ကားတွေကလည်း ၅၃ ကားလောက်ရှိတယ်။ ဇာတ်ကား တွေကလည်း ရသအစုံပါတယ်။ သရုပ်ဆောင်တွေကလည်း ကြိုးစားထားကြ တယ်။ အခုကြားနေတာကတော့ အားလုံးပြောနေကြတဲ့အတိုင်းပဲ မဆင့်လည်း ကြားတယ်။ အူဝဲလည်း ကြားတယ်။ နေတိုးလည်းကြားတယ်။ ပြေတီဦးလည်း ကြားတယ်။ အနုပညာရှင်အကုန်လုံးကတော့ အကယ်ဒမီအတွက် ရင်ခုန်ကြတာ ပါပဲ။ အစ်ကိုကတော့ ကိုယ့်အနုပညာ မောင်နှမအားလုံးကို ရစေချင်ပါတယ်။

**ခန့်စည်သူ**

ဒီနှစ်ကတော့ ဇာတ်ကားတွေ များတဲ့အတွက် ကောင်းပါတယ်။ ပြိုင်ဆိုင်မှု ပြင်းထန်တာပေါ့။ အပြိုင်အဆိုင်ရှိတော့ တိုးတက်တာပေါ့။ ရုပ်ရှင်တစ်သက်တာ ထူးချွန်ဆုအနေနဲ့လည်း သက်ကြီး၊ ဝါကြီးတွေကို ပေးဖို့လည်းရှိတယ်ဆိုတော့ ကျွန်တော်တို့အနေနဲ့လည်း တက်ရောက်ပြီး ဂါရဝပြုသင့်တဲ့ အခမ်းအနားမျိုးပါ။

**ဒါရိုက်တာသားညီ**

ကျွန်တော်ကတော့ အားလုံးအတွက် ရင်ခုန်တယ်။ အကုန်လုံးက ကျွန်တော့်ဘော်ဒါတွေချည်းပဲ။ ကိုယ့်ရဲဘော်ရဲဘက်တွေချည်းပဲ။ ဘယ်သူပဲရရ ကျွန်တော်က လက်ခုပ်တီးအားပေးမှာပဲ။ တကယ်ကို အရည်အချင်းရှိတဲ့ တကယ်ကိုစစ်မှန်တဲ့ အနုပညာရှင်တွေကို ပေးဖြစ်ပါစေလို့ပဲ ကျွန်တော် ဆုတောင်းပါတယ်။

**နေမင်း**

ဒီနှစ် အကယ်ဒမီပေးပွဲက တက်ဖြစ်မှာပါ။ ဘယ်သူတွေရမလဲဆိုတော့ အကုန်လုံးတော့ကြားနေတာပဲ။ ကိုနေတိုးက တာတေကြီးမှာ ရမယ်လို့ပြောတယ်။ မြင့်မြတ်ကလည်း အမှောင်မှာရှာတဲ့မိုးတိမ် (ကျွန်)လို့ပြောတယ်။ ကိုပြေတီဦးကို ကျတော့ ရင်ဘတ်ထဲကခေါးနဲ့ ရနိုင်တယ်လို့ထင်တယ်။ ပိုင်ဖြိုးသုလည်း နေဝင်အိပ်တန်းတက်နဲ့ကြားတယ်။ ကြားတာတော့အစုံပါပဲ။ ကျွန်တော်ကတော့ အကုန်လုံးကို ရစေချင်တယ်။

**နေမျိုးအောင်**

အကယ်ဒမီကတော့ ကျွန်တော်တို့ အနုပညာသမားတွေအတွက် တကယ် ကို တန်ဖိုးမဖြတ်နိုင်တဲ့ ဆုတစ်ဆုပါ။ အောင်မြင်တဲ့ မှတ်တိုင်တစ်ခုလို့လည်း ပြောလို့ရတယ်။ အကုန်လုံးကလည်း လိုချင်ကြတယ်။ အပြိုင်အဆိုင် ကြိုးစားကြ တယ်။ ကျွန်တော်ကတော့ အကယ်ဒမီပေးပွဲကို နှစ်တိုင်းတက်တယ်။ ကိုယ့်ရဲ့ အနုပညာ ညီအစ်ကိုမောင်နှမတွေ ဘယ်သူပဲရရ ဝမ်းသာပီတိ လက်ခုပ်သံတွေ နဲ့ ကြိုဆိုနေတုန်းပဲ။

**ကျော်ကျော်**

ဒီနှစ် အကယ်ဒမီကတော်တော်ကို ပြိုင်ဆိုင်မှုပြင်းထန်တယ်လို့ မြင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မရဖူးသေးတဲ့သူတွေရော၊ မရတာကြာပြီဖြစ်တဲ့ သူတွေရော ပါနေတဲ့အတွက်ပါ။ အမျိုးသမီးဇာတ်ဆောင်ဆုဆိုရင် ကျွန်တော် ရင်အခုန်ဆုံးပဲ။ မအူဝဲတို့၊ မဆင့်တို့၊ ပိုင်ဖြိုးသုတို့၊ ရွှေမှုံရတီတို့၊ အေးမြတ်သူ တို့လည်းရှိတယ်။ သူတို့တွေထဲက ဘယ်သူပဲရရ ရတဲ့သူက ထိုက်တန်တယ် လို့ထင်တယ်။ အမျိုးသားဇာတ်ဆောင်ဆုမှာတော့ ကိုနေတိုးရယ်၊ ကိုပြေတီဦး ရယ် နှစ်ယောက်ထဲက တစ်ယောက်ပဲဖြစ်မယ်လို့ထင်ပါတယ်။ ဇာတ်ပို့ဆုတွေက လည်း ရသင့်ရထိုက်တဲ့သူတွေ ရမှာပါပဲ။


ဇေရဲထက်


ကြည်ဖြူသျှင်


ရတနာဗို


အိမ့်ချစ်(တေးသံရှင်)

**ဇေရဲထက်**

ရင်ခုန်သံကတော့ ကျွန်တော်ရှေ့က စီနီယာတွေအကုန်လုံးအတွက် ရင်ခုန်ပါတယ်။ အားလုံးက သေချာကြိုးစားထားကြတာဆိုတော့ အကုန်လုံးကို ရစေချင်တာပဲ။ မအူဝဲကလည်း တော်တာပဲ။ ရွှေမှုံရတီဆိုလည်း ငယ်ငယ်ရွယ်ရွယ် လေးနဲ့တော်တာပဲ။ သူရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးလေးတစ်ခုကို သူအကောင်း ဆုံးဖြစ်အောင် လုပ်ပြနိုင်ခဲ့တယ်လေ။ သရုပ်ဆောင်ငယ်ငယ်လေးဆိုတော့ အခွင့်အရေးနည်းတာပေါ့။ အခွင့်အရေးနည်းတဲ့ကားတွေထဲမှာမှ အကောင်း ဆုံးဖြစ်အောင် လုပ်ဆောင်ခဲ့တဲ့ လူငယ်တစ်ယောက်အနေနဲ့ သူ့ကိုလည်း ရစေချင် တယ်။ သဘ္ဘာကြီးတစ်ယောက်အနေနဲ့ သရုပ်ဆောင်သွားတဲ့ မအူဝဲကိုလည်း ရစေ ချင်တယ်။ ဘယ်သူရရ ကျွန်တော်ကတော့ ဝမ်းသာပျော်ရွှင်စွာနဲ့ အားပေးမှာပါ။

**ကြည်ဖြူသျှင်**

ဒီနှစ်အကယ်ဒမီကတော့ ကိုယ့်အတွက် ရင်ခုန်စရာမရှိဘူး။ သူများ အတွက် ရင်ခုန်တယ်။ ဒါရိုက်တာအနေနဲ့ဆိုရင် အကယ်ဒမီ စင်ရော်မောင်မောင် (ဦးမောင်)အတွက် ရင်ခုန်တယ်။ နောက် ကိုဝိုင်းအတွက် ရင်ခုန်တယ်။ မင်းသမီးဆိုရင် အိန္ဒြာကျော်ဇင်(အူဝဲ)အတွက် ရင်ခုန်တယ်။ နောက် မေသန်းနု (မဆင့်)အတွက် ရင်ခုန်တယ်။ မင်းသားဆိုရင် ကိုနေတိုးကို တာတေကြီးအတွက် ရင်ခုန်တယ်။ ဒါက ဒီနှစ်အတွက် အစ်မရဲ့ ရင်ခုန်သံပါ။

**ရတနာဗို**

ဒီနှစ်တော့ မအူဝဲကိုလည်း ရစေချင်တယ်။ ကိုနေတိုးကိုလည်း ရစေချင် တယ်။ ကိုပြေတီဦးကိုလည်း ရစေချင်တယ်။ မကစ်(ဝတ်မှုန်ရွှေရည်)၊ မသု (ပိုင်ဖြိုးသု)တို့ကိုလည်း ရစေချင်တယ်။ အကုန်လုံးကို ရစေချင်တယ်။ သရုပ်ဆောင် တစ်ယောက်အတွက် အကယ်ဒမီဆုဆိုတာ အလွန်ကို အရေးပါပါတယ်။ ကိုယ့်အလုပ်မှာ အောင်မြင်တဲ့မှတ်တိုင်တစ်ခုလို့လည်း ပြောလို့ရပါတယ်။ အကုန်လုံးကလည်း လိုချင်တယ်။ အားလုံးကလည်း အပြိုင်အဆိုင် ကြိုးစားကြ တယ်။ အဲဒီအတွက် အားလုံးကို ရစေချင်တယ်။

**အိမ့်ချစ်(တေးသံရှင်)**

အားလုံးကလည်း အနုပညာအသိုင်းအဝိုင်းက မောင်နှမတွေပါပဲ။ အကောင်းဆုံး ကြိုးစားတဲ့သူကို ရစေချင်တယ်။ ဒါပေမယ့်လည်း ဘယ်သူမှ မကြိုးစားတဲ့သူရယ် မရှိဘူး။ မကြိုးစားရင် နေရာတစ်ခုရမလာဘူး။ မအောင်မြင် နိုင်ဘူး။ ကိုယ်ကိုယ်တိုင်လည်း အနုပညာသမားဖြစ်တဲ့အတွက်ကြောင့် အနုပညာလောကမှာ ဘယ်လောက်အထိ ကြိုးစားရတယ်ဆိုတာကို သိတယ်။ အားလုံးကြိုးစားကြတယ်ဆိုတာကိုလည်း သိပါတယ်။ ဒါပေမယ့် အကယ်ဒမီ ဆိုတာ နတ်ကြီးတယ်လို့ ပြောသလိုပဲ သူနဲ့ကံပါတဲ့သူမှ ရတာဆိုတော့ အားလုံးအတွက်တော့ အိမ့်ချစ်က ရင်ခုန်ပါတယ်။ အားလုံးကြိုးစားထားတဲ့ သူတွေထဲမှာမှ တကယ်ကို ထိုက်ထိုက်တန်တန်နဲ့ ကံပါတဲ့သူကတော့ ရမှာပါ။ ရပါစေ။

**ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## ဟင်းသီးဟင်းရွက် သစ်သီးဝလံ၊ စားပိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၂၀**

မြန်မာ့သြဘာလုပ်ငန်းစုနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီက မှော်ဘီမြို့နယ် မြန်မာ့ဆန်စပါးသုတေသနဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်း ခံရမှု ပြန်လည်စိစစ်ရေးကော်မတီ(အဖွဲ့ဝင်) ဦးတင်ရှိန်နှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်တို့က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် စိုက်ပျိုးရေးပညာရှင် ဒေါက်တာ မောင်မာက ဟင်းသီးဟင်းရွက်စိုက်ပျိုးမှု နည်းပညာနှင့် ပတ်သက်၍ လည်းကောင်း၊ ထုတ်လုပ်သူ ဒေါ်လဲ့လဲ့ဦးက စိုက်ပျိုးမှု နည်းပညာမှ ရရှိသည့် အကျိုးကျေးဇူးများကိုလည်းကောင်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လှည်းကူးမြို့နယ်၊ တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့မှ တက်ရောက်လာသူ တောင်သူများ၊ တောင်သူ လုပ်ကိုင်သူများက ပြသထားသည့် သစ်သီးဝလံနှင့် မျိုးစေ့များ၊ မြေဩဇာများကို ကြည့်ရှုခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးမှု ကွင်းဆင်းစစ်ဆေး

**ခရမ်း မတ် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျိုနီချောင်ကျေးရွာအုပ်စု အိုးဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ အရင်းအတိုး ငွေကျပ်သိန်း ၃၂၀၀၀၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတွက် ချေးငွေအောင်မြင်သူ စုစုပေါင်း ၂၉၈ ဦးတို့အား မတ် ၁၆ ရက်တွင် မြစိမ်းရောင် ကော်မတီဝင်များက ပွင့်လင်းမြင်သာစွာ ထုတ်ချေး ပေးနေမှုကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စာရင်းဇယားများ မှန်ကန်မှုရှိစေရေး ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# မိတ္ထီလာမြို့ ဂရင်းရုပ်ရှင်ရုံအနီး၌ မီးလောင်မှုဖြစ်ပွား

**မိတ္ထီလာ မတ် ၂၀**

မိတ္ထီလာမြို့ မြို့မရပ်ကွက် ဂရင်းရုပ်ရှင်ရုံအနီး OK စွပ်ပြုတ်နှင့် ထမင်းသုပ်ရောင်းချသည့် လူနေအိမ်တစ်လုံးမှ စတင်၍ မတ် ၂၀ ရက် ညနေ ၄ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

"OK စွပ်ပြုတ်တို့၊ ထမင်းသုပ်တို့ ရောင်းတဲ့ လူနေအိမ်က စတင်ပြီး ညနေ ၄ နာရီက မီးလောင်မှုဖြစ်ပွားတာပါ၊ မီးစတင်လောင်ကျွမ်းရတဲ့ အကြောင်းအရင်းကိုတော့ မသိရသေးပါဘူး၊ မီးလောင်လောင်ချင်း မီးသတ်ဌာနက ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေက မီးငြိမ်းသတ်ယာဉ်တွေ၊ ရေသယ်ယာဉ်တွေနဲ့ လာရောက်မီးငြိမ်းသတ်တာမို့ မီးလောင်ကျွမ်းချိန်သိပ်မကြာပါဘူး၊ မီးလောင်မှုကို ချက်ချင်းငြိမ်းသတ်နိုင်ပါတယ်"ဟု မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

မီးလောင်မှုကြောင့် မီးစတင်လောင်ကျွမ်းသည့် နေအိမ်နှင့်ကပ်လျက်ရှိသည့် လူနေအိမ်တစ်လုံး အနည်းငယ် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ဆုံးရှုံးပမာဏနှင့် မီးလောင်ကျွမ်းသည့် အကြောင်းအရင်းကို စိစစ်နေဆဲဖြစ်ကြောင်း သတင်းရရှိသည်။ **ချမ်းသာ(မိတ္ထီလာ)**






# မတ္တရာမြို့နယ်တွင် ဧရာဝတီလင်းပိုင်ကြီး တစ်ကောင်သေဆုံး

**မန္တလေး မတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကုန်းတန်းကြီးကျေးရွာ ရှေ့ ဧရာဝတီမြစ်ကမ်းတွင် မတ် ၂၀ ရက်က ဧရာဝတီလင်းပိုင်ကြီး အသေတစ်ကောင် တွေ့ရှိသည်။

အဆိုပါဧရာဝတီလင်းပိုင်၏ အရွယ်အစားနှင့် သွားများကို လေ့လာသုံးသပ်ခြင်းအားဖြင့် သက်ကြီးကောင်အဆင့် ရောက်ရှိနေပြီဖြစ်သောကြောင့် သဘာဝအတိုင်း သက်တမ်းကုန်ဆုံး၍ သေဆုံးနိုင်သည်ဖြစ်သကဲ့သို့ အစာအိမ်အတွင်း ငါးအစာအပြည့် တွေ့ရသောကြောင့် လူ့ပယောဂကြောင့် သေဆုံးခြင်းလည်းဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိရပြီး ခန္ဓာကိုယ်ပေါ်တွင် သိသာထင်ရှားသော ဒဏ်ရာများ မတွေ့ရှိရကြောင်း သိရသည်။

ယခုလင်းပိုင် (အမ)သည် ခန္ဓာကိုယ်အလျား ခုနစ်ပေ သုံးလက်မရှိပြီး အချို့သွားများမှာ တိုတုံး၍ အချို့သွားများမှာ ကျွတ်ထွက်နေသောကြောင့် အသက် (၃၀ မှ ၄၀) ဝန်းကျင်ရှိသော (ဧရာဝတီလင်းပိုင်တို့သည် နှစ် ၃၀ မှ ၅၀ အထိ သက်တမ်းရှည်) သက်ကြီးကောင်အရွယ်ဟူ၍လည်း သုံးသပ်ထားပါသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးနှင့် အသိပညာပေးလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာန၊ ရေကြောင်းရဲတပ်ဖွဲ့နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ကင်းလှည့်ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောကြောင့် ဘက်ထရီရှော့တိုက်လုပ်ငန်းများ လျော့ကျလာသည်ကို တွေ့ရှိနေရပါသည်။

သို့သော် ဒေသခံများက ဧရာဝတီလင်းပိုင်သေ တွေ့ရှိရာ အနီးတစ်ဝိုက်တွင် ညအချိန်၌ ဘက်ထရီရှော့တိုက် လှေများ လာရောက်ဆောင်ရွက်မှု ရှိ၍ ဘက်ထရီရှော့တိုက်မှုကြောင့် သေဆုံးခြင်းလည်း ဖြစ်နိုင်ကြောင်း သုံးသပ်ကြသည်။ မည်ကဲ့သို့ သေဆုံးသွားသည်ကို သုံးသပ်ရာတွင် အထောက်အကူပြုနိုင်ရန် လင်းပိုင်သေ၏ ကိုယ်တွင်းအင်္ဂါအချို့ကို ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးလျက်ရှိသည်။

၂၀၁၈ နှစ်ဆန်းပိုင်း မန္တလေးမှ ဗန်းမော်အထိ သုတေသနပြုလုပ်ချက်အရ ဧရာဝတီလင်းပိုင် ၇၆ ကောင် တွေ့ရှိရပြီး ၂၀၁၇ ခုနှစ်တွင် ၆၉ ကောင် တွေ့ရှိရသည်။ **ညီတူး**

# တပ်ကုန်းမြို့၌ ကားနှင့်ဆိုင်ကယ် တိုက်မိ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**တပ်ကုန်း မတ် ၂၀**

နေပြည်တော် တပ်ကုန်းမြို့နယ် မြို့မဈေးအထွက်ရှိ မြို့တွင်း ရန်ကုန်-မန္တလေး ကားလမ်းတွင် မတ် ၂၀ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က ကားနှင့် ဆိုင်ကယ်တိုက်မိမှုကြောင့် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရရှိခဲ့သည်။

နေပြည်တော် ပျဉ်းမနားမြို့မှ ရမည်းသင်းမြို့သို့ ယာဉ်မောင်း အောင်ဖြိုး (၂၅)နှစ် မောင်းနှင်သော ၁၂ ဘီးယာဉ်သည် လားရာတူရှေ့မှ ကိုဇော်ဝမ်း (၃၈)နှစ် မောင်းနှင်ပြီး ဇနီးဖြစ်သူ မမြဝင်း(၄၀)နှစ် လိုက်ပါလာသည့် ဆိုင်ကယ်ကို အရှိန်မထိန်းနိုင်ဘဲ တိုက်မိသဖြင့် မမြဝင်းတွင် ခန္ဓာကိုယ်အောက်ပိုင်း ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးပြီး ကိုဇော်ဝမ်းတွင် ဝဲလက်မ၊ ဝဲဒူး၊ ယာခြေချင်းဝတ် ပွန်းရှဒဏ်ရာများ(မစိုးရိမ်ရ)ရရှိကာ တပ်ကုန်းခုတင် (၁၀၀)ဆေးရုံ၌ ကုသလျက်ရှိပြီး မဆင်မခြင်မောင်းနှင်သူ အောင်ဖြိုးအား တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူ သိမ်းဆည်းရမိ

**မန္တလေး မတ် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်မှုများကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်က မန္တလေးသို့ သွားရောက်မည့် မော်တော်ဆိုင်ကယ် နှစ်စီးပေါ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသည်ကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက မန္တလေးနှင့် မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များအား စစ်ဆေးမှုများ ဆောင်ရွက်စဉ် မန္တလေးမြို့သို့ သွားရောက်မည့် CANDA-R မော်တော်ဆိုင်ကယ် နှစ်စီးအား စစ်ဆေးခဲ့ရာ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၉၃၅ ပြား ၂၆ ဒသမ ၄၅ ဂရမ်၊ ဘိန်းဖြူဟု ယူဆရသော ဖြူ/ဝါရောင် အမှုန့် ၁၂ ဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့် မော်တော်ဆိုင်ကယ် နှစ်စီး အပါအဝင် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၅၆၉ သန်းခန့်အား တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၇၇၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၁၃၅ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၉၁၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ မတ် ၁၉ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၂၆၀၊ သွင်းကုန် ၈၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **၀၀၁**

# ကျိုက်မရောတွင် တူမီးသေနတ်ဖြင့် နောက်ပြောင်ရာမှ ကျည်ထွက်၍ သေဆုံးမှုဖြစ်

**ကျိုက်မရော မတ် ၂၀**

ကျိုက်မရောမြို့နယ် ကဒါကျေးရွာအုပ်စု ကနာလို (အပေါင်း)ရော်ဘာခြံတွင် မတ် ၁၉ ရက်က ဖိုးသဲ(ခ) သဲမောင်သည် တူမီးသေနတ်အား ယမ်းထောင်းထည့်ထားပြီး မောင်းတင်ထားသည်ကို သတိမေ့လျော့၍ ဇနီးဖြစ်သူ မနှင်းအေးအား ယင်းသေနတ်ဖြင့် ချိန်ကာ စနောက်ရာမှ ကျည်ထွက်၍ မနှင်းအေး၏ ဝဲဘက်ရင်အုံအား ထိမှန်ကာ လဲကျသွားပြီး အခင်းဖြစ်နေရာ၌ပင် သေဆုံးသွားကြောင်း ဖိုးသဲ(ခ)သဲမောင်က ပြောပြသိရှိရသဖြင့် တူမီးသေနတ်အား ပေါ့ဆစွာ ကိုင်ဆောင်အသုံးပြု၍ လူသေဆုံးအောင် ပြုလုပ်သူ ဖိုးသဲ(ခ) သဲမောင်အား ချောင်းနှစ်ခွနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လှိုင်ထွန်းအောင်**

# ရေနုတ်မြောင်းတူးရာမှ အရှည် ၁၀ လက်မခန့်ရှိ ကျည်ဆန်ဟောင်းတွေ့ရှိ

**မြစ်ကြီးနား မတ် ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် အထွေထွေ ရောဂါကု ပြည်သူ့ဆေးရုံကြီးရှေ့၌ ရေနုတ်မြောင်းတူးဖော်ရာမှ အရှည် ၁၀ လက်မခန့်ရှိ နှစ်ချို့ကျည်ဆန်ဟောင်းတစ်တောင့် တွေ့ရှိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ လမ်းတံတားအထူးအဖွဲ့(၁)မှ မြေတူးဘက်ဟိုးယာဉ်မောင်း ဦးအောင်ကျော်မြင့် (၄၃) နှစ် မောင်းနှင်သည့် ဘက်ဟိုးယာဉ်သည် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် ဆွမ်ပရာဘွမ်လမ်းမကြီးရှိ အထွေထွေ ရောဂါကု ပြည်သူ့ဆေးရုံကြီးရှေ့၌ ရေနုတ်မြောင်းတူးဖော်နေစဉ် အရှည် ၁၀ လက်မ အချင်း နှစ်လက်မခန့်ရှိ ကျည်ဆန်ဟောင်းတစ်တောင့်အား တွေ့ရှိခဲ့၍ လမ်းတံတားအထူးအဖွဲ့(၁)အင်ဂျင်နီယာ ဦးထက်အောင်ထံ သတင်းပို့ဆက်သွယ်ကာ သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များသို့ စနစ်တကျ အပ်နှံပေးခဲ့ကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

# မြဝတီမြို့နယ်တွင် တူမီးသေနတ်ကိုင်ဆောင် မူးယစ်ရမ်းကားသူအား ဖမ်းဆီး

**သယ်န်းညီနောင် မတ် ၂၀**

မြဝတီမြို့နယ် သယ်န်းညီနောင်ရဲစခန်းအပိုင် ဝေ့ရှမ်းကျေးရွာတွင် တူမီးသေနတ်ကိုင်ဆောင်ပြီး မူးယစ်ရမ်းကားနေသူတစ်ဦးအား နယ်မြေခံရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၉ ရက် ၁၂ နာရီခွဲက သယ်န်းညီနောင်နှင့် ဝေ့ရှမ်းကျေးရွာသွား ကားလမ်းပေါ်တွင် ဝေ့ရှမ်းကျေးရွာ အမှတ်(၆)ရပ်ကွက်နေ ဦးအဒမ်းဆိုသူသည် လွယ်ကြိုးတပ်ထားလျက် အရှည် လေးပေခန့်ရှိ ပြောင်းချော တူမီးသေနတ်တစ်လက်နှင့်အတူ အော်ဟစ်ဆဲဆိုနေပြီး ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ တူမီးသေနတ်ပစ်ခတ်ရာတွင် အသုံးပြုသည့် ခဲသီးကော်ဘူး တစ်ဘူး၊ ယမ်းစိမ်းကော်ဘူးတစ်ဘူး၊ ယမ်းပြား ကော်ဘူး တစ်ဘူးတို့အား တွေ့ရှိရသဖြင့် ဒုရဲအုပ်သက်နိုင်စိုးက သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ တရားမဝင် လက်လုပ်တူမီးသေနတ်နှင့် ခဲယမ်းများကို လက်ဝယ်ထားရှိပြီး အများသူငါစိတ်အနှောင့်အယှက်ဖြစ်အောင် မူးယစ်ရမ်းကားနေသူ ဦးအဒမ်း(၄၅)နှစ်အား သယ်န်းညီနောင်ရဲစခန်းက အမှုဖွင့်အရေးယူလိုက်ကြောင်း သိရသည်။ **ထိန်လင်းအောင်**

## မြန်မာ့ရုပ်မြင်သံကြား

**Entertainment Channel**

**၂၁-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၀၅း၀၀ | အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး |
| ၀၅း၁၅ | "ပြည်သူ့နိတိ ပြင်ပြီးတွန်းလျှင် ရွေ့နိုင်ပါသည်" |
| ၀၅း၃၅ | ဆန်းသစ်လှပ မြန်မာ့အက |
| ၀၅း၄၅ | A village where old traditions prevails |
| ၀၆း၀၀ | A Chance to Change Their Future |
| ၀၆း၂၀ | Cultural Shows: Composer Ma Mya Lay |
| ၀၆း၃၀ | Kay Tu Mar Lar "The Decision" |
| ၀၆း၄၀ | Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith |
| ၀၇း၀၀ | Surprise Meals |
| ၀၇း၂၅ | Impressionist Myanmar Master Artist - U Lun Gywe |
| ၀၇း၄၅ | "နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ" |
| ၀၈း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၉) |
| ၀၈း၃၅ | MRTV Entertainment Music |
| ၀၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၈၂) |
| ၀၉း၃၅ | နိုင်ငံခြားရုပ်ရှင် "Bheja Fry 2" |
| ၁၁း၄၅ | မြန်မာဗီဒီယိုဇာတ်လမ်း "ကောင်းကင်ပျောက်တဲ့ကြယ်" |
| ၁၃း၂၀ | A village where old traditions prevails |
| ၁၃း၃၀ | Cultural Shows: Composer Ma Mya Lay |
| ၁၃း၄၀ | Kay Tu Mar Lar "The Decision" |
| ၁၃း၅၅ | Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith |
| ၁၄း၁၅ | Law of Jungle (Ep-253) |
| ၁၄း၅၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၉၉) |
| ၁၅း၃၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၈၂) |
| ၁၆း၀၀ | "နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ" |
| ၁၆း၁၅ | ကက်ဆက်ဇာတ်လမ်း "ချစ်ပုပ္ပါး" |
| ၁၇း၃၀ | ကာတွန်းအစီအစဉ် "Chhota Bheem (Episode-20)" |
| ၁၈း၀၀ | Law of Jungle (Ep-253) |
| ၁၈း၄၀ | MRTV Entertainment Music |
| ၁၉း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၀) |
| ၁၉း၃၀ | ကြယ်စင်တို့ရဲ့ အိပ်မက် (အပိုင်း-၁) |
| ၂၀း၀၅ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း" (အပိုင်း-၁၈၃) |
| ၂၀း၃၅ | Game Show "10 to Million Myanmar" (Epi-101) |
| ၂၁း၃၀ | မြန်မာဗီဒီယိုဇာတ်လမ်း "သား" |
| ၂၂း၅၅ | A village where old traditions prevails |
| ၂၃း၁၀ | A Chance to Change Their Future |
| ၂၃း၃၀ | Cultural Shows: Composer Ma Mya Lay |
| ၂၃း၃၅ | Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith |
| ၂၃း၅၅ | နိုင်ငံခြားရုပ်ရှင် "Bheja Fry 2" |

**၂၂-၃-၂၀၁၈ (ကြာသပတေးနေ့)**

| | |
|---|---|
| ၀၂း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၀) |
| ၀၂း၃၀ | မြန်မာရုပ်ရှင် "ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်" |
| ၀၅း၀၀ | အစီအစဉ်ပြီး၏။ |

# စိတ်ဝင်စားစရာကောင်းလာတဲ့ ဆာလက်ရဲ့ အနာဂတ်

**လီဗာပူးအသင်းရဲ့ အဓိကအားထားရတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ မိုဟာမက်ဆာလက်ဟာ အခုနှစ်ဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့တာကြောင့် ဆာလက်ကိုခေါ်ယူလိုတဲ့ ထိပ်တန်းအသင်းတွေ ဥရောပတစ်ဝန်းမှာ အများအပြားရှိလာခဲ့ပါတယ်။**




လက်ရှိမှာ ဥရောပရဲ့ ထိပ်တန်းအသင်းတွေဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်း၊ ပီအက်စ်ဂျီအသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ လီဗာပူးတိုက်စစ်မှူး ဆာလက်ကို ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပါတယ်။

တိုက်စစ်မှူး မိုဟာမက်ဆာလက်ဟာဆိုရင် အခုနှစ်ဘောလုံးရာသီမှာ လီဗာပူးအသင်းအတွက် ဂိုးအများဆုံးသွင်းယူထားတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ကလပ်အသင်းအတွက်ရော နိုင်ငံအသင်းအတွက်ပါ ပွဲစဉ် ၄၃ ပွဲကစားပေးခဲ့ကာ သွင်းဂိုး ၃၇ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။

ဒါကြောင့် တိုက်စစ်မှူး ဆာလက်ရဲ့ ဂိုးသွင်းနိုင်စွမ်းရှိမှုဟာ ဥရောပလိဂ်ပြိုင်ပွဲတွေမှာ အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ထားတဲ့ ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်လာခဲ့တာဖြစ်ပါတယ်။

အဲဒီလို ဆာလက်ရဲ့ ဂိုးသွင်းစံချိန်မြင့်တက်လာခဲ့တာကြောင့် လီဗာပူးအသင်းအတွက် အားထားရတဲ့ကစားသမားတစ်ဦးကို ထိန်းသိမ်းထားနိုင်ဖို့ အခက်အခဲတစ်ခုနဲ့ ရင်ဆိုင်လာခဲ့ရသလိုဖြစ်လာခဲ့ပြီး ဆာလက်ကို ခေါ်ယူဖို့ ဆန္ဒရှိနေတဲ့အသင်းတွေကလည်း ပြောင်းရွှေ့ကြေးပေါင် သန်း ၂၀၀ အထိပေးခေါ်ဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။

ဒါပေမဲ့ လီဗာပူးအသင်းနည်းပြ ကလော့ကတော့ တိုက်စစ်မှူး ဆာလက်ကို အသင်းမှာ ဆက်ရှိနေဖို့ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးကိုပင် ငြင်းဆိုသွားမယ်လို့ ဆိုထားပါတယ်။

လီဗာပူးအသင်းဟာ အသင်းရဲ့ အားထားရတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဘရာဇီးကြယ်ပွင့် ကော်တင်ဟိုကို ဘာစီလိုနာအသင်းထံ ပြောင်းရွှေ့ကြေးပေါင် ၁၄၅ သန်းနဲ့ ရောင်းချခဲ့ပြီးတဲ့နောက်မှာ တိုက်စစ်မှူး ဆာလက်ဟာ ခြေစွမ်းပိုင်းပိုမိုထက်မြက်လာခဲ့တာဖြစ်ပြီး ကစားသမားကောင်းတွေကို ဆုံးရှုံးရဖို့လည်း အကြောင်းဖန်လာခဲ့ပါတယ်။

လက်ရှိအနေအထားမှာ ကမ္ဘာ့စံချိန်တင်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတွေအဖြစ် ဘာစီလိုနာအသင်းက အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီ၊ ရီးယဲလ်မက်ဒရစ်အသင်းက ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒို၊ ပီအက်စ်ဂျီအသင်းက ဘရာဇီးတိုက်စစ်မှူး နေမာတို့ကို ပိုင်ဆိုင်ထားကြတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ မိုဟာမက်ဆာလက်ကို အီတလီစီးရီးအေကလပ် ရိုးမားအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၃၄ ဒသမ ၃ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပေမယ့် ဂိုးသွင်းစွမ်းရည်မြင့်မားခဲ့တာကြောင့် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနဲ့ပင် လီဗာပူးအသင်းပိုင်ရှင် Fenway Sports Group က ယှဉ်ပြိုင်နိုင်စွမ်းရှိတယ်လို့ ဆိုထားခဲ့ပြီး လက်ရှိမှာ မိုဟာမက်ဆာလက်ဟာ အခုနှစ်ဘောလုံးရာသီမှာ တိုက်စစ်မှူးမက်ဆီထက်ပင် သွင်းဂိုးသုံးဂိုးအထိကျော်လွန်သွင်းယူနိုင်ခဲ့ကာ မိုဟာမက်ဆာလက်အနေနဲ့ ပရီမီယာလိဂ်သွင်းဂိုး ၂၈ ဂိုးအထိသွင်းယူထားနိုင်ခဲ့ပါတယ်။

အခုနှစ်ဘောလုံးရာသီမှာ ဥရောပရဲ့ ထိပ်တန်းလိဂ် လေးလိဂ်မှာ တစ်မိနစ်ဂိုးသွင်း အများဆုံးကစားသမားတွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင်လည်း ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီးဟာ ၈၁ ဒသမ ၃ မိနစ်မှာ သွင်းဂိုး ၂၃ ဂိုး၊ လီဗာပူးတိုက်စစ်မှူး မိုဟာမက်ဆာလက်ဟာ ၈၅ ဒသမ ၅ မိနစ်မှာ သွင်းဂိုး ၂၈ ဂိုး၊ လာဇီယိုတိုက်စစ်မှူး အင်မိုဘိုင်းဟာ ၉၁ ဒသမ ၇ မိနစ်မှာ သွင်းဂိုး ၂၄ ဂိုး၊ ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီဟာ ၉၁ ဒသမ ၉ မိနစ်မှာ ၂၃ ဂိုး၊ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၉၂ ဒသမ ၃ မိနစ်မှာ သွင်းဂိုး ၂၂ ဂိုး၊ မန်စီးတီးတိုက်စစ်မှူး အဂူရိုဟာ ၉၃ ဒသမ ၁ မိနစ်မှာ သွင်းဂိုး ၂၁ ဂိုး၊ ပီအက်စ်ဂျီတိုက်စစ်မှူး နေမာဟာ ၉၄ ဒသမ ၁ မိနစ်မှာ သွင်းဂိုး ၁၉ ဂိုး၊ အင်တာမီလန်တိုက်စစ်မှူး အိုင်ကာဒီဟာ ၉၅ ဒသမ ၄ မိနစ်မှာ သွင်းဂိုး ၂၂ ဂိုး၊ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီဟာ ၉၈ ဒသမ ၄ မိနစ်မှာ သွင်းဂိုး ၂၅ ဂိုး၊ ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာဟာ ၉၈ ဒသမ ၆ မိနစ်မှာ သွင်းဂိုး ၁၇ ဂိုး၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ ၁၀၁ ဒသမ ၇ မိနစ်မှာ သွင်းဂိုး ၂၄ ဂိုး၊ မိုနာကိုတိုက်စစ်မှူး ဖယ်ကာအိုဟာ ၁၀၄ ဒသမ ၈ မိနစ်မှာ သွင်းဂိုး ၁၇ ဂိုး အသီးသီးသွင်းယူနိုင်ခဲ့ကြတာကိုလည်း တွေ့မြင်ရမှာဖြစ်ပြီး တစ်မိနစ်ဂိုးသွင်းအများဆုံးစာရင်းမှာဆိုရင်လည်း လီဝန်ဒိုစကီးပြီးရင် ဆာလက်ဟာ ဂိုးသွင်းအများဆုံးအနေအထားမှာ ရောက်ရှိနေတာကြောင့် ဥရောပထိပ်တန်းအသင်းတွေ စိတ်ဝင်စားနေတာဖြစ်ပြီး အဲဒီအသင်းတွေကလည်း ဆာလက်ကိုရမယ်ဆိုရင် ပေါင်သန်း ၂၀၀ အထိတောင် ပေးခေါ်မယ်လို့ ဆိုထားတာကြောင့် လာမယ့်ရာသီမှာ မိုဟာမက်ဆာလက်အနေနဲ့ ဘယ်အသင်းမှာ မြင်တွေ့ရမလဲဆိုတာနဲ့ လီဗာပူးအသင်းမှာပဲ ဆက်ရှိနေမလားဆိုတာက စိတ်ဝင်စားစရာကောင်းနေခဲ့ပါတယ်။

ငွေကြယ် - ရေးသားသည်

# ဇာဟာကို ပေါင်သန်း ၄၀ ပေးပြီးခေါ်ယူရန် စပါးအသင်း အသင့်ရှိနေပြီဟုဆို




စပါးအသင်းသည် ခရစ္စတယ်ပဲလေ့အသင်းတောင်ပံကစားသမား ဇာဟာကို ခေါ်ယူရန် အတွက် ပြောင်းရွှေ့ကြေးပေါင်သန်း ၄၀ ပေးကာ ခေါ်ယူရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခရစ္စတယ်ပဲလေ့အသင်း နည်းပြ ရွိုင်းဟော့ဂ်ဆန်ကမူ တောင်ပံကစားသမား ဇာဟာကို ရောင်းချမည်မဟုတ်ဘဲ အသင်းတွင်သာ ဆက်လက်ရှိနေရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အတိအလင်းပြောကြားခဲ့သည်။ တောင်ပံကစားသမားဇာဟာသည် ဖေဖော်ဝါရီ ၄ ရက်က ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် ခရစ္စတယ်ပဲလေ့အသင်းနှင့်အတူ စတင်ပွဲထွက်လာခဲ့သော်လည်း ဟက်ဒါဖီးလ်အသင်းကို ခရစ္စတယ်ပဲလေ့အသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိခဲ့ချိန်တွင် ဒူးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

တောင်ပံကစားသမား ဇာဟာသည် ခရစ္စတယ်ပဲလေ့အသင်း ပရီမီယာလိဂ်တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့လျှင်သော်လည်း အသင်းမှ ထွက်ခွာရန်ရှိနေခြင်းကြောင့် ချယ်လ်ဆီးအသင်းကပင် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသူဖြစ်သည်။ စပါးအသင်းကလည်း ဇာဟာကို ခေါ်ယူရန် နောက်ထပ်ပြောင်းရွှေ့ကြေးပေါင် ၂၀ သန်းပေးမည်ဖြစ်သော်လည်း ခရစ္စတယ်ပဲလေ့အသင်းကမူ ယင်းကမ်းလှမ်းချက်ကို ငြင်းဆိုထားခဲ့သည်။

ဇာဟာသည် ၂၀၂၂ ခုနှစ်အထိ ခရစ္စတယ်ပဲလေ့အသင်းတွင် ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုထားပြီး တစ်ပတ်လုပ်ခလစာပေါင် ၁၀၀၀၀၀ ရရှိထားသူဖြစ်ကြောင်းလည်းသိရသည်။

# ဘောလုံးလောက

# သတင်းတိုများ

ပရီမီယာလိဂ်ကလပ်အာဆင်နယ်အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းမှ ဂိုးသမား လီနိုကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး လက်ရှိအာဆင်နယ်ဂိုးသမား ပီတာဆက်သည်လည်း အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်းသိရသည်။

**မန်ယူအသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကွင်းလယ်ပိုင်းကို အားဖြည့်ရန် အာဆင်နယ်အသင်းနှင့် ဝေးလ် ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးကို ခေါ်ယူရန်စောင့်ကြည့်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။**

ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂျက်ဟေးနက်သည် ဘော်ဒိုးတိုက်စစ်မှူး မယ်လ်ကွန်ကို ခေါ်ယူစာချုပ်ရန် စီစဉ်လျက်ရှိသော်လည်း အဆိုပါဘရာဇီးတိုက်စစ်မှူးမှာ စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့တွင် ကစားရန်ချိန်ဆက်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကော်တင်ဟိုကို ဘာစီလိုနာအသင်းသို့ ရောင်းချခဲ့ပြီးနောက် လီဗာပူးအသင်း၏ ကစားကွက်ကို အပြောင်းအလဲလုပ်ခဲ့ခြင်းဖြစ်ကြောင်း လီဗာပူးအသင်းတိုက်စစ်မှူး ရောဘတ်တိုဖာမီနိုက ပြောကြားခဲ့သည်။**

မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာသည် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ဘာစီလိုနာအသင်းမှ ပြောင်းရွှေ့ကာ ပီအက်စ်ဂျီအသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသည့် တိုက်စစ်မှူး နေမာနှင့်အတူ တွဲဖက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ချယ်လ်ဆီးကွင်းလယ်ကစားသမား ကန်တီသည် ၎င်းအား ပီအက်စ်ဂျီအသင်းက စိတ်ဝင်စားလျက်ရှိနေသော်လည်း လက်ရှိကလပ် ချယ်လ်ဆီးအသင်းတွင် ဆက်ကစားမည်ဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။**

# ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးငွေများ | | | | | | မီမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် သုံးငွေများ (လုပ်ငန်းသုံးရင်းနှီးငွေ) | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | သုံးငွေပေါင်း | သာမန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | သုံးငွေပေါင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၄ မှ ၈ ထိ) | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅(၁၀ မှ ၁၄ ထိ) | ၁၆(၉+၁၅) |
| ၁ | မြန်မာ့ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | ၈,၇၈၉,၀၃၁ | ၉၆,၄၈၀ | | | | ၈,၈၈၅,၅၁၁ | ၈,၈၈၅,၅၁၁ |
| ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၅၂,၁၁၇,၇၉၂ | ၁၃၁,၄၆၅,၅၇၃ | | ၈,၂၄၀,၈၃၈ | | ၁၉၂,၂၆၄,၂၀၃ | ၅၅,၅၂၂,၁၀၈ | ၁၀၀,၈၅၉,၇၆၀ | | ၃,၇၉၃,၉၂၀ | ၃,၀၀၀,၀၀၀ | ၁၆၃,၁၇၅,၇၈၈ | ၃၅၅,၄၃၉,၉၉၁ |
| ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | | | | | | | ၁၅၇,၈၃၃,၈၅၄ | ၃၉၃,၀၉၅ | | | | ၁၅၈,၂၂၆,၉၄၉ | ၁၅၈,၂၂၆,၉၄၉ |
| ၄ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၁၆,၃၉၃,၁၅၉ | ၁၅၅,၄၁၉,၄၇၄ | | ၃၃,၅၇၀,၂၂၆ | | ၆၀၅,၃၈၄,၁၅၉ | ၁,၅၄၄,၈၃၇,၀၁၇ | ၁,၃၁၈,၁၀၈ | | ၇၄,၇၇၀,၁၃၈ | | ၁,၆၂၀,၉၂၅,၂၆၃ | ၂,၂၂၆,၃၀၉,၄၃၂ |
| ၅ | စက်မှုဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၁,၉၉၈,၃၇၂ | ၄၄,၂၄၄,၁၇၃ | | ၆၁,၆၇၈,၉၃၂ | | ၁၄၇,၉၂၀,၄၇၇ | ၂၂,၀၂၃,၈၉၆ | | | | | ၂၂,၀၂၃,၈၉၆ | ၁၆၉,၉၄၄,၃၇၃ |
| ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | ၎င်း | ၃၂၉,၈၁၀,၈၃၈ | ၁၀,၈၅၄,၄၅၀ | ၃၂,၂၆၅,၉၆၂ | | ၇၈,၉၁၀,၀၀၀ | ၄၅၁,၈၄၁,၂၉၁ | | | | | | | ၄၅၁,၈၄၁,၂၉၁ |
| | ပေါင်း | | ၈၄၀,၇၆၀,၂၀၀ | ၃၄၀,၉၈၃,၉၇၀ | ၃၂,၂၆၅,၉၆၂ | ၁၀၃,၄၉၀,၉၉၆ | ၇၈,၉၁၀,၀၀၀ | ၁,၃၉၇,၄၁၁,၁၃၀ | ၁,၇၈၉,၀၀၅,၉၀၆ | ၁၀၂,၆၆၇,၄၅၃ | | ၇၈,၅၆၄,၀၅၈ | ၃,၀၀၀,၀၀၀ | ၁,၉၇၃,၂၃၇,၄၁၇ | ၃,၃၇၀,၆၄၈,၅၄၇ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးသူ | | | ၁၂၄,၉၂၆,၀၉၉ | | | | ၅,၁၁၆,၂၂၁ | | ၃၀,၇၃၂,၇၃၀ | | | ၁၆၀,၇၇၅,၀၅၀ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၃၁၁,၇၁၁,၂၉၆ | | | | | | ၁၃,၃၃၄,၀၉၁ | | | ၃၂၅,၀၄၅,၃၈၇ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | | | ၁၄၃,၄၁၉,၄၁၃ | | | | | | ၄,၄၁၃,၆၂၀ | | | ၁၄၇,၈၃၃,၀၃၃ |
| | ပေါင်း | | | | ၅၈၀,၀၅၆,၈၀၈ | | | | ၅,၁၁၆,၂၂၁ | | ၄၈,၄၈၀,၄၄၁ | | | ၆၃၃,၆၅၃,၄၇၀ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော် သမ္မတက တာဝန်ပေးသူ | ၉၄,၃၀၁,၉၆၃ | | | ၄၃,၆၄၄,၈၇၁ | | ၆,၈၇၉,၆၂၂ | | | ၁၄၄,၀၂၅,၆၅၆ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၂၇၂,၄၇၇,၉၇၀ | | | ၂၇,၂၀၀,၈၄၃ | | | | | ၂၉၉,၆၇၈,၈၁၃ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်း | ၎င်း | ၁၁၇,၁၀၄,၀၀၁ | | | ၈,၉၃၂,၈၇၇ | | | | | ၁၂၆,၀၃၆,၈၇၈ |
| | ပေါင်း | | ၄၈၃,၈၈၃,၉၃၄ | | | ၇၉,၇၇၇,၇၉၁ | | ၆,၈၇၉,၆၂၂ | | | ၅၆၉,၇၄၀,၃၄၇ |

**ဆက်လက်ဖော်ပြပါမည်။**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အခွန်အကောက်ဥပဒေနှင့် ပါလီမန်မှ ပွဲတင်သံ

## လုံဂျုံဆန်မိုင်

မတ်လ ၂၀ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို အတည်ပြုလိုက်ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အဘက်ဘက်မှ အချိန်ယူစဉ်းစားပြီး နိုင်ငံတော်နှင့် ပြည်သူတွေအတွက် ဤဥပဒေကို ပြဋ္ဌာန်းသင့်သည်ဟု ယူဆ၍ ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုပေးရန် တင်ပြခြင်းဖြစ်သည်ဟု နားလည်ရပါသည်။ လွှတ်တော်ကိုယ်စားလှယ် အတော်များများက အဖြေရှာဆွေးနွေးကြပါသည်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးနီးပါးက စိတ်ဝင်စားရင်ခုန်ကြရသော အကြောင်းအရာဖြစ်ပါ၏။ လွှတ်တော်ကိုယ်စားလှယ်များထဲတွင် ထောက်ခံသူများရှိသလို စိုးရိမ်ပူပန်သူ၊ နားမလည်နိုင်သူ၊ အစာမကျေနိုင်သူတွေလည်း ရှိပါသည်။ ပြည်သူလူထုကို ကိုယ်စားပြုသူ၊ ပြည်သူတွေ၏ အကျိုးစီးပွားကို ဦးထိပ်ထားသူ၊ တရားနည်းလမ်းကျ၍ အမှန်တရားဘက်မှ ရပ်တည်သူ ပြည်သူ့ကိုယ်စားလှယ်များ ပီသကြသည်၊ ပီပြင်ကြသည်ဟု နားလည်ရပါ၏။

ကိုယ်စားလှယ်များအနက် ဤဥပဒေသည် တရားမဝင်ငွေမည်းများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအဖြစ် နားလည်သူတွေတောင် ရှိပါသည်။ တချို့တင်ပြချက်များတွင် နောက်ကွယ်မှ အင်အားစုတစ်ခုက (Lobby) လုပ် အသုံးချခြင်းများလားဟု စိုးရိမ်သံသယရှိသူတွေတောင် ရှိကြပါ၏။ ဤဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းအားဖြင့် ငွေကြေးဖောင်းပွခြင်း၊ ကုန်ဈေးနှုန်းတက်ခြင်း စသည့် ဆိုးကျိုးတွေဖြစ်လာပြီး ပြည်သူတွေ ဒုက္ခရောက်မည်ကို စိုးရိမ်ကြပါသည်။

နိုင်ငံတော်စီးပွားရေး၏ပင်မအင်အားကို ခရိုနီများ၊ မှောင်ခိုလက်ဟောင်းများ၊ ဗျူရိုကရက်လက်ဟောင်းများက ဝင်ရောက်လက်ဝါးကြီးအုပ်မည်ကို စိုးရိမ်ကြပါသည်။ သာမန်ပြည်သူတွေ ရိုးသားစွာ ရှာဖွေ၍ ရရှိသော ဝင်ငွေနှင့် တရားမဝင်ငွေမည်းပိုင်ဆိုင်သူများ၏ ငွေကြေးကို တစ်တန်းတစ်စား၊ လက်ရည်တစ်ပြင်တည်း ထားရှိမည့်အရေးကို ဝမ်းနည်းစိတ်မကောင်းဖြစ်ကြပါ၏။ မြန်မာတစ်နိုင်ငံလုံးရှိ ဘဝနယ်ပယ်အသီးသီးမှ ပြည်သူတို့၏ ခံစားမှုကို အပြည့်အဝ အရောင်ပြန်ဟပ်ဖော်ပြခြင်းဟု နားလည်ရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံရှိ ငွေမည်းများ**

လက်ရှိမြန်မာနိုင်ငံ၏ ငွေကြေးပိုင်ဆိုင်စီးဆင်းလည်ပတ်မှုတွင် ငွေဖြူနှင့် ငွေမည်းအချိုးအစားက အနည်းဆုံး ထက်ဝက်စီလောက်ရှိပြီး ငွေမည်းဘက်ကတောင် ပိုကောင်းပိုနိုင်သည်ဟု ယူဆစရာရှိပါ၏။ ငွေမည်းများ၏ အခြေခံရေသောက်မြစ်မှာ-

၁။ မူးယစ်ဆေးဝါး၊

၂။ သယံဇာတနှင့် သတ္တုလုပ်ငန်း၊

၃။ တရားမဝင် ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်း၊

၄။ အထက်ပါလုပ်ငန်းများတွင် အခြေခံသော အချို့အစိုးရယန္တရားအစိတ်အပိုင်းများနှင့် အချို့လက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ပတ်သက်မှုမှ ရရှိသော ဝင်ငွေများ

စသည့်အချက်များကို အခြေခံသည်ဟု တွေ့ရပါသည်။

လက်ရှိမြန်မာနိုင်ငံတွင် ဗဟိုဘဏ်ကထုတ်လုပ်လိုက်သော ငွေကြေးပမာဏနှင့် လက်တွေ့ လည်ပတ်နေသော ငွေကြေးပမာဏ၊ အစိုးရက တရားဝင်အခွန်ကောက်ရသော စာရင်းပေါ်အခြေခံသည့် ငွေကြေးပမာဏနှင့် ပြည်တွင်းငွေကြေးဈေးကွက်တွင် လက်တွေ့လည်ပတ်နေသော ငွေကြေးပမာဏ များစွာကွာခြားနေမည်မှာ မုချဖြစ်ပါသည်။

**ဥပမာ တင်ပြပါမည်**

စာရေးသူသည် ကချင်ပြည်နယ် ဇာတိဖြစ်၍ မြစ်ကြီးနားနှင့် ဖားကန့်တွင် အခြေပြုနေထိုင်သူဖြစ်ပါသည်။ ကချင်ပြည်နယ်ကို အခြေပြု၍တင်ပြပါမည်။

၁၉၉၀ ပြည့်နှစ်ပတ်ဝန်းကျင် ကျောက်စိမ်းကုမ္ပဏီများမပေါ်ပေါက်မီ၊ အစိုးရနှင့် ဖက်စပ်လုပ်ငန်းများ မပေါ်ပေါက်မီ ဖားကန့်ကျောက်စိမ်းနယ်မြေသို့ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ တရုတ်ပြည်နှင့် မန္တလေး၊ ရန်ကုန်နှင့် ပြင်ပမှ လွှဲပို့လိုက်သောငွေမှာ တစ်ရက်လျှင် သိန်းနှစ်ရာမှသုံးရာကြားရှိသည်ဟု ခန့်မှန်းခဲ့ကြပါသည်။ ထိုစဉ်က အမေရိကန် တစ်ဒေါ်လာ၏ တန်ဖိုးမှာ ကျပ်ငွေတစ်ရာ စွန်းစွန်းသာရှိခဲ့ပါသည်။ လက်ရှိ ၂၀၁၈ ဖားကန့်ကျောက်စိမ်း နယ်မြေသို့ လွှဲပို့ရောက်ရှိပြီး စက်ယန္တရားနှင့် လုပ်ငန်းလည်ပတ်မှုအတွက် တစ်ရက်သုံးစွဲငွေမှာ ကျပ်ငွေ သန်းနှစ်ထောင်နှင့် သုံးထောင် ကြားရှိမည်ဟု ခန့်မှန်းကြပါ၏။

ထွက်ရှိသည့် ကျောက်စိမ်းရိုင်းနှင့် ကျောက်မျက်များ၏ ၉၀ ရာခိုင်နှုန်းသည် တရုတ်ပြည်သို့ ရောက်ရှိ၍ တရားဝင်၊ တရားမဝင်လမ်းနှစ်ခုစလုံးမှ ရောက်ရှိခြင်းဖြစ်ပါသည်။ ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိသည့် အရည်အသွေးမြင့် ကျောက်များမှာ အမှန်တကယ်ထွက်ရှိသည့် ပမာဏ ၏ ၁၀ ရာခိုင်နှုန်းကျော်ကျော်သာဖြစ်၍ အများစုသည် တခြားနည်းလမ်းဖြင့် တရုတ်ပြည်ဈေးကွက်သို့ ပို့ဆောင်ရောက်ရှိသည်ဟု ခန့်မှန်းကြပါ၏။

၁၉၉၄ ခုနှစ် နောက်ပိုင်းတွင် ကချင်ပြည်နယ်ရှိ ဗန်းမော်ခရိုင်၊ မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်တို့မှ တန်ချိန်ပေါင်း သန်းချီရှိသော ကျွန်းသစ်ပင်များ အငုတ်ပါမကျန် အစအနပျောက်ခဲ့ရပါ၏။ ဧရာဝတီမြစ်၊ မေခမြစ်၊ တနိုင်းချောင်းနှင့် ချောင်းကြီးချောင်းငယ် အသွယ်သွယ်မှ တန်ချိန်ပေါင်းဆယ်ပေါင်းများစွာဟု ခန့်မှန်းရသော ရွှေများကို တူးဖော်ထုတ်ယူခဲ့ကြပါ၏။ ကချင်ပြည်နယ်၏ လူသူမပေါက်ရောက် မထိတို့ ရသေးသော စိမ်းလန်းစိုပြည်သော တောင်တန်းများမှ များစွာသော သဘာဝတောမှ သစ်ပင်များ ပြောင်သလင်းခါသွားခဲ့ရပါ၏။

ကချင်ပြည်နယ်အတိုင်းအတာထက်ပို၍ ကြီးမားကျယ်ပြန့်သော ရန်ကုန်၊ မန္တလေးနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပို၍ကြီးမားသော အစိုးရ၏ စီမံကိန်းကြီးများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ၊ ရေအားလျှပ်စစ်စီမံကိန်းများ၊ သတ္တုလုပ်ငန်းများ၊ သွင်းကုန်၊ထုတ်ကုန်လုပ်ငန်းများ၊ ကန်ထရိုက်စာချုပ်များ၊ ယခုနောက်ပိုင်း ရေနံလက်ယက်တွင်းများမှ ငွေမည်းများ မည်ရွေ့မည်မျှရှိမည်ကို အတိအကျ ခန့်မှန်းဖို့ခက်ပါသည်။ အမေရိကန်ဒေါ်လာ သန်းပေါင်းထောင်ချီရှိနိုင်ပါသည်။

မြန်မာနိုင်ငံသည် တရားဝင်ရရှိသော ကိန်းဂဏန်းများအရ အာဆီယံနိုင်ငံများ၏ အဆင်းရဲဆုံးတိုင်းပြည်ဖြစ်သည်ဟု ဆိုကြပါသည်။ အခြားတစ်ဖက်တွင် အမေရိကန်ဒေါ်လာ သန်းထောင်ချီပိုင်သော မြန်မာနိုင်ငံသား ဘီလျံနာသူကြွယ်တွေ ဆယ်ဂဏန်းရှိနေကြသည်မှာ အမှန်ဖြစ်ပါ၏။

တရုတ်နိုင်ငံကွမ်ဂျိုးနှင့် ဖန်ဂျိုးရှိ ဘဏ်များ၊ ဟောင်ကောင်ဘဏ်များတွင် မြန်မာနိုင်ငံ ကျောက်ကုန်သည်များ၏ အပ်ငွေမှာ အမေရိကန်ဒေါ်လာ သန်းထောင်ချီရှိနေမှာ မုချဖြစ်ပါသည်။ တရုတ်နိုင်ငံ ခွန်မင်း၊ ထိန်ချုံး၊ ရွှေလီ၊ မန်စီ၊ ရင်ကျန်းမြို့များတွင် မြန်မာနိုင်ငံမှ ကျောက်ကုန်သည်များ၊ သစ်ကုန်သည်များ၊ မူးယစ်ကုန်သည်များ၊ သာမန်ကုန်သည်များပိုင် ဘဏ်စာရင်းမှာ အမေရိကန်ဒေါ်လာ သန်းရာပေါင်းများစွာ ရှိနေမည်မှာသေချာ သလောက်ဖြစ်ပါ၏။

ထိုင်းနှင့် စင်ကာပူဘဏ်များတွင်လည်း မြန်မာနိုင်ငံသားများ၏ ဘဏ်စာရင်းစုစုပေါင်း အမေရိကန်ဒေါ်လာ သန်းထောင်ဂဏန်းရှိနိုင်သည်ဟု ခန့်မှန်းရပါ၏။

မြန်မာနိုင်ငံ၏ လက်ဟောင်းဗျူရိုကရက်များ၏ ပိုင်ဆိုင်ငွေမှာ ဆွစ်ဇာလန်ဘဏ်များတွင် အမေရိကန် ဒေါ်လာသန်းထောင်ချီ၍ ရှိမည်ဟု ခန့်မှန်းရပါ၏။

ကိန်းဂဏန်းအရ ခန့်မှန်းရခက်သော ပြည်တွင်းမှ သစ်မှောင်ခိုလုပ်ငန်း၊ သတ္တုမှောင်ခိုလုပ်ငန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများသည် အခြေခံအားဖြင့် ငွေမည်းများဖြစ်ပါသည်။ တရားမဝင်စီးပွားရေးလုပ်ငန်းများသည် လုပ်ငန်းပမာဏကြီးလေ ငွေပေးငွေယူလုပ်ငန်းကို ငွေသားဖြင့်မဟုတ်ဘဲ အွန်လိုင်းစနစ်ကိန်းဂဏန်းဖြင့် စာရင်းရှင်းလေ ဖြစ်ကြပါသည်။ ထို့ကြောင့် တရားဝင်စာရင်းဇယားရရှိရန် ခက်ခဲပါသည်။

**အထက်ပါ ငွေကြေးများကို နိုင်ငံခြားဘဏ်များတွင် ထားရခြင်းမှာ-**

၁။ မိမိတရားမဝင်ရရှိသော ငွေများကို ငွေကြေးစနစ်ခိုင်မာသော နိုင်ငံခြားဘဏ်များတွင် သိုဝှက်ထည့်ထားပြီး ပုံမှန်အတိုးရရှိရန် ဖြစ်ပါ၏။

၂။ အာမခံချက်မရှိသော၊ အပြောင်းအလဲမြန်သော၊ ရှုပ်ထွေးသော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးစနစ်အပေါ် အယုံအကြည်နည်း၍ သံသယရှိ၍ ဖြစ်ပါ၏။

၃။ တကျထဲကျနေသော မြန်မာကျပ်ငွေတန်ဖိုးအပေါ် အယုံအကြည်နည်းပြီး စိုးရိမ်မှုရှိနေ၍ ငွေကြေးခိုင်မာသော နိုင်ငံခြားငွေဖြင့် ထားရှိခြင်းဖြစ်ပါသည်။ တရုတ်ယွမ်ငွေနှင့် စင်ကာပူဒေါ်လာကို အများအားဖြင့် အသုံးချကြပါသည်။

ပြည်တွင်းရှိ သာမန်ကုန်သည်များ၊ ပြည်သူများအနေဖြင့် မိမိ၏ ပိုလျှံငွေကို ရွှေဝယ်ထားခြင်း၊ ပြည်တွင်းဘဏ်တွင် အပ်ထားခြင်း၊ ပိုင်ဆိုင်မှုတစ်ခုယူထားခြင်းကို ပြုလုပ်ကြပါ၏။

**လက်ရှိအစိုးရ၏ ရည်ရွယ်ချက်**

လက်ရှိအစိုးရသည် NLD အစိုးရပင်ဖြစ်ပါ၏။ အစိုးရသည် ခေတ်မီတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးခရီးကို ဖော်ဆောင်ရန် ကြိုးစားနေသော၊ အုတ်မြစ်ချနေသော အစိုးရဖြစ်ပါ၏။ တိုင်းပြည်ချမ်းသာကြွယ်ဝတိုးတက်ရေးကို အမှန်တကယ် လိုလားဆောင်ရွက်လိုသည့် အစိုးရဖြစ်ပါ၏။ မိမိပေးထားသည့် ကတိအတိုင်း ပွင့်လင်းမြင်သာသည့် ဒီမိုကရေစီအခွင့်အရေးကို အခြေခံသည့် ဒီမိုကရေစီဖက်ဒရယ်တိုင်းပြည်ကို ပုံဖော်တည်ဆောက်ရန် တာဝန်ယူထားသူ၊ တာဝန်ရှိသူအစိုးရလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပင်မစီးပွားရေးလုပ်ငန်းများစွာတို့သည် ဆယ်စုနှစ်ပေါင်းများစွာ တရားဥပဒေ စိုးမိုးရေး၏ အပြင်ဘက်တွင် ရှင်သန်လှုပ်ရှားခဲ့ရပါ၏။ ဤလှုပ်ရှားမှုမှရရှိသော ငွေကြေးများသည် ထုံးစံအတိုင်း နိုင်ငံတော်၏ တရားဝင်စာရင်းဇယား ပြင်ပတွင် ရောက်ရှိခဲ့ရပါ၏။ ဤမျှပမာဏများသော ငွေကြေးများကို ပိုင်ဆိုင်သူများမှာလည်း မိမိတို့ မြန်မာနိုင်ငံသားများပင်ဖြစ်ကြပါ၏။ ဤငွေကြေးများ ဥပဒေ၏ ပြင်ပကို ရောက်ရှိနေရခြင်း၏ အခြေခံအကြောင်းအရင်းမှာလည်း မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ် အားနည်းချက်ပေါ်အခြေခံသည်ဟု ဆိုရမည်ဖြစ်ပါ၏။

ဤငွေကြေးများကို သပိတ်မှောက် စည်းခြားထားပြီး ဥပဒေပြင်ပတွင် ဆက်လက်ထားရှိမည်ဆိုပါက ရေရှည်တွင် တိုင်းပြည်သာ နစ်နာ၍ အမြော်အမြင်နည်းရာ ကျမည်ဖြစ်ပါ၏။ မိမိတို့ တိုင်းပြည်သည် ဆင်းရဲခေတ်နောက်ကျနေသေးသည်ဖြစ်၍ နိုင်ငံခြားတိုင်းပြည်မှ ငွေချေးနေရသည်ဖြစ်ပါ၏။ နိုင်ငံခြားအရင်းအနှီးကိုပင် ဖိတ်ခေါ်စည်းရုံးနေရသည် မဟုတ်ပါလား။ ပြည်သူများဆီမှငွေပင် ချေးယူသုံးစွဲနေရသည်မဟုတ်ပါလား။

အစိုးရအနေဖြင့် ပြည်သူများဆီမှ တရားဝင်ရရှိသော အခွန်ငွေသည်သာ တိုင်းပြည်၏ သဘိတ်ဝင်၊ အိတ်ဝင် ဝင်ငွေဖြစ်ပါသည်။ ပြည်သူများ စီးပွားရေးလုပ်ငန်းထွန်းကားမှ၊ လက်တွေ့ ကုန်ထုတ်လုပ်ငန်းတိုးတက်မှ အခွန်များများရ၍ တိုင်းပြည်တိုးတက်ချမ်းသာမည်ဟု ယူဆပုံရပါ၏။ ဤရည်မှန်းချက်အတွက် ပြည်သူများ အလုပ်လုပ်ရန် လိုသည်။ စက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ သွင်းကုန်၊ ပို့ကုန်လုပ်ငန်း တိုးတက်ရန် လိုပါသည်။ နိုင်ငံတကာ ကုန်သွယ်ဝန်ဆောင်မှုလုပ်ငန်းများတွင် မြန်မာနိုင်ငံသားများ ဝင်ရောက်ပါဝင်ဖို့ လိုသည်။

ဤလုပ်ငန်းများအတွက် အရင်းအနှီးလိုသည်။ ပြည်တွင်းရှိ ဘက်ပေါင်းစုံမှ အရင်းအနှီးများကို ဖော်ထုတ်ဖို့လိုသလို ပြည်ပအရင်းအနှီးများကိုလည်း ဖိတ်ခေါ်ဖို့လိုသည်။ ပြည်ပမှဝင်လာသော အရင်းအနှီးတင်သွင်းရာတွင် ဤငွေကြေး၏ နောက်ခံအကြောင်းအရင်း ရေသောက်မြစ်ကို စစ်ဆေးရန် နောက်ကြောင်းပြန်ရန် အခက်အခဲရှိနေမည်မှာ မုချဖြစ်ပါ၏။ ဤကိစ္စသည် တစ်ကမ္ဘာလုံးအတိုင်းအတာအရ တွေ့ကြုံရသည့် ပြဿနာဖြစ်ပါ၏။

ဤအခြေအနေ၊ ဤအကြောင်းအချက်အောက်တွင် မြန်မာနိုင်ငံသားများပိုင်သော ပြည်တွင်း ပြည်ပမှ တရားမဝင်ငွေများကို ဥပဒေပြင်ပတွင် ဆက်လက်ထားရှိခြင်းထက် တရားဝင်ဖြစ်အောင် ဥပဒေပြုပြီး ပြည်သူများအတွက်၊ တိုင်းပြည်အတွက် အကျိုးရှိအောင် အသုံးချခြင်းက ပို၍ ကျိုးကြောင်းဆီလျော်ရာ ရောက်သည်ဟု လက်ရှိအစိုးရက တွေးတောချိန်ဆဆုံးဖြတ်ချက် ချမှတ်ပါသည်။

**ကမ္ဘာ့အရင်းအနှီးများ၏ ရေသောက်မြစ်**

လူသားသမိုင်း၏ ပင်မရေစီးကြောင်းအရ ရှေးအကျဆုံးယဉ်ကျေးမှုပုံစံအဖြစ် အရှေ့အလယ်ပိုင်းကို အခြေခံသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ ဂရိအင်ပါယာ ကျဆုံးပြီးနောက် ရောမအင်ပါယာခေတ် ရောက်ခဲ့ပါ၏။ ထို့နောက် ဘုရားကျောင်းတော်က လွှမ်းမိုးခဲ့သော အမှောင်ခေတ်ကို ရောက်ခဲ့ပါ၏။ ဆယ့်ငါးရာစု နှောင်းပိုင်းမှစပြီး ပြန်လည်ပြုပြင်ခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်း ခေတ်ရောက်ခဲ့ပါသည်။ ထို့နောက် စက်မှုတော်လှန်ရေးနှင့်အတူ နယ်ချဲ့စနစ်ရောက်ခဲ့ပါသည်။

ထို့နောက် နယ်ချဲ့စနစ်ကျရှုံးပြီး ဆိုရှယ်လစ်တိုင်းပြည်များ လွတ်လပ်သော အမျိုးသားနိုင်ငံများဖြင့် ချိတ်ဆက်ပူးပေါင်းထားသော ကမ္ဘာ့လူမှုအဖွဲ့အစည်းသစ် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါ၏။ နှစ်ဆယ်ရာစု နှောင်းပိုင်းကာလအထိ ဤပုံစံအတိုင်းဖြစ်ပါသည်။ ဤ ၂၁ ရာစု ခေတ်ကိုကား ဂလိုဘယ်လိုက်ဇေးရှင်းနှင့် IT နည်းပညာအဖြစ် ပုံဖော်ထားသော ခေတ်သစ်အရင်းရှင် ဒီမိုကရေစီခေတ်နှင့် ခေတ်သစ်ဆိုရှယ်လစ် ဈေးကွက်စီးပွားရေးခေတ်ဟု ခေါ်ဝေါ်ကောင်း ခေါ်ဝေါ်နိုင်စရာရှိသည့် ခေတ်ဖြစ်ပါ၏။

ဤခေတ်ဤအခြေအနေအထိ ရောက်ရှိလာခဲ့သော ကျွန်တော်တို့လူသားများ၏ အရင်းအနှီး ပိုင်ဆိုင်မှုသည် ဘယ်ကရရှိခဲ့သနည်း။ ဘယ်ကလာခဲ့သနည်း။

ဂရိအလက်ဇန်းဒါးဘုရင်သည်လည်းကောင်း၊ ကွန်စတင်တိုင်းနှင့် ရောမဘုရင်များသည် လည်းကောင်း၊ ဂျင်ဂျစ်ခန်သည်လည်းကောင်း၊ တူရကီအော်တိုမန်ဘုရင်များသည်လည်းကောင်း၊ ဗြိတိသျှအင်္ဂလိုဆက်ရှင် မင်းဆက်သည်လည်းကောင်း၊ တိုင်းတစ်ပါးကို ကျူးကျော်လုယက်ပြီး အင်ပါယာ ထူထောင်ခဲ့ကြပါ၏။ ပြင်သစ်တော်လှန်ရေးနှင့် ခရွန်ဝဲခေါင်းဆောင်သော ဗြိတိသျှဒီမိုကရေစီတော်လှန်ရေး၊ ဆွန်ယက်ဆင်ခေါင်းဆောင်သော တရုတ်တော်လှန်ရေး၊ ကိုလိုနီတိုင်းပြည်များ၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲများသည်လည်းကောင်း၊ ရုရှားနိုင်ငံ၏ အောက်တိုဘာတော်လှန်ရေးများသည် အာဏာနှင့် အရင်းအနှီးကို

စာမျက်နှာ ၁၈ သို့

# ဇောင်းတူရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**ပဲခူး မတ် ၂၀**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မတ် ၂၀ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့နယ် ဇောင်းတူကျေးရွာအုပ်စု တိုက်ကြီးကျေးရွာအနီးရှိဇောင်းတူ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဇောင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စက်ရုံမှူး ဦးဇော်ထွန်းက ဇောင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်ရုံအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲလာကြပြီဖြစ်၍ စက်ရုံအား ရာသီမရွေးသတ်မှတ်သည့် မဂ္ဂါဝပ်အပြည့် လည်ပတ်နိုင်ရေး၊ စက်ယန္တရားများ ကြံ့ခိုင်နေစေရန် အမြဲတမ်း စစ်ဆေးသွားရန်နှင့် လျှပ်စစ်မီးအန္တရာယ်ကိုလည်း ဂရုတစိုက် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဇောင်းတူလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပဲခူးမြို့၏ အနောက်မြောက်ဘက် ၄၂ မိုင်ခန့်အကွာ ပဲခူးမြစ်ပေါ်တွင် တည်ရှိသည်။ ၎င်းစက်ရုံအား ၁၉၉၄ ခုနှစ်တွင် ဆောက်လုပ်ခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် စတင်လည်ပတ်နိုင်ခဲ့ပြီး ၁၀ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် နှစ်စဉ် ၇၆ ဒသမ ၃ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါစက်ရုံသည် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ စိုက်ပျိုးရေးအတွက် လယ်မြေများကို ရေပေးရန်၊ ပဲခူးမြစ်တွင် ရေကြောင်းသွားလာမှု ပိုမိုကောင်းမွန်စေရန်နှင့် ပဲခူးမြစ်ရေကြီးခြင်းမှ ကာကွယ်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဒစ်ဂျစ်တယ်ဘဏ္ဍာရေးဂေဟစနစ် တည်ဆောက်ရန် Huawei နှင့် ကမ္ဘောဇဘဏ် စာချုပ်ချုပ်ဆို

**ရန်ကုန် မတ် ၂၀**
မြန်မာနိုင်ငံ၏ အကြီးဆုံး ပုဂ္ဂလိကဘဏ်ဖြစ်သော ကမ္ဘောဇဘဏ်သည် အားလုံးပါဝင်နိုင်သော ဒစ်ဂျစ်တယ်ဘဏ္ဍာရေး ဂေဟစနစ် တည်ဆောက်နိုင်ရန်အတွက် မတ်လ ဒုတိယပတ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှိန်းကျိန့်မြို့ရှိ Huawei အပြည်ပြည်ဆိုင်ရာဌာနချုပ်၌ Huaweiနှင့် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ အဆိုပါ သဘောတူညီမှုကြောင့် မြန်မာနိုင်ငံသားများအနေဖြင့် ဘဏ္ဍာရေးစနစ်ကို ပိုမိုအသုံး ပြုခွင့်ရရှိလာပြီး ထိုမှတစ်ဆင့် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝများ ရရှိနိုင်စေရန် ရည်ရွယ်ကြောင်း ကမ္ဘောဇဘဏ်မှ ယနေ့ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။




"ဘဏ်အကောင့်ရှိပြီး အသုံးပြုနေတဲ့ ပြည်သူတွေဟာ မြန်မာနိုင်ငံလူဦးရေရဲ့ ၁၀ ရာခိုင်နှုန်း၊ လျှပ်စစ်မီးရရှိအသုံးပြုနိုင်တာက ၃၀ ရာခိုင်နှုန်းပဲရှိပေမယ့် ၉၀ ရာခိုင်နှုန်းသော ပြည်သူတွေမှာ စမတ်ဖုန်းကိုယ်စီ ရှိကြပါတယ်၊ ကျွန်တော်တို့ရဲ့ အိပ်မက်ကတော့ ၁၀ နှစ်အတွင်း စမတ်ဖုန်းအသုံးပြုပြီး ပြည်သူတွေရာနှုန်းပြည့် ပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်၊ ပြည်သူတွေအတွက် အကျိုးရှိစေမယ့် အားလုံးပါဝင်နိုင်တဲ့ ဒစ်ဂျစ်တယ်ဘဏ္ဍာရေး ဂေဟစနစ်ကို အကောင်အထည်ဖော်ဖို့ Huawei ကို Technology Partner အနေနဲ့ လက်တွဲလုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် အလွန်စိတ်လှုပ်ရှားမိပါတယ်" ဟု ကမ္ဘောဇဘဏ်၏ အမှုဆောင်အရာရှိချုပ် Mike DeNoma က ပြောကြားသည်"ကမ္ဘာပေါ်မှာ စီမံခန့်ခွဲမှုအကောင်းဆုံးဘဏ်တစ်ခု ဖြစ်လာဖို့အတွက် ကမ္ဘာ့အဆင့် မိတ်ဖက်တွေရှာဖွေ ပူးပေါင်းဆောင်ရွက်ပြီး ပိုမိုကောင်းမွန်တဲ့ ဘဏ်လုပ်ငန်း အတွေ့အကြုံတွေနဲ့အတူ ပြည်သူကို အကျိုးပြုနိုင်ဖို့ဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေကို ကူညီဖြည့်ဆည်းပေးနိုင်မယ့် မိုဘိုင်းနည်းပညာဝန်ဆောင်မှုတွေ ပေးရာမှာ ကမ္ဘာ့ရှေ့ဆောင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Huaweiနဲ့ အတူပူးပေါင်း လုပ်ဆောင်ခွင့်ရတဲ့အတွက်လည်း အလွန်ပဲဝမ်းသာမိပါတယ်" ဟု Mike က ထပ်လောင်းပြောကြားသည်။

ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ယခု ပူးပေါင်းဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးသာမက လူမှုဘဝတိုးတက်မှုကိုပါ တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်းဆိုသည်။ "ကျွန်တော်တို့နိုင်ငံဟာ အပြောင်းအလဲတွေ အများကြီးကို ဖြတ်သန်းနေရပြီး ဒီအပြောင်းအလဲတွေဟာလည်း စိတ်လှုပ်ရှားစရာ အခွင့်အရေးတွေ အများကြီး ရရှိနေပါတယ်၊ ပြည်သူတွေအားလုံး အလွယ်တကူအသုံးပြုနိုင်မယ့် ပိုမိုကောင်းမွန်တဲ့ ဘဏ်စနစ်မှတစ်ဆင့် မြန်မာနိုင်ငံသားအားလုံးရဲ့ လူနေမှုအဆင့် အတန်းတွေ မြင့်တက်လာစေမယ့် အရေးကြီးတဲ့ အပြောင်းအလဲတစ်ခု ဖြစ်တာကြောင့် ဂုဏ်ယူမိပါတယ်၊ မြန်မာနိုင်ငံဟာ ကောင်းမွန်ပြည့်စုံတဲ့ ဘဏ်တစ်ခုရရှိဖို့ ထိုက်တန်ပြီး ဒီလိုဘဏ်မျိုးဖြစ်လာဖို့အတွက်လည်း ကျွန်တော်တို့ ကြိုးစားနေပါတယ်" ဟု ကမ္ဘောဇဘဏ် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ပြောကြားခဲ့သည်။

Huawei Myanmar ၏ CEO Mr.Zhang Liman က "မြန်မာနိုင်ငံဟာ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး နယ်ပယ်ကဏ္ဍမျိုးစုံ ဖွံ့ဖြိုးတိုးတက်လာဖို့ အလားအလာတွေ ရှိနေပါတယ်။ မြန်မာပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ ဘဏ္ဍာရေးဝန်ဆောင်မှုတွေကို ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲမှုတွေနဲ့ ဦးဆောင်ကဏ္ဍမှ ဆောင်ရွက်ပေးနိုင်ဖို့ မြန်မာနိုင်ငံရဲ့အကြီးဆုံးဘဏ်ကြီးဖြစ်တဲ့ ကမ္ဘောဇဘဏ်က အမြဲစိတ်အားထက်သန်နေပါတယ်၊ ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ မြန်မာနိုင်ငံမှာ အားလုံးပါဝင်နိုင်တဲ့ ဘဏ္ဍာရေးစနစ်ဖြစ်ထွန်းလာမှုကို အရှိန်မြှင့်ပေးမယ် လို့ယုံကြည်ပါတယ်၊ ကျွန်တော်တို့ရဲ့ တီထွင်ဆန်းသစ်မှုတွေနဲ့ ဘဏ္ဍာရေး နည်းပညာသစ်တွေဟာ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ လူနေမှုဘဝသာမက နိုင်ငံရဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကိုလည်း မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်"ဟုပြောကြားသည်။

ကမ္ဘာ့ထိပ်တန်းနည်းပညာ ကုမ္ပဏီဖြစ်သည့် Huawei ၏ အားသာချက်များဖြစ်သော သုတေသနနှင့် ဖွံ့ဖြိုးမှု၊ ခေတ်မီနည်းပညာများမှတစ်ဆင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ပိုမိုကောင်းမွန်သည့် တန်ဖိုးများ ရရှိလာစေရန် ကမ္ဘောဇဘဏ်မှ မျှော်လင့်ထားကြောင်း ကမ္ဘောဇဘဏ်လီမိတက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(၀၁၀)**

## ဖျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် နောက်ဖေးလမ်းကြားများ ရှင်းလင်း

**တာမွေ မတ် ၂၀**
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန လက်ထောက်ဌာနမှူး ဒေါ်နန်းတင်ယုဆွေ၊ တောင်ပိုင်းခရိုင်မှူး ဦးသက်ဝေနှင့် တာမွေမြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးဝင်းကျော်မြင့်တို့ဦးဆောင်ကာ မတ် ၂၀ ရက် နံနက်က တာမွေမြို့နယ် ဖျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် အောင်တေဇလမ်းနှင့် ဗညားဒလလမ်း နောက်ဖေးလမ်းကြား၊ အောင်မာယလမ်းနှင့် ဖျိုင်းရေအိုးစင်လမ်းကြား၊ အောင်တေဇလမ်းနှင့် အောင်ချမ်းသာလမ်းကြားတို့အား အမှိုက်ထုတ်လုပ်ငန်း ဆောင်ရွက်ပေးခဲ့ကြသည်။

"နောက်ဖေးလမ်းကြား အမှိုက်ထုတ်ပြီး သန့်ရှင်းရေးလုပ်ခဲ့ကြတာ လေးငါးကြိမ်ရှိပါပြီ၊ ပြည်သူတွေက စည်းကမ်းမဲ့အမှိုက်တွေ ပြန်လည်စွန့်ပစ်တော့ အမှိုက်တွေ ပြန်ရောက်လာပါတယ်၊ အားလုံးကဝိုင်းဝန်းထိန်းသိမ်းကြဖို့ လိုအပ်ပါတယ်" ဟု အောင်ချမ်းသာလမ်းနေ ဦးခင်မောင်သိန်းက ပြောသည်။

"တိုက်တွေမှာ တွယ်ကပ်သစ်ပင် ရှင်းပေးတာ၊ မိလ္လာကန်နဲ့ရေပိုက်တွေပြုပြင်ပေး တာ၊ နောက်ဖေးလမ်းကြား ကျူးကျော်အဖီ အဆွယ်တွေ ရှင်းပေးတာတွေကို ပူးပေါင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးယုလေးအောင်က ပြောသည်။

အဆိုပါ လုပ်ငန်းအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်နှင့် ဦးလှသိန်း၊ တောင်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးအောင်သန်းထွဋ်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးယုလေးအောင်တို့က ကြည့်ရှုအားပေးခဲ့ကြသည်။

**၁၉၇**

# ကနဦးပေးသွင်းငွေ ၁၀ ရာခိုင်နှုန်းဖြင့် စွမ်းအားမြင့်ထွန်စက်များ တောင်သူများဝယ်ယူ

**တပ်ကုန်း မတ် ၂၀**
နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ကျေးလက်နေပြည်သူများသည် အိမ်မွေးဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်မွေးမြူခြင်းအပြင် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားပြီး မိသားစုစီးပွားရေးဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်းများ၌ မရှိမဖြစ်လိုအပ်သည့် ကျွဲ၊နွားများအစား စွမ်းအားမြင့်ထွန်စက်များ အသုံးပြုလာကြကြောင်းသိရသည်။ ထွန်စက် များသည် ဆက်စပ်ပစ္စည်းများတပ်ဆင်၍ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်းနှင့် မြေညှိခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေကြသဖြင့် တောင်သူအချို့ ဝယ်ယူအသုံး ပြုလာကြကြောင်းသိရသည်။

အမှတ်(၆၈)စက်မှုလယ်ယာဦးစီးဌာနသို့ ကနဦးပေးသွင်းငွေ ၁၀ ရာခိုင်နှုန်း ပေးသွင်းပြီး သုံးနှစ်အတွင်း အရစ်ကျဆပ်စနစ်ဖြင့် (ဆိုနာလီကာ) ထွန်စက်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ စက်မှုလယ်ယာပြခန်း၌ ကျင်းပရာ နေပြည်တော်စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝေ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ Farmers Choice ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ထွန်စက်ဝယ်ယူသူနှင့်စိတ်ပါဝင်စားသည့်တောင်သူများတက်ရောက်၍ ညွှန်ကြားရေးမှူး ဦးကျော်ဝေက ထွန်စက်ရောင်းချခြင်းနှင့် အရစ်ကျဆပ်စနစ်များရှင်းလင်းပြီးနောက် တောင်ပို့သာကျေးရွာမှဝယ်ယူသည့် တောင်သူ ဦးမြသောင်းအား စာချုပ်နှင့်စက်သော့ပေးအပ်သည်။



အဆိုပါထွန်စက်တစ်စီးလျှင် ၃၁၅ သိန်းဖြစ်ပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်ဝယ်ယူနိုင်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်

**ဖြူး မတ် ၂၀**
ဖြူးမြို့နယ် ညောင်ပင်သာတိုက်နယ်ဆေးရုံ၌ ဒုတိယအကြိမ် ပြည်သူလူထုအခြေပြု ရွှေ့လျားပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို မတ် ၁၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြူးမြို့ခုတင် ၁၀၀ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ၊ တိုင်းရင်းဆေးရုံအုပ်ကြီးနှင့် တိုင်းရင်းဆေးသမားတော်များက ဒေသခံပြည်သူများအား ဆေးကုသပေးခြင်း၊ မှုခင်းကျဆင်းရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးခြင်းတို့ကို မြို့နယ်တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး မှုခင်းအသိပညာပေး

**ကွမ်းခြံကုန်း**
ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးစိုင်းမောင်သိန်းသည် တောကျောင်းကျေးရွာ၌ မတ် ၁၈ ရက်က သက်ငယ်မုဒိမ်းမှုနှင့် လူကုန်ကူးမှု မဖြစ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအကြိုလေ့ကျင့်

**တောင်ကြီး မတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ မတ် ၂၀ ရက် နံနက်က ဖွင့်ပွဲကျင်းပမည့် အဝေရာကုန်းမြင့်သာယာမီးပုံးပျံကွင်းတွင် ဖွင့်ပွဲအကြိုအစမ်း လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအကြို အစမ်းလေ့ကျင့်မှုကို အဝေရာကုန်းမြင့်သာယာ မီးပုံးပျံကွင်းရှိ ဖွင့်ပွဲစတိတ်စင်ရှေ့၌ ကျင်းပရာ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ စာတမ်းစိစစ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ လုပ်ငန်းကော်မတီအသီးသီးမှဌာန ဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**





**စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ ငလျင်ဘေးအန္တရာယ်အသိပညာပေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြအခမ်းအနားကို မတ် ၁၉ ရက်က အမှတ်(၁) အခြေခံပညာအထက်ကျောင်း အသင်္ချာခန်းမ၌ ကျင်းပစဉ်။** မျိုးဝင်း(ပြန်/ဆက်)

# ငလိုက်ချောင်းသန့်ရှင်းသာယာရေး စုပေါင်းဆောင်ရွက်

**ပျဉ်းမနား မတ် ၂၀**

နေပြည်တော် ပျဉ်းမနားမြို့နယ် မျှဝေသောလက်များ (ပျဉ်းမနား)အသင်းမှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ မတ် ၁၈ ရက် နံနက် ၆ နာရီမှစ၍ မြို့နယ်အတွင်းသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည့် ငလိုက်ချောင်းမှ အမှိုက်များနှင့် အညစ်အကြေးများကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရခြင်းမှာ အမှိုက်များရှိပါက ပြည်သူလူထု ကျန်းမာရေး ထိခိုက်လာနိုင်ကြောင်း၊ အမှိုက်ကင်းစင်၍ ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုကောင်းမွန်လာစေရန်၊ သဘာဝရေမှ အမှိုက်ကြောင့် ရေဆိုးဖြစ်ခြင်းကို ပြန်လည်ကောင်းမွန်လာစေရန်နှင့် နွေရာသီတွင် ပြည်သူများ ချောင်းရေကို ပြန်လည်သုံးစွဲနိုင်ရန်အတွက်ရည်ရွယ်၍ နေပြည်တော်အတွင်းရှိ ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ပေါင်း ၃၄ ဖွဲ့နှင့် ပြည်သူများပူးပေါင်း ဆောင်ရွက်ရာတွင် ရေသန့်ဘူးများ၊ အချိုရည်များနှင့် မုန့်များကို စေတနာရှင်များက လာရောက်လှူဒါန်းကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ဖူးစားပြောင်းဈေးနှုန်း ယမန်နှစ်ထက် မြင့်တက် မန္တလေးဈေးကွက်၌ အရောင်းသွက်

**မန္တလေး မတ် ၂၀**

ယခုနွေဦးကာလတွင် ထွက်ရှိလာသော ဖူးစားပြောင်းများ ယမန်နှစ်ဈေးနှုန်းထက် ကျပ်တစ်သောင်းကျော်မြင့်တက်၍ မန္တလေးဈေးကွက်၌ အရောင်းသွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါပြောင်းများမှာ ယမန်နှစ်က ၅၄ ပိဿာ (သုံးတင်းဝင်တစ်အိတ်လျှင်) ကျပ် ၂၃၀၀၀ နှုန်းသာရှိခဲ့သော်လည်း ယခုနှစ် မတ် ၁၈ ရက်တွင် ဝယ်လက်များလာမှုကြောင့် ကျပ် ၃၅၀၀၀ နှုန်းအထိ မြင့်တက်လာသောကြောင့် မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“ဒီပြောင်းကို တရုတ်နိုင်ငံကလည်း တစ်နှစ်ပတ်လုံးတောက်လျှောက်ဝယ်ခဲ့လို့ လက်ကျန်နည်းသွားတဲ့အပြင် ပြည်တွင်းမှာလည်း တိရစ္ဆာန်အစာစပ်စက်ရုံတွေ တည်ဆောက်လာကြတဲ့အတွက် ပြည်တွင်းရော၊ ပြည်ပကပါ ဝယ်ယူနေကြတဲ့အတွက် ဈေးတက်သွားတာပါ၊ လွန်ခဲ့တဲ့ လေးနှစ်လောက်က တရုတ်က မြန်မာ့ပြောင်းကို ဓာတုဆေးဝါးအကြောင်းပြပြီး ဈေးနှိမ်ခဲ့ကြပေမယ့် ဒီနှစ်တော့ ဟန်တောင်မဆောင်နိုင်ဘဲ ဝယ်နေကြပြီလေ၊ အခုလိုဈေးကောင်းတော့ တောင်သူတွေပျော်နေကြပေမယ့် အစာစပ်စက်ရုံတွေအဖို့ ညည်းတွားစရာပါပဲ”ဟု ၎င်းက ပြောသည်။

အဖူးစားပြောင်းများကို တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးချိန်မှ ရက် ၁၀၀ နှင့် ၁၂၀ ကြားတွင် ရိတ်သိမ်းနိုင်ကာ ယခုထွက်ရှိသည့် နွေပြောင်းများမှာ ရေကျချိန်မြစ်ရိုးတစ်လျှောက်၌ စိုက်ပျိုးထားသဖြင့် ဆုံးရှုံးမှုမရှိစေရန်ရေမတက်မီ အချိန်မီရိတ်သိမ်းရကြောင်းသိရသည်။

“မြစ်ရေအတက်စောလို့ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတွေလည်း ကြုံခဲ့ရပါတယ်၊ ဒီနှစ်တော့ကျွန်တော့ အခင်းက ရေလွတ်ချိန် ရိတ်သိမ်းနိုင်တဲ့အတွက် အပျက်အစီးမရှိ တင်းငါးရာလောက်ထွက်တယ်။ ထွက်တဲ့အချိန်မှာလည်း ဈေးကောင်းရခဲ့ပါတယ်”ဟု ရေစကြိုမြို့နယ်မှ တောင်သူဦးကျော်မြင့်က ပြောသည်။

အဆိုပါ ဖူးစားပြောင်းများကို ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်း ဒေသများတွင် အများဆုံး စိုက်ပျိုးကြပြီး ယခုရာသီတွင်ထွက်ရှိသည့် နွေပြောင်းများမှာ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အစောဆုံးထွက်ရှိလာခြင်းဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း ဧရာဝတီတိုင်းဒေသကြီးမှလည်း ထွက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

❂ စာမျက်နှာ ၁၆ မှ

ရယူပိုင်ဆိုင်မှုပြောင်းလဲယူခြင်း အလှည့်အပြောင်းလှုပ်ရှားမှုများပင်ဖြစ်ပါ၏။ လူသားသမိုင်းသည် ဤပုံစံအတိုင်း ခရီးသွားနေခြင်းဖြစ်ပါ၏။

ပဒေသရာဇ်မင်းဆက်များနှင့် မြေရှင်များကို မတ္တိုင်ပြုပိုင်ဆိုင်သော မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှများက လုယူခဲ့ပါ၏။ မြန်မာမျိုးချစ်နိုင်ငံရေးသမားများ၊ ရဲဘော်သုံးကျိပ်ဝင်များကို မတ္တိုင်ပြုသော မြန်မာနိုင်ငံသားများက နယ်ချဲ့ဗြိတိသျှထံမှ လွတ်လပ်ရေးကို တိုက်ယူပြီး တစ်စုံတစ်ရာသော အတိုင်းအတာအထိ ဒီမိုကရေစီရှိသော တိုင်းပြည်ကို ထူထောင်ခဲ့ကြဖူးပါ၏။ ထို့နောက် ဗိုလ်ချုပ်ကြီး နေဝင်းခေါင်းဆောင်သော စစ်တပ်ကို ဗဟိုပြုသည့် အုပ်ချုပ်ရေးစနစ်ဖြင့် ဆယ်စုနှစ်ပေါင်းတချို့ အုပ်ချုပ်ခဲ့ကြပါ၏။ ထို့နောက် ၂၀၀၈ အခြေခံဥပဒေကို အခြေခံပြီး လက်ရှိအချိန်တွင် NLD ပါတီသည် ၂၀၁၅ ရွေးကောက်ပွဲဖြင့် အစိုးရဖြစ်လာခြင်း ဖြစ်ပါ၏။

ဤလှုပ်ရှားမှုများသည် နိုင်ငံတော်၏ ပင်မအာဏာနှင့် အရင်းအနှီးကို ပိုင်ဆိုင်အသုံးချမှု အနှစ်သာရကို ပြောင်းလဲယူခဲ့ရသည့် အလှည့်အပြောင်းများပင်ဖြစ်ပါသည်။

လက်နက်တစ်ခု၊ နည်းပညာတစ်ခုသည် လူဆိုး၏ လက်တွင်ရှိနေလျှင် လူဆိုးက အသုံးချမည်ဖြစ်ပြီး လူကောင်းလက်သို့ရောက်လျှင် လူကောင်းက သုံး၍ အကျိုးရှိမည်ဖြစ်ပါသည်။

တန်ဖိုးသဘောတရားတွင် ယုံကြည်မှုတန်ဖိုးနှင့် အသုံးဝင်မှုတန်ဖိုးရှိသည်ဟု ဆိုပါသည်။

လက်ရှိအစိုးရသည် ယုံကြည်မှုတန်ဖိုးကို အမိအရ ရယူအသုံးချပြီး လေးနက်တန်ဖိုးရှိသော အသုံးဝင်မှုတန်ဖိုးအဖြစ် အသွင်ပြောင်းအသုံးချရန် ရည်ရွယ်ချက်ရှိနေသည့် သဘောဖြစ်ပါ၏။ ဥပဒေပြင်ပရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ၏ ပိုင်ဆိုင်မှုကို နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အသုံးပြုရန် ရည်ရွယ်ခြင်းဖြစ်နိုင်ပါသည်။

နိုင်ငံရေးအရ အမျိုးသားရင်ကြားစေ့ရေးပေါ်လစီအရ ငွေကြေးပိုင်ရှင်များ မနစ်နာသည့် ပေါ်လစီနှင့် ပေါင်းစပ်ပြီး တိုင်းပြည်ကြီးပွားတိုးတက်ရေးအတွက် အသုံးချရန် လမ်းကြောင်းခင်းပေးခြင်း၊ ခေါင်းဆောင်မှုပေးခြင်းပင်ဖြစ်ပါ၏။

**တရုတ်ပြည်၏ နမူနာ**

တရုတ်ခေါင်းဆောင် မော်စီတုန်းသည် ယဉ်ကျေးမှု တော်လှန်ရေးအဆုံးသတ်အပြီးတွင် လေးမျိုးခေတ်မီရေးမူကို ချမှတ်ခဲ့ပါသည်။ လေးမျိုးခေတ်မီရေးဆိုသည်မှာ ပညာရေးနှင့် ကျန်းမာရေးခေတ်မီရေး၊ လယ်ယာနှင့် စက်မှုလုပ်ငန်း ခေတ်မီရေး၊ သိပ္ပံနှင့် နည်းပညာခေတ်မီရေး၊ ကာကွယ်ရေးခေတ်မီရေးတို့ ဖြစ်ပါသည်။ ထို့နောက် တံခါးဖွင့်ပေါ်လစီကို ချမှတ်ခဲ့ပါသည်။

မော်စီတုန်း၏ အခြေခံမူကို လက်တွေ့နည်းပညာအရ အကောင်အထည်ဖော်ခဲ့သူမှာ တိန့်ရှောက်ဖိန်ဖြစ်ပါသည်။ ထို့ကြောင့်ဟု ထင်ပါသည်။ တိန့်ရှောက်ဖိန်သည် ဥက္ကဋ္ဌကြီး မော်စီတုန်း၏ ဘဝဖြစ်စဉ်ကို သုံးသပ်အကဲဖြတ်ရာတွင် အမှန် ၇၀ ရာခိုင်နှုန်းနှင့် အမှားက ၃၀ ရာခိုင်နှုန်းဟု ကောက်ချက်ချသတ်မှတ်ခဲ့ပါ၏။ အမှားများတွင် ယဉ်ကျေးမှုတော်လှန်ရေးက အရေးကြီးသည့် အခန်းမှပါသည်ဟု ယူဆရပါသည်။

တိန့်ရှောက်ဖိန်ခေတ် တရုတ်ပြည်၏ စီးပွားရေးပြောင်းလဲမှုများအနက် မျက်မှောက်မြန်မာနိုင်ငံအခြေအနေနှင့် တိုက်ဆိုင်သောအချက် သုံးခုကို တင်ပြလိုပါသည်။ ၎င်းတို့မှာ -

၁။ ကိုလိုနီတစ်ပိုင်း ပဒေသရာဇ်တစ်ပိုင်း တိုင်းပြည်အဖြစ် စစ်ဘုရင်များက ခွဲဝေအုပ်စိုးခဲ့သည့် မှောင်မိုက်ခဲ့သော တရုတ်ပြည်မှ အသိပညာရှင်၊ အတတ်ပညာရှင်များစွာတို့သည် အမေရိကနှင့် ဥရောပနိုင်ငံများသို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ကြပါသည်။ တရုတ်ကွန်မြူနစ်ပါတီက ၎င်းတို့အား တရုတ်နိုင်ငံသစ်ထူထောင်ရေးအတွက် တစ်တပ်တစ်အား ပါဝင်အကျိုးပြုရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါသည်။

၂။ မှောင်မိုက်ခဲ့သောခေတ်ဟောင်း တရုတ်ပြည်အုပ်ချုပ်ရေးစနစ်ကို မခံနိုင်၍ အာရှ၊ ဥရောပ၊ အမေရိကနိုင်ငံများသို့ ပြောင်းရွှေ့အလုပ်အကိုင် ရှာဖွေလုပ်ကိုင်ခဲ့ကြသော လုပ်ငန်းရှင်အဆင့်သို့ ရောက်ရှိနေကြသော ပင်လယ်ရပ်ခြား တရုတ်အမျိုးသားများကို ခေတ်သစ်တရုတ် ပြည်ထူထောင်ရာတွင် တစ်တပ်တစ်အား ပါဝင်ကြရန် တရုတ်ကွန်မြူနစ်ပါတီက ဖိတ်ခေါ်အသုံးချခဲ့ခြင်းဖြစ်ပါ၏။

၃။ နိုင်ငံခြားအရင်းအနှီးများကို ဖိတ်ခေါ်ခြင်း၊ အထူးစီးပွားရေးဇုန်များ သတ်မှတ်ခြင်း၊ အကျိုးတူ ဖက်စပ်လုပ်ငန်းများ ချမှတ်ခြင်း၊ ပြည်နယ်များကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များပေးခြင်းတို့ ဖြစ်ပါသည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ဆိုရှယ်လစ်ဈေးကွက်စီးပွားရေး၏ အခြေခံအနှစ်သာရများအနက် တစ်ခုမှာ အရင်းရှင်စနစ်မှ အရင်းအနှီးများ၊ နည်းပညာများကို မိမိပါတီ၏ အခြေခံမူကို လက်မလွတ်သည့်မူအောက်တွင် မိမိတိုင်းပြည်နှင့် ပြည်သူတွေ၏ အကျိုးစီးပွားအတွက် ရဲရဲဝံ့ဝံ့ ရယူအသုံးပြုခြင်းပင်ဖြစ်ပါ၏။

စာရေးသူ မှတ်မိသလောက်ဆိုရင် တိန့်ရှောက်ဖိန်၏ စီးပွားရေးပေါ်လစီ စတင်ချမှတ်ခဲ့သော ၁၉၈၀ ပြည့်နှစ်ဝန်းကျင်မှ ၁၉၉၀ ပြည့်နှစ်ဝန်းကျင် နှစ်များအထိ နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁၁ ရာခိုင်နှုန်း ဝန်းကျင်ရှိလာခြင်းပင်ဖြစ်ပါ၏။

တရုတ်စီးပွားရေးပညာရှင်များက ဤသို့တိုးတက်မှုနှုန်း ကြီးမားမြန်ဆန်ခြင်းကို စိုးရိမ်ခဲ့ကြပါ၏။ ဘေးထွက်ဆိုးကျိုးရှိလာမည်ကို စိုးရိမ်၍ နှစ်စဉ် ခုနစ်ရာခိုင်နှုန်း ပတ်ဝန်းကျင်အနေအထားဖြင့် ထိန်းထားပြီး ပုံမှန်သွားနေလျှင် ၂၀၂၅ ခုနှစ်လောက်တွင် ဥရောပတိုက်၏ လူနေမှုဘဝကို အခြေခံအားဖြင့် လိုက်မီနိုင်မည်ဟု တွက်ချက်ခဲ့ကြသည်ကို မှတ်မိပါသည်။

ယခု ၂၀၁၈ ခုနှစ်ကို ရောက်နေပြီ ဖြစ်ပါသည်။ တရုတ်ပြည်သူလူထု၏ လူနေမှုဘဝသည် ဥရောပလူနေမှုဘဝကို လိုက်မီရန် မည်ရွေ့မည်မျှ အလှမ်းဝေးသေးသည် သို့မဟုတ် နီးစပ်လာသည်ကို နှိုင်းယှဉ်ဖို့ကား စာရေးသူ အနေဖြင့် လက်လှမ်းမမီနိုင်ပါ။ တိုင်းပြည်တစ်ခု တိုးတက်ချမ်းသာဖို့၊ ပြည်သူလူထု၏ ဘဝသာယာချမ်းမြေ့ဖို့ဆိုသည်မှာ နိုင်ငံရေးစနစ်နှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍသည် ပဓာနကျကြောင်းကို မြန်မာနိုင်ငံသားများ သင်ခန်းစာယူရမည်ဖြစ်ပါသည်။ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့ထူထောင်နေသည့် စီးပွားရေးလမ်းကြောင်းပုံစံမှာ ဆိုရှယ်လစ်လမ်းကြောင်း မဟုတ်ဘဲ ပြည်သူလူထု၏ လက်တွေ့ဘဝနှင့် အနီးစပ်ဆုံးပေါင်းစပ်ထားသည့် အရင်းရှင်လစ်ဘရယ် ဒီမိုကရေစီ စီးပွားရေးလမ်းကြောင်းသာ ဖြစ်ကြောင်း နားလည်သဘောပေါက်ဖို့ လိုပါသည်။

**ပြည်ထောင်စု လွှတ်တော်နှင့် ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်**

မော်စီတုန်း မကြာခဏပြောခဲ့သော စကားတစ်ခွန်းကို မှတ်မိပါသည်။ “ငါးကြီးတွေကို ရေနက်ထဲမောင်းပို့ခြင်း” ဆိုသော စကားဖြစ်ပါသည်။

အာဏာရှင်တို့သည် မိမိ၏ ပြိုင်ဘက်ဖြစ်နိုင်သည်ဟု ယူဆသူများကို ကြောက်ကြ၏။ အစွမ်းအစရှိသူများ၊ အရည်အချင်းရှိသူများမိမိကိုလိုက်မီရန် အလားအလာရှိသူများ၊ မိမိကို မထောက်ခံသူများကို ဖိနှိပ်ကြ၏။ နှိပ်ကွပ်ကြပါ၏။ ထိုသောအခါ “တိုးတက်သူများ၊ အစွမ်းအစရှိသူများသည် မိမိ၏ ဌာနေ၊ မိမိ၏ တိုင်းပြည်မှ ရှောင်ခွာထွက်သွားကြကုန်၏။

ဆိပ်ကမ်းတစ်ခုသည် ငါးမျိုးစုံကျက်စားဝင်ထွက်နေမှ စိုပြည်မည်ဖြစ်ပါ၏။ ငါးကြီးတစ်ကောင်သာ ကြီးစိုးမင်းမူသော ဆိပ်ကမ်းသည် အထီးကျန်ခြောက်ကပ်နေမည်ဖြစ်ပါ၏။ အာဏာရှင်များသည် မိမိကိုသူများကြောက်နေခြင်းကို အောင်မြင်မှုဟု ယူဆလေ့ရှိကြ၏။ မြန်မာနိုင်ငံသည် အထီး ကျန်ခြောက်ကပ်သော ဆိပ်ကမ်းနှင့်တူသော တိုင်းပြည်ဖြစ်ခဲ့ဖူးပါသည်။ NLD အစိုးရ၏ပေါ်လစီသည် ဆိပ်ကမ်းစိုပြည်အသက်ဝင်လာဖို့အတွက် ထွက်ပြေးသွားခဲ့သော ငါးကြီး၊ ငါးကလေးများကို ဖိတ်ခေါ်နေခြင်းပင်ဖြစ်ပါ၏။ တစ်ဖက်တွင် ငါးကြီးမောင်းထုတ်ခြင်းနဲ့ ပတ်သက်ခဲ့သူများကိုလည်း နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးအတွက် လက်တွဲဖို့ လက်ကမ်းနေခြင်းဖြစ်ပါ၏။

တရုတ်လူမျိုးတို့၏ စီးပွားရေး သဘောတရားတွင် “ကြက်မငှားခြင်း” ဆိုသည့် စကားတစ်ခုလည်း ရှိပါသည်။ တစ်ပါးသူ၏ ကြက်မကို ငှားရမ်းပြီး မိမိ၏ ကြက်ခြံတွင် ဥဥခိုင်းခြင်းဖြင့် ထွက်ရှိလာသော ကြက်ဥများသည် မိမိပိုင် ကြက်ဥများပင် ဖြစ်လာမည်ဖြစ်ပါ၏။ ကြက်မငှားပေးသူကို ထိုက်တန်သော ကျေးဇူးတင်ကြေးပေးရမည်ကို မနေ့မြောကောင်းသကဲ့သို့ အပြန်အလှန်အကျိုးရှိသော နားလည်မှုကို လက်ခံရမည်ဖြစ်ပါ၏။

ဆိုလိုသည်မှာ မိမိတိုင်းပြည်၏ အကျိုးစီးပွားအတွက် ပြည်တွင်းပြည်ပမှ တက်ကြွသည့် အစိတ်အပိုင်းအားလုံးကို ရယူအသုံးချတတ်ရမည်ဖြစ်ပါ၏။ လက်တွေ့လုပ်ငန်းတွင် မိမိ၏အခြေခံမူ မိမိ၏ရည်မှန်းချက်ပန်းတိုင်ကို အတိမ်းအစောင်း အထိအပါးမခံစေရန် ဥပဒေများ၊ နည်းဥပဒေများ ချမှတ်ပြီး နိုင်ငံတော်အုပ်ချုပ်ရေးစနစ်ကို ပုံဖော်ပေးရန်နှင့် ထိန်းကျောင်းပေးရန်မှာ ဂုဏ်ပြုလေးစားအပ်ပါသော ပြည်သူ့ကိုယ်စားလှယ်များ၏ တာဝန်သာဖြစ်ကြောင်းပါခင်ဗျား။ ။











# တစ်ဦးတည်းလေးဂိုးသွင်းယူနိုင်ကြသူတွေ သုံးဦးအထိ ပေါ်ပေါက်ခဲ့တဲ့ ယခုရက်သတ္တပတ်

ကစားသမားတစ်ဦးအတွက် ဥရောပလိဂ်လို အဆင့်မြင့်လိဂ်ပြိုင်ပွဲတွေမှာ တစ်ပွဲတည်း သုံးဂိုးသွင်းယူနိုင်ဖို့ဆိုတာ အတော်ကို ခက်ခဲတဲ့ကိစ္စဖြစ်ပြီး တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်ဖို့ဆိုတာ အင်မတန်ခက်ခဲတဲ့ ကိစ္စရပ်ပါ။ ဒီရက်သတ္တပတ်မှာတော့ တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးသုံးဦးအထိ ထွက်ပေါ်ခဲ့တာကြောင့် အင်မတိအင်မတန်ကို ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ခဲ့တယ်လို့ သတ်မှတ်ရတော့မှာဖြစ်ပါတယ်။

လီဗာပူးတိုက်စစ်မှူး ဆာလာ၊ အင်တာမီလန် တိုက်စစ်မှူး အစ်ကာဒီ၊ ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ဟာ တစ်ဦးတည်း လေးဂိုးစီ သွင်းယူနိုင်ခဲ့ကြတာကြောင့် ထိပ်တန်းတိုက်စစ်မှူးတွေ သွင်းဂိုးပြိုင်ခဲ့ကြတဲ့ ရက်သတ္တပတ်လို့ အမည်တပ်ရတော့မှာပါ။ ဒီလို တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်ခဲ့ကြတာကလည်း ပရီမီယာလိဂ်၊ စီးရီးအေနဲ့ လာလီဂါတို့လို အဆင့်အတန်းအမြင့်ဆုံးလိဂ်တွေ ဖြစ်နေတာကလည်း နောက်ထပ် အံ့အားသင့်စရာ အချက်တစ်ခုပါ။

ဒီတိုက်စစ်မှူး သုံးဦးထဲက အရင်ဆုံးဂိုးသွင်းယူနိုင်သူကတော့ လီဗာပူးရဲ့ ဆာလာဖြစ်ပြီး သူဟာ လီဗာပူးက ဝက်ဖို့ဒ်ကို ငါးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ တစ်ပွဲတည်း လေးဂိုးသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဆာလာဟာ ဒီနှစ်ဘောလုံးရာသီ လီဗာပူးရဲ့ အတောက်ပဆုံး ကစားသမားဖြစ်တယ်ဆိုတာ သူ့ရဲ့ သွင်းဂိုးတွေကသက်သေပြနေခဲ့ပြီးဖြစ်သလို မက်ဆီနဲ့ နှိုင်းယှဉ်မှုတွေရှိ နေချိန်မှာပဲ လီဗာပူးနည်းပြ ကလော့ပ်ကလည်း မက်ဆီလို စွမ်းဆောင်နိုင်မယ့် လမ်းကြောင်းပေါ် ဆာလာရောက်ရှိနေခဲ့ပြီလို့ ချီးကျူးခဲ့ပါသေးတယ်။

တစ်ပွဲတည်းလေးဂိုးသွင်းယူနိုင်တဲ့ နောက်ထပ် ကစားသမားတစ်ဦးကတော့ အင်တာမီလန် တိုက်စစ်မှူး အစ်ကာဒီပါ။ အစ်ကာဒီကတော့ အင်တာမီလန်အသင်းက ဆမ်ဒိုးရီးယားအသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ ၂၁မိနစ်အတွင်း လေးဂိုး သွင်းယူနိုင်သွားခြင်းနဲ့အတူ ဒီတစ်ပတ်ရဲ့နောက်ထပ်တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်တဲ့ ဒုတိယမြောက်ကစားသမားဖြစ်လာပါတယ်။ အစ်ကာဒီဟာ ဒဏ်ရာပြဿနာတွေနဲ့အတူ သုံးလကြာဂိုးပေါက်ပျောက်နေခဲ့ပေမယ့် တစ်ပွဲတည်း လေးဂိုးသွင်းပြီး အဆုံးသတ်လိုက်တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်အတွင်း မိနစ် ၃၀မှာ သွင်းယူခဲ့တဲ့ဂိုးဟာ အင်တာမီလန်အတွက် သူ့ရဲ့ ဂိုး ၁၀၀ ပြည့်သွင်းဂိုးဖြစ်သလို အသင်းဟောင်းဆမ်ဒိုးရီးယားကို ၂၁ မိနစ်အတွင်း လေးဂိုးဆက်တိုက် သွင်းယူလိုက်တယ်ဆိုတဲ့ မှတ်တမ်းတစ်ခုကိုပါ ထပ်ရခဲ့တာဖြစ်ပါတယ်။

တတိယမြောက် ပေါ်ထွက်လာသူကတော့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုပါ။သူကတော့ ရီးယဲလ်က ဂျီရိုနာကို ခြောက်ဂိုး-သုံးဂိုးနဲ့ အနိုင်ရတဲ့ ပွဲစဉ်မှာ တစ်ပွဲတည်း လေးဂိုးသွင်းယူပြီး သူဟာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးနေရာမှာ ရှိနေတယ်ဆိုတာကို သက်သေပြသွားပါတယ်။ စီရိုနယ်လ်ဒိုအနေနဲ့ ၂၀၁၇-၁၈ ဘောလုံးရာသီအစမှာ တောက်လျှောက် ဂိုးသွင်းနှုန်း ကျဆင်းခဲ့ပေမယ့် ဇန်နဝါရီလနှောင်းပိုင်းကစပြီး တရစပ်ဂိုးသွင်းခြေရလာခြင်းနဲ့အတူ နောက်ဆုံးကစားခဲ့တဲ့ ၁၁ ပွဲမှာ ၂၁ ဂိုး အထိ သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုကတော့ သူ့ကစားသမားဘဝသက်တမ်းတစ်လျှောက် ဟက်ထရစ်ဂိုး အကြိမ် (၅၀) ရရှိခြင်းလည်း ဖြစ်လာခဲ့ပါတယ်။

# မော်ရင်ဟို သဘောပေါက်သင့်ပြီ

မလဲ့သင်း – ရေးသားသည်။

မန်ယူက ဘရိုက်တန်ကို အနိုင်ရတဲ့ ပွဲစဉ်မှာ နည်းပြ မော်ရင်ဟိုက သူ့ကစားသမားတွေအနေနဲ့ အဆင့်အတန်းတစ်ရပ်ကို ပြသနိုင်ခြင်းမရှိသလို အနိုင်ရလိုစိတ်လည်း ပြင်းထန်ခြင်းမရှိဘူးလို့ ဝေဖန်သွားခဲ့ပါတယ်။ ဆီဗီလာကို အိမ်ကွင်းမှာ အရေးနိမ့်ပြီး ချန်ပီယံလိဂ်ပွဲအပြီး ပထမဆုံး ပြန်လည်ကစားတဲ့ ပွဲစဉ်မှာ မန်ယူအနေနဲ့ နိုင်ပွဲတွေ့ခဲ့ပေမယ့် မော်ရင်ဟိုကတော့ သဘောတွေ့တဲ့ပုံမပေါ်ဘဲ ခုလိုဝေဖန်ခဲ့တာဖြစ်ပါတယ်။

မော်ရင်ဟိုက မန်ယူအနေနဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကနေ လှည့်ပြန်ခဲ့ရတာက ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာဖြစ်ပြီး သူကိုယ်တိုင်တောင် မန်ယူကို နှစ်ကြိမ်တိုင် ချန်ပီယံလိဂ်ကနေ ထွက်ခွာစေခဲ့ဖူးတယ်ဆိုတဲ့အချက်ကို ထောက်ပြခဲ့ပါတယ်။ မော်ရင်ဟို ပြောတာ မှန်ပါတယ်။ မန်ယူဟာ ချန်ပီယံလိဂ်မှာ အစဉ်အလာကြီးတဲ့ အသင်းတော့ သတ်မှတ်ဖို့ ခက်ပါတယ်။ နည်းပြဖာဂူဆန်လက်အောက်မှာ ချန်ပီယံလိဂ်အောင်မြင်မှု ရယူခဲ့ဖူးပေမယ့် ရီးယဲလ်မက်ဒရစ်၊ အေစီမီလန်၊ ဘာစီလိုနာတို့လို အသင်းတွေနဲ့ ယှဉ်ရင် ခေါင်းတစ်လုံးနိမ့်နေသလို နောက်ဆုံး ပရီမီယာလိဂ်ပြိုင်ဘက် လီဗာပူးကိုတောင် ယှဉ်နိုင်ခြင်း မရှိပါဘူး။

မော်ရင်ဟိုရဲ့ ချန်ပီယံလိဂ်အောင်မြင်မှုကို ပြန်စဉ်းစားမယ်ဆိုရင်လည်း သူက ပေါ်တို၊ အင်တာမီလန်အသင်းတွေနဲ့ ချန်ပီယံလိဂ်အောင်မြင်မှု ရယူနိုင်ခဲ့ပေမယ့် ချယ်လ်ဆီး၊ ရီးယဲလ်တွေမှာတော့ အမြင့်ဆုံး ဆီမီးဖိုင်နယ် အဆင့်လောက်နဲ့ပဲ ကျေနပ်ခဲ့ရတာတွေ့ရပါတယ်။ ပထမအကြိမ် ချယ်လ်ဆီးကို ကိုင်တွယ်စဉ်က ကစားသမားတွေကိုစိတ်တိုင်းကျ ခေါ်ယူခွင့် ရခဲ့တာတောင် ချန်ပီယံလိဂ်ကို ရယူပေးနိုင်ခြင်းမရှိခဲ့သလို ကစားသမားကောင်းတွေ အများအပြားရှိနေတဲ့ ရီးယဲလ်မှာလည်း အလားတူပါပဲ။ ရီးယဲလ်မှာ ရာမို့စ်၊ စီရိုနယ်လ်ဒိုတို့လို စီနီယာကစားသမားတွေနဲ့ အဆင်မပြေခဲ့သလို ချယ်လ်ဆီးကို ဒုတိယအကြိမ် ထပ်မံတာဝန်ယူခဲ့ချိန်မှာလည်း ကစားသမားတွေရဲ့ ထောက်ခံမှု ပြိုလဲပြီး ရလဒ်ဆိုးတွေကြောင့် နောက်ဆုံးထုတ်ပယ်ခဲ့ရတဲ့အထိ ဖြစ်ခဲ့တာ ဖြစ်ပါတယ်။



နည်းပြနဲ့ ကစားသမားတွေဆိုတာ အပြန်အလှန် အမှီသဟဲပြုနေရတာဖြစ်ပြီး နည်းပြတစ်ယောက်ဘယ်လောက်ပဲ နည်းစနစ်ကောင်းကောင်း တကယ်အကောင်အထည်ဖော် ကစားပေးကြတဲ့ ကစားသမားတွေက နည်းပြတစ်ဦးကို အသင်းကနေ လွှင့်ထွက်သွားအောင် လုပ်လို့ရတဲ့ အခြေ အနေတွေ အများကြီးရှိပါတယ်။ စပါယ်ရှယ်ဝမ်း မော်ရင်ဟိုဟာ သူ့ရဲ့မန်ယူပထမရာသီမှာ ကစားသမားအချို့နဲ့ ပြဿနာ လို ရှိခဲ့ ပြီးဖြစ်သလို ဒီနှစ်ရာသီမှာတော့ ပေါ့ဘာ၊ မစ်ခီတာယန်တို့လို ကစားသမားတွေနဲ့ ပြဿနာဖြစ်ခဲ့ပြန်ပါတယ်။

သတင်းရင်းမြစ် အချို့ကတော့ မော်ရင်ဟိုအနေနဲ့ ကစားသမားတွေနဲ့ ဆက်ဆံရေး အဆင်ပြေအောင် ပြန်ပြီး မတည်ဆောက်နိုင်ဘူးဆိုရင် လာမယ့်နွေဈေးကွက် မန်ယူကနေ ထွက်ခွာရလိမ့်မယ်လို့ အတိအကျဖော်ပြခဲ့ပါတယ်။ ဒီတော့ အသင်းအတွက် အောင်မြင်မှုကို တည်ဆောက်လိုတယ်ဆိုရင် ကစားသမားတွေနဲ့ ဆက်ဆံရေးကောင်းကို ပြန်လည်တည်ဆောက်နိုင်ဖို့ လိုအပ်နေပြီဆိုတာ မော်ရင်ဟိုအနေနဲ့ သဘောပေါက်ဖို့ လိုအပ်နေပါပြီ။





# ဒိုင်ဗင်ပစ်ခဲ့ခြင်းအတွက် ပြစ်ဒဏ် ချမှတ်ခံရမှာမဟုတ်တဲ့ ဝဲလ်ဘတ်

အာဆင်နယ်က အေစီမီလန်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရတဲ့ ယူရိုပါလိဂ်ဒုတိယအကျော့ပွဲစဉ်အတွင်း အေစီမီလန်က တစ်ဂိုးအသာနဲ့ ဦးဆောင်နေချိန် တိုက်စစ်မှူးဝဲလ်ဘတ် ပင်နယ်တီဧရိယာအတွင်း လဲကျခဲ့ပြီး ဒီအတွက် အာဆင်နယ် ပင်နယ်တီကန်ခွင့်ရခဲ့ပါတယ်။ အာဆင်နယ်တိုက်စစ်မှူး ဝဲလ်ဘတ်နဲ့ အေစီမီလန်နောက်ခံလူ ရီကာဒိုရိုဒရီဂွက်ဇ်တို့ ရင်ဆိုင်အတွေ့တွင် ဝဲလ်ဘတ်က ပင်နယ်တီဧရိယာအတွင်း လဲကျသွားခဲ့ရာ ဆွီဒင်ဒိုင်အဲရစ်ဆန်က အာဆင်နယ်ဘက်ကို ပင်နယ်တီကန်ခွင့်ပေးခဲ့တာဖြစ်ပါတယ်။

ရီကာဒိုရိုဒရီဂွက်ဇ်က အနည်းငယ် ထိမိရုံနဲ့ ဝဲလ်ဘတ်က လဲကျသွားခဲ့တာကို ဗီဒီယို အနှေးပြကွက်တွေမှာ အထင်အရှားမြင်တွေ့ခဲ့ကြတာကြောင့်လည်း ဘောလုံးသမိုင်းရဲ့ အဆိုးဆုံး ဒိုင်ဗင်ပစ်မှုတစ်ခုအဖြစ် ဝိုင်းဝန်းဝေဖန်နေကြပါတယ်။ အာဆင်နယ်နောက်ခံလူဟောင်း မာတင်ကင်ယွန်က “ဒါက ဒိုင်ဗင်ပစ်တာနဲ့ သာတူပြီး ဒီနေရာမှာ အေစီမီလန်နည်းပြ ဂတ်တူဆို အနေနဲ့ အဝါကတ်တောင် ပြသခံရနိုင်ပါတယ်” ဟု ဝေဖန်ပြစ်တင်သွားခဲ့သလို ရုပ်သံအစီအစဉ်တင်ဆက်သူ ဂျီးနပ်စ်က ဝဲလ်ဘတ်ရဲ့လုပ်ရပ်မှာ လိမ်လည်မှု တစ်ခုသာဖြစ်ကြောင်း ပြင်းပြင်းထန်ထန် ဝေဖန်သွားခဲ့ပါတယ်။

ဒိုင်ဗင်ပစ်ခဲ့တဲ့ ဝဲလ်ဘတ်အနေနဲ့ ပြစ်ဒဏ်တစ်စုံတစ်ရာ ချမှတ်ခံရနိုင်တယ်လို့ ဘောလုံးအရေးကျွမ်းကျင်သူတွေက ခန့်မှန်းခဲ့ပေမယ့် အခုတော့ ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)က ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးခဲ့တာပါ။ အာဆင်နယ်နည်းပြ ဝင်းဂါးက အေစီမီလန်ကစားသမားများ၏ ဒေါသဖြစ်မှုကို သူ့အနေနဲ့ နားလည်ပေးနိုင်ပေမယ့် ဝဲလ်ဘတ် ဒိုင်ဗင်ပစ်ခဲ့တယ်လို့ မယိုးစွပ်ဘူးလို့သာ မယုတ်မလွန်ဖြေကြားသွားခဲ့ဖူးပါတယ်။ အေစီမီလန်နည်းပြ ဂတ်တူဆိုက “ဒိုင်ဆိုတာက အမှားကျူးလွန်နိုင်ပါတယ်။ ဒါပေမယ့် ဒီပင်နယ်တီကို ဆင်ခြေတစ်ခုအနေနဲ့ ကျွန်တော် မသုံးချင်ပါဘူး” ဟု မှတ်ချက်ပြုသွားခဲ့ပါတယ်။

အာဆင်နယ်အသင်းက ယင်းပင်နယ်တီရပြီးနောက် ပွဲပြီးခါနီးတွင် နှစ်ဂိုးဆက်တိုက်သွင်းယူသွားခဲ့ပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ကာ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး- တစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်ပါတယ်။ ကွာတားဖိုင်နယ်မှာတော့ ရုရှားကလပ် စီအက်စ်ကေအေမော်စကိုနဲ့ တွေ့ဆုံနေပြီး ဧပြီ ၆ ရက်နဲ့ ၁၃ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

# ကန်းစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်မှာ ပြသခွင့်ရခဲ့တဲ့ Mother

တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Mother"ဟာ ယခုနှစ်ရဲ့ ကန်းစ်နိုင်ငံတကာဇာတ်လမ်းတွဲ ရုပ်ရှင်ပွဲတော်မှာ ပါဝင်ပြသဖို့ရာ ရွေးချယ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ဒီရုပ်ရှင်ပွဲတော်ကိုတော့ လာမယ့် ဧပြီ ၄ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမှာဖြစ်ပြီး ကမ္ဘာတစ်ဝန်းမှာ ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေ ယှဉ်ပြိုင်ရွေးချယ်ခဲ့ရာမှာတော့ တောင်ကိုရီးယားရုပ်သံလိုင်းတစ်လိုင်းဖြစ်တဲ့ tvN က ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲ "Mother" ဟာ တစ်ကားအပါအဝင် ရွေးချယ်ခံခဲ့ရတာ ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းက မတူညီတဲ့အနုပညာဖန်တီးမှုတွေကို ပြသလိုတဲ့ရည်ရွယ်ချက်နဲ့ပြုလုပ်တဲ့ အဆိုပါရုပ်ရှင်ပွဲတော်မှာတော့ ယခုနှစ်အတွက် ပြသပေးသွားဖို့ရာ ဇာတ်လမ်းတွဲဆယ်ခုကို ရွေးချယ်ထားပြီး ယင်းဇာတ်လမ်းတွဲတွေဟာ နိုင်ငံ ကိုးနိုင်ငံက ဖန်တီးထားတဲ့ အကောင်းဆုံးသောလက်ရာတွေလည်း ဖြစ်ပါတယ်။ တောင်ကိုရီးယားဇာတ်လမ်းတွဲတွေအနေနဲ့ ကန်းစ်နိုင်ငံတကာဇာတ်လမ်းတွဲရုပ်ရှင်ပွဲတော့မှာ ထုတ်လွှင့်ပြသဖို့ရာ ရွေးချယ်ခံခဲ့ရတာဟာ "Mother"က ပထမဆုံးဖြစ်တယ်လို့လည်း သိရပါတယ်။

"Mother" ဟာ မိဘတွေရဲ့ ချစ်ခင်မှုကိုမရတဲ့ တပည့်တစ်ဦးကို တိတ်တဆိတ်ခေါ်ဆောင်ထွက်ပြေးကာ မိခင်တစ်ဦးသဖွယ် စောင့်ရှောက်ခဲ့တဲ့ ဆရာမတစ်ဦးရဲ့ အကြောင်းကို ဇာတ်လမ်းတည်ကာ ပုံဖော်ထားတဲ့ ရုပ်သံဇာတ်လမ်းတွဲဖြစ်ပါတယ်။ ကလေးကိုခေါ်ဆောင်သွားခဲ့တဲ့ ဆရာမဟာ ရဲတွေရဲ့ လိုက်လံဖမ်းဆီးခြင်းကို ခံခဲ့ရပြီး နောက်ဆုံးမှာတော့ အပြစ်ဒဏ်ခံယူခဲ့ရပါတယ်။ ဒီလိုမေတ္တာတရားကို လွမ်းဆွတ်ဖွယ်ပုံဖော်ထားတဲ့ "Mother" မှာတော့ အဓိကဇာတ်ဆောင်တွေအဖြစ် လီဘိုယောင်းနဲ့ ဟိုယိုးတို့က ပါဝင်ထားကြပြီး မင်းသမီး လီဘိုယောင်းကတော့ ဇာတ်လမ်းတွဲရိုက်ကူးထုတ်လွှင့်မှုတွေ ပြီးသွားသည့်တိုင် ယင်းရုပ်ရှင်က ဇာတ်ကောင်စရိုက်က သူ့အပေါ် လွှမ်းမိုးနေသေးတာကြောင့် နာကျင်မှုတွေကို ခံစားနေရဆဲဖြစ်ကြောင်း မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ "Mother"ဟာ tvN ကနေ ထုတ်လွှင့်ပြသခဲ့ချိန်မှာလည်း ကြည့်ရှုသူပရိသတ်များပြားခဲ့ပြီး ဇာတ်လမ်း အဆုံးသတ်သည့်တိုင် ပရိသတ်ကို စွဲဆောင်ထားနိုင်ခဲ့တဲ့ အောင်မြင်တဲ့ ရုပ်ရှင်တစ်ကားဖြစ်ခဲ့ပါတယ်။

အပိုင်း ၁၆ ပိုင်းပါဝင်တဲ့ ယင်းရုပ်သံဇာတ်လမ်းတွဲဟာ နာမည်အတူတူပင်ဖြစ်တဲ့ ဂျပန်ရုပ်ရှင်ကို ပြန်လည်ဆန်းသစ်ထားတာဖြစ်ပါတယ်။ ယင်းဇာတ်လမ်းတွဲကိုတော့ ကန်းစ်ရုပ်ရှင်ပွဲတော်မှာ လာမယ့် ဧပြီ ၉ ရက်မှာ ထုတ်လွှင့်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။




**ခင်ခင်သက်**


## နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်းခံရသည့် ကမ္ဘောဇဘဏ်လီမိတက် ဉက္ကဋ္ဌ အတွက် ဝမ်းမြောက်ဂုဏ်ယူ အနုမောဒနာပြုခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရမှ ချီးမြှင့်သည့် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခြင်း အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ မှ ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အထိ၊ တစ်နိုင်ငံလုံးတွင် ပထမနေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ချီးမြှင့်သည့် **"နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်ဆု"** ကို လည်းကောင်း၊

၂၀၁၁-၂၀၁၂ မှ ၂၀၁၃-၂၀၁၄ အခွန်စည်းကြပ်နှစ်အထိ မြန်မာတစ်နိုင်ငံလုံးတွင် ပထမနေရာမှ(၃)နှစ်ဆက် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ခဲ့သဖြင့် နိုင်ငံတော်သမ္မတ၏ **(၃)နှစ်ဆက် "နိုင်ငံ့စွမ်းဆောင်ရည်ဆု (နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်-ပထမဆု)"** ကို လည်းကောင်း၊

၂၀၁၇-ခုနှစ်၊ စက်တင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ဖိလစ်ပိုင်နိုင်ငံ၊ သမ္မတ Mr.Rodrigo Duterte မှ ပေးအပ်ချီးမြှင့်ခဲ့သည့် အာဆီယံအဖွဲ့အစည်း နှစ်(၅၀)အတွင်း ပထမဆုံးအကြိမ် ပေးအပ်ချီးမြှင့်သော အမြင့်မားဆုံးဆု **"The Legacy Award (အာဆီယံထူးချွန် စံပြစီးပွားရေး လုပ်ငန်းရှင်ဆု)"** ကို လည်းကောင်း၊

အင်္ဂလန်နိုင်ငံ၊ World Finance မှ ၂၀၁၄၊ ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ် (၃)နှစ်ဆက် ပေးအပ်ချီးမြှင့်ခဲ့သော အာရှတိုက်အတွက် **"Banker of the Year in Asia (စီမံခန့်ခွဲမှုနှင့်အုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်အကောင်းဆုံး ဘဏ်ဉက္ကဋ္ဌဆု)"** နှင့် အခြား နိုင်ငံတကာဆု အမြောက်အမြား ကိုလည်းကောင်း၊

နာယကအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့် လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီးတွင် နိုင်ငံတော်နှင့် ပြည်သူအတွက် **ကျပ်ငွေ(၁၃၈)ဘီလီယံကျော်** ကို လှူဒါန်းခဲ့ခြင်းများအတွက် နိုင်ငံ့အကျိုးပြု အရပ်သားပုဂ္ဂိုလ် ဒကာကြီး **"ကမ္ဘောဇဘဏ်လီမိတက် ဉက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဒကာကြီးကဲ့သို့ နိုင်ငံ့အကျိုးပြု ပုဂ္ဂိုလ်များ အမြောက်အမြား ပေါ်ထွန်းလာပါစေကြောင်း၊ နိုင်ငံနှင့်ပြည်သူအကျိုး၊ ဘာသာသာသနာ အကျိုးကိုလည်း ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါသည်။

**အောက်စဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိနှင့် သံဃာတော်များ**
**ကမ္ဘာ့ဗုဒ္ဓသာသနာပြု ၊ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တည်ထောင်သူ၊ တောင်ကြီးမြို့နှင့် တပည့်သာဝကများ။**

**စည်းစိမ်မင်း** 09-444450446, 09-444450558,09-250144709
[အမှတ်-၄၊သုခမှာလမ်းမကြီး၊၆-ကျေးအောင်မင်္ဂလာအဝေးပြေးအနီး] (အိမ်အရောက်လက်မှတ်ပို့)

✤ ကျိုက်ထီးရိုး(နေ့စဉ်) ✤ ချောင်းသာ (နေ့စဉ်) မဟာသင်္ကြန် အထူးခရီးစဉ်များ ကြိုတင်လက်မှတ်ရောင်းပါပြီ

✤ ရွှေစက်တော်၊ မကွေး၊ ပြည်(အကောက်တောင်) ✤ ထားဝယ်ရှင်ကိုးရှင်၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ
✤ အလောင်းတော်ကဿပ၊ မုံရွာ (သီးသန့်) ✤ ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ၊ မြိတ်
✤ ရွှေစက်တော်နှင့် အလောင်းတော်ကဿပ၊ မုံရွာ ✤ မြိတ်၊ ကော့သောင်း ကျွန်းစုများ၊ ဘုရင့်နောင်အငူ
✤ ရွှေစက်တော်နှင့် ပုဂံ၊ ပုပ္ပါး၊ ခွယ်တော်လေးဆူ ✤ ဘားအံဂူဘုရားများ၊ မြဝတီ၊ မဲဆောက်၊ ပဒေါ်
✤ ရွှေစက်တော်နှင့် ပုဂံ၊ တောင်ကြီး၊ အင်းလေး ✤ မြစ်ကြီးနား၊ မြစ်ဆုံ၊ ဇလုံတောင်၊ အင်းတော်ကြီး
✤ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ၊ အလောင်းတော်ကဿပ ✤ ငပလီကမ်းခြေ၊ ပုလဲကျွန်း၊ ကမ်းသာယာ၊ ရဟန္တာ
✤ ပုဂံ၊ ပုပ္ပါး၊ ခွယ်တော်လေးဆူ၊ မဇ္ဈိမ-သီဟိုဠ်ရှင်
✤ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းလိုဏ်ဂူ
✤ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော်

Mar 23, 30 Apr 6 12, 13

နေ့ချင်းပြန်
✤ ဘားအံဂူ(၅)ဂူ၊ ချစ်သူမြိုင်ဥယျာဉ်
✤ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲကမ်းခြေ
✤ တောင်ငူ၊ နော်ဘူဘောတောင်၊ ပသီချောင်း

ကားမျိုးစုံ စင်းလုံးငှား စီစဉ်ပေးသည်။

---

**မြရတနာ Asia King Travels**
ကျိုက်ထီးရိုး - ချောင်းသာ ( နေ့စဉ်)
ရွှေစက်တော် - ငွေဆောင် (သောကြာ)
အမှတ်(၁၁၈)သမိန်ဗရမ်းလမ်း၊တာမွေအဝိုင်းထိပ်၊ Ocean Center အနီး
09-77 85 85 911 ; 09-77 85 85 912 ; 09-4311 4301
ကားစင်းလုံးငှားသည်။ အိမ်အရောက်လက်မှတ်ပို့။

---

**ဝန်ထမ်းအလိုရှိသည်**

ချက်ပြုတ်/အသုတ်ကျွမ်းကျင် (မ-၅ဦး)
အမျိုးသမီးဝန်ထမ်း (မ-၂၀)ဦး

ဖုန်း-09-785007715,
09-776028373

---

**လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)**
**၂၀၁၇ခုနှစ်အတွက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ**

အထက်ဖော်ပြပါအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ အသက်(၈၀)နှင့်အထက်အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များ စာရင်းအား ၂၄-၃-၂၀၁၈ရက်(စနေနေ့) နောက်ဆုံးထား၍ပေးကြရန်နှင့် အသင်းသူ၊ အသင်းသားဇာတိနွယ်ဖွားများအား အစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၇-၃-၂၀၁၈(အင်္ဂါနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ(၁း၀၀)နာရီ
ကျင်းပမည့်နေရာ - အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်၊ စခွ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်။

မှတ်ချက် - ဦးအောင်သူ-ဒေါ်မေလွင်ဦး(Aung Gyi Group of Co.)မိသားစုမှ ရွှေရင်အေးဖြင့် ဧည့်ခံကျွေးမွေးပါမည်။

ဆက်သွယ်ရန် - ဥက္ကဋ္ဌ(၀၉-၅၀၈၀၈၅၅)၊ ဒုဥက္ကဋ္ဌ-၁(၀၉-၄၂၁၀၉၄၄၇၉)၊ ဒုဥက္ကဋ္ဌ-၂(၀၉-၂၆၁၀၀၉၈၅၅)၊ ဒုဥက္ကဋ္ဌ-၃(၀၉-၅၄၀၁၀၉၆)၊ အတွင်းရေးမှူး(၀၉-၂၅၀၇၃၀၃၁၀)။

**အလုပ်အမှုဆောင်အဖွဲ့**

---

**ရောင်ခြည်သစ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့် လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

---

**သီဟာလင်း**
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကားများဖြင့်လုပ်သားအပြီးအစီး မြို့တွင်း / နယ်ဝေး ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

---

" Better English For a Smarter Life"
**ဦးရဲဇော်လတ်**
M.A(UFL),MBA(UTCC)
APPLIED GRAMMAR & SPOKEN ENGLISH
တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများနှင့်ဘွဲ့ကြို၊ဘွဲ့ရများအတွက်
Basic 4 Skills | Intermediate 4 Skills | Advanced 4 Skills
March 29 Open
၁၀၁၆၊ ဘိုးရာဇာလမ်း၊ ၃၅-ရပ်ကွက်၊ ၃၅-မှတ်တိုင်အနီး၊ မြောက်ဒဂုံ၊
(☎ -09-5057138,09-73175231)လူဦးရေအကန့်အသတ်ရှိသည်

---

**KHINE**
ကိုရီးယားဘာသာ သီးသန့်
ပညာဒါန တန်းခွဲများဖွင့်ပြီ
Basic/Korea (EPS)
စုံစမ်းရန်
Tel:09-73065150
09-799890943
09-254064259

---

**မဟာသင်္ကြန် အထူးအစီအစဉ်** City & Guilds Approved Centre No - 836055
အမှတ် (၆၆/၆၈) ၅ဒီ၊ရန်ကုန်-အင်းစိန်လမ်း၊(၂)ရပ်ကွက်၊စံရိပ်ငြိမ်မှတ်တိုင်အနီး၊ကမာရွတ်၊ရန်ကုန်၊ဖုန်း- ၀၉ ၄၂၄၅၉၅၃၁၂၊ ၀၉ ၄၂၄၅၉၅၃၁၃
Facebook - Sky Star Engineering Training Centre, Email - skystarengineeringcentre@gmail.com

City and Guilds (UK)Engineering Diploma Foundation သင်တန်းများစပြီ။

**Level 3,4,5**
- Electrical and Electronic Engg; Dip;
- Civil Engineering Diploma
- Mechanical Engineering Diploma
- Maintenance Engineering Diploma

**Foundation** တွင် အခမဲ့သင်ကြားပေးမည့် ဘာသာရပ်များ
(1) Engineering Civil General Knowledge
(2) Engineering Ep,Ec and Maths
(3) Engineering Mechanical General Knowledge
(4) Computer Basic
(5) Engineering English

20 % OFF

**SKY STAR ENGINEERING TRAINING CENTRE**

---

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းနှင့်အောင်ဇေယျလမ်းထောင့်၊ ရွှေမိုးကောင်းကွန်ဒိုတိုက်အမှတ်(H)၊ အခန်းအမှတ်(၇၀၂)၊ ၇-လွှာ၊ အကျယ်အဝန်း(၁၆၈၅ စတုရန်းပေ)အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ဦးသန်းနိုင်(၁၂/တမန(နိုင်)၀၄၆၆၁၁)နှင့် ဒေါ်မိမိအေး(၁၂/တမန(နိုင်)၀၄၆၈၅၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| တရားလွှတ်တော်ရှေ့နေများ | | | အထက်တန်းရှေ့နေ |
|---|---|---|---|
| ဦးသန်းထွန်း | ဦးဝင်းအောင် | ဒေါ်ဟန်သီရီ | ဒေါ်ဝတ်ရည်ငွေ |
| LL.B, D.B.L | LL.B, D.M.L, D.B.L | LL.B, WIPO(Switzerland) | LL.B,LL.M |
| (စဉ်-၄၉၉၉) | (စဉ်-၈၁၅၆) | (စဉ်-၁၃၇၆၃) | (စဉ်-၁၆၉၁၇) |

ရုံးချုပ် > အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ > 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ > အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ > 01 - 552742, 01- 559320, 09 5060940, 09 5060938,09 73500535
Email - soesanrealestate@gmail.com

---




ပိုမိုသိရှိလိုပါက emirates.com/mm သို့ဝင်ရောက်ကြည့်ရှုခြင်း သို့မဟုတ် ဖုန်းနံပါတ် +၉၅၉ ၇၉၇ ၀၀၅ ၃၀၇ (သို့) +၉၅ ၁၉ ၃၄၅ ၃၁၁ သို့ ဖုန်းခေါ်ဆိုခြင်း သို့မဟုတ် လေကြောင်းရုံးတည်ရှိရာ မြန်မာစင်တာ (HAGL)၊ တာဝါ(၁)၊ ၆ လွှာ၊ ၁၉၂ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ကိုယ်တိုင်လာရောက်ခြင်း သို့မဟုတ် ခရီးသွားအေဂျင်စီမှ ကိုယ်စားလှယ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထင်ကျော် အသက် (၉၀)
**လွှတ်လပ်ရေးမော်ကွန်းဝင်(တတိယဆင့်)**
**မြို့နယ်ကုန်သွယ်လယ်ယာငွေစာရင်းမန်နေဂျာ(ငြိမ်း)**

မော်လမြိုင်ကျွန်းမြို့နေ (ဦးဖာလုံ-ဒေါ်အေး)တို့၏သား၊ ဒေါ်သောင်းမေ၏ခင်ပွန်း၊ နေပြည်တော်နေ ဦးခိုင်မြတ်ကျော်(ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန)-ဒေါ်မြမြသောင်း၊ မော်လမြိုင်ကျွန်းမြို့နေ ဦးစိုးထွန်းကျော်-ဒေါ်ကေသွယ်မိုး၊ ဦးခင်မောင်ကျော်(မြို့နယ်တာဝန်ခံ၊ စားသုံးသူရေးရာဦးစီးဌာန)-ဒေါ်ခင်အေးမြင့်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်ဂ်ပူလမ်း၊ အမှတ်(၂၅)နေ ဒေါက်တာတင်အုန်း (ကိုတင်အုန်းတာယာ ရောင်းဝယ်ရေး)-ဒေါက်တာပပကျော်၊ လပွတ္တာမြို့နေ ဦးကျော်ဆန်းကျော်(မြို့နယ်အုပ်ချုပ်ရေးမှူး)-ဒေါ်စတယ်လာသောင်း(အထက်တန်းပြ)တို့၏ဖခင်၊ မြေးခုနှစ်ယောက်တို့၏အဘိုးသည် ၁၉-၃-၂၀၁၈ (တနင်္လာနေ့) ည ၁၀း၄၀ နာရီတွင် အမှတ် (၂၅)၊ အင်ဂ်ပူလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သက် (၈၉)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်-ဒေါ်ခင်စိမ်းဝင်းတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်သက်သည် ၁၈-၃-၂၀၁၈ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်ဇော်-ဒေါ်အေးအေးမြင့်**
**အမြဲတမ်းအတွင်းဝန်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်း
## အသက် (၈၈) နှစ်
**A.E.E (M.E.P.E) (ငြိမ်း)**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင်၊ သက်ကြီးကန်တော့ခံပုဂ္ဂိုလ်ဖြစ်သူ ဦးသန်းသည် ၁၂-၃-၂၀၁၈ (တနင်္လာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ထားရွှေ (၈၅)နှစ်
**ရွှေဝါဖူး၊ မင်္ဂလာတောင်ညွန့်**

ကော့မှူးမြို့နယ်အသင်း(ရန်ကုန်) ရာသက်ပန်အသင်းဝင် ဦးဝင်းမြတ်ဇော် (M.D မြတ်ဘုန်းပွင့် ကုမ္ပဏီ)၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်ထားရွှေသည် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အသင်းသူ/သားများ**
**ကော့မှူးမြို့နယ်အသင်း(ရန်ကုန်)**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ဒေါက်တာသိမ်းမြင့် အသက်(၇၉)နှစ် ဒုတိယဥက္ကဋ္ဌ၊ ဂျီအီးစီ(ပညာရေး)သမဝါယမအသင်းစုချုပ်၊ ရန်ကုန်မြို့ သည် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂျီအီးစီ(ပညာရေး)အသင်းစုချုပ်**
**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာသိမ်းမြင့်
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့**
**နာယက၊ အထက်မင်းလှမြို့နယ်အသင်း (ရန်ကုန်)**
## အသက် (၇၉) နှစ်

အထက်မင်းလှမြို့နယ်အသင်း (ရန်ကုန်)၏နာယကဖြစ်သူ ဒေါက်တာသိမ်းမြင့်သည် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်စိန်(တောင်ငူ) (၇၅)နှစ်

ပြည်မြို့နေ ဦးကျော်တင့်၏ဇနီး၊ ဗိုလ်ကြီးကျော်စွာဝင်း-ဒေါ်တင်တင်ကျော်၊ ကိုကျော်လင်းဦး(ခ)ကိုပြူး-မစန္ဒာဝင်းတို့၏မိခင်၊ မဖူးမြတ်သွယ်၊ မောင်ထက်နိုင်ထွန်း၊ မောင်ရဲမြတ်မင်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်စိန်သည် ၁၈-၃-၂၀၁၈ ရက် နံနက် ၁၂း၅၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာယဉ်ဝေလွင်နှင့် မောင်ညီမများ**
**ဆရာဦးစိန်ခိုဆေးတိုက်နှင့်ဆရာဦးစိန်ခိုဆေးဝါးထုတ်လုပ်ရေးပြည်မြို့**

---

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**
## ဒေါ်ကြီးငွေ
## အသက်(၇၇)နှစ်
**လုပ်သားမှူး၊**
**မျိုးစေ့ဌာန၊ စိုက်ပျိုးရေး**
**အသင်းဝင်အမှတ်(၀၄၈၇)**

ရွှေပြည်သာမြို့၊ အင်းဝလမ်းနေ ဒေါ်ကြီးငွေသည် ၁၆-၃-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၈ ရက်တွင် ကျူချောင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါသည်။

အမှုဆောင်အဖွဲ့

---

**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**
## ဦးဝင်းတင် (၅၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ဗိုလ်သူရလမ်း၊ အမှတ်(၂/၄)၊ ပထမထပ်နေ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်တင်တင်ညို၏ခင်ပွန်းသည် ၁၆-၃-၂၀၁၈ (သောကြာနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အမ်းမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ(ခရမ်းမြို့) (၇၅)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နေ (ဦးဘိုကေ-ဒေါ်ကျင်ရွှေ)တို့၏သမီး၊ (ဦးရန်နား-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ TOSTA အိမ်ရာ၊ အမှတ် (၂၀/A)၊ ဂန္ဓမာလမ်းနေ ဦးလှမြင့်၏ဇနီး၊ (ဦးကျော်သိန်း-ဒေါ်ကျင်သန်း)၊ ဦးမြတ်စိုး-(ဒေါ်တင်တင်)၊ ဦးအောင်မြင့်-ဒေါ်သောင်းသောင်းရွှေ၊ ဦးသောင်းတင်-(ဒေါ်ရှုရင်)တို့၏ ညီမ၊ ဦးတင်ဝင်း-ဒေါ်မြဆွေ၊ ဦးသန်းစိုး-ဒေါ်အေးရီ၊ (ဦးဝင်း)-ဒေါ်စန်းဝင်း၊ ဦးသန်းငြိမ်း-ဒေါ်အေးအေးသက်၊ ဦးသန်းဝင်း-ဒေါ်ငွေရီ၊ ဦးငွေလွင်-ဒေါ်ခင်မာကြည်တို့၏အစ်မကြီး၊ ဦးမြင့်အေး-ဒေါ်ထားထားလွင်၊ ဦးကျော်လွင်ဦး-ဒေါ်ဖြူဖြူဝင်း၊ ဦးအောင်ကျော်ဇင်-ဒေါ်နန်းမီမီချော၊ ဦးလှဘုန်းအောင်-ဒေါ်စောနန္ဒာလင်းတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်တင်ရီ(ခရမ်းမြို့) သည် ၂၀-၃-၂၀၁၈ ရက် နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၈ ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (TOSTA အိမ်ရာမှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၈ (တနင်္လာနေ့) နံနက် ၈ နာရီတွင် TOSTA နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီ (ခရမ်းမြို့) (၇၅)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နေ (ဦးဘိုကေ-ဒေါ်ကျင်ရွှေ)တို့၏သမီး၊ (ဦးရန်နား-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ TOSTA အိမ်ရာ၊ အမှတ်(၂၀/A)၊ ဂန္ဓမာလမ်းနေ ဦးလှမြင့်၏ဇနီး၊ (ဦးကျင်းထုံ-ဒေါ်ကျင်မှုံ)၊ (ဦးကျင်ထွန်း)-ဒေါ်ဝင်း၊ (ဦးချစ်စိန်)-ဒေါ်အေးရွှေ၊ ဦးကျင်စိန်-(ဒေါ်မြရွှေ)၊ ဒေါ်ခင်ရွှေ၊ ဦးတင်အောင်-ဒေါ်စန်းစန်းဦးတို့၏ညီမ၊ ဦးမြင့်အေး-ဒေါ်ထားထားလွင်၊ ဦးကျော်လွင်ဦး-ဒေါ်ဖြူဖြူဝင်း၊ ဦးအောင်ကျော်ဇင်-ဒေါ်နန်းမီမီချော၊ ဦးလှဘုန်းအောင်-ဒေါ်စောနန္ဒာလင်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်တင်ရီ(ခရမ်းမြို့)သည် ၂၀-၃-၂၀၁၈ ရက် နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (TOSTA အိမ်ရာမှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၈ (တနင်္လာနေ့) နံနက် ၈ နာရီတွင် TOSTAနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်စိန်(တောင်ငူ)
## အသက် (၇၅) နှစ်

ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်နေ ဦးကျော်တင့် (ငြိမ်း၊ လ/ထမန်နေဂျာ၊ ကုန်သွယ်/ဆေး)၏ ချစ်လှစွာသောဇနီး၊ [ဒေါ်ရီရီလှ (စာရေးကြီး၊ မြန်မာ့သစ်လုပ်ငန်း၊ မော်လမြိုင်)]၊ ဗိုလ်ကြီးကျော်စွာဝင်း-ဒေါ်တင်တင်ကျော်(တက်နေဝန်းပွဲရုံ၊ ပြည်)၊ ကိုကျော်လင်းဦး(ခ)ကိုပြူး-မစန္ဒာဝင်း (တက်နေဝန်းပွဲရုံ၊ ပြည်)တို့၏ ချစ်လှစွာသောမိခင်၊ မဖူးမြတ်သွယ် (ပ-နှစ်၊ Tourism-NMDC)၊ မောင်ထက်နိုင်ထွန်း( Grade-IX ၊ အထက-၁၊ ပြည်)၊ မောင်ရဲမြတ်မင်း(Grade-II၊ ပန်းဘဲတန်း၊ မူလွန်၊ ပြည်မြို့)တို့၏ချစ်လှစွာသောအဘွား၊ ဦးမြသန်း(ငြိမ်း၊ သစ်အုပ်၊ မြန်မာ့သစ်လုပ်ငန်း၊ တောင်ငူ-တောင်ပိုင်း)-ဒေါ်ခင်ဝင်းရွှေတို့၏ချစ်လှစွာသောအစ်မ၊ ဗိုလ်ကြီးဉာဏ်ထက်အောင်၊ မအိမ့်ဆုမြတ်(သူနာပြု၊ တိုက်နယ်ဆေးရုံ၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်)တို့၏ ချစ်လှစွာသောအဒေါ် ဒေါ်တင်စိန်သည် ၁၈-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်နုနုရည်(မိတ္ထီလာ)
**လက်ထောက်ကထိက(ငြိမ်း)၊ တောင်ငူပညာရေးကောလိပ်**
## အသက် (၆၅) နှစ်

မိတ္ထီလာမြို့၊ ပြည်သာယာ (၄)လမ်း၊ အမှတ်(၁၄၇)နေ (ဦးလှထွန်း-ဒေါ်ခင်စု)တို့၏သမီး၊ (ဦးလှိုင်-ဒေါ်အေးရင်)တို့၏ သမီးချွေးမ၊ ဦးဝင်းထိန်၊ ဦးထွန်းထိန်၊ဒေါ်စောကြည်စန်း၊ ဦးလင်းထွန်း၊ ဒေါ်လှစန်းရီ၊ ဦးတင်စိုးတို့၏ညီမ၊ Dr.နိုင်လင်း၊ ဦးခင်ဇော်ထွန်း၊ ဒေါ်စိုးစိုးရီ (ဒေါ်ထားထားရီ)၊ ဦးကျော်လင်း၊ ဦးသိန်းထိုက်တို့၏အစ်မ၊ ဒေါ်ခင်စမ်းမြင့်၏ညီမ၊ ဒေါ်သင်းသင်းလှိုင်၏အစ်မ၊ အမှတ်(၅၀)၊ ငါးလွှာ(B)၊ (၁၆၅)လမ်း၊ တာမွေမြို့နယ်နေ Dr. ဇာနည်သင်းအောင်-ဒေါ်စုဆန်နီ၊ မထက်ဆန်နီ၊ မောင်မင်းဆန်နီ၊ မစိမ့်ဆန်နီ၊ မသိမ့်ဆန်နီတို့၏မွေးသမိခင်၊ မယွန်းဇာနည်လင်း၏အဘွား၊ ဦးဆန်နီလှိုင်၏ချစ်လှစွာသောဇနီး ဒေါ်နုနုရည်သည် ၁၉-၃-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁း၃၀ နာရီတွင် ရန်ကုန်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၃-၂၀၁၈(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဦးသောင်း(ရွှေဘို)
## အသက် (၆၁)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၁)လမ်း(အောက်)၊ မဟာနဝရတ်ကွန်ဒို၊ အခန်းအမှတ်(၁၀၇)နေ ဦးသောင်းခင်-(ဒေါ်တင်တင်အုန်း)တို့၏သားကြီး၊ (ဦးတင်မောင်-ဒေါ်အေးရှင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ စံပယ်မာဃလမ်း၊ တိုက်(၂၂၂)၊ အခန်း (၅၀၁/၅၀၂)နေ ဒေါ်မော်မော်မြင့်၏ခင်ပွန်း၊ ဦးကျော်မင်းထွန်း-ဒေါ်လှိုင်ခင်မျိုး၊ ဦးအောင်ဇော်ထူး-ဒေါ်ထိုက်ထိုက်မျိုး၊ ဒေါ်ခိုင်ခိုင်မျိုးတို့၏ ချစ်လှစွာသောဖခင်၊ (ဦးလွန်းမောင်)-ဒေါ်ခင်စန်းငွေ၊ ဦးမြင့်စိုးသောင်း၊ ဦးထွန်းမင်း-ဒေါ်တင်စန်းအေး၊ (ဦးချစ်ကိုကို)-ဒေါ်မူမူဆင့်တို့၏ အစ်ကိုကြီးသည် ၁၉-၃-၂၀၁၈(တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်ဦးသောင်း
## အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံပယ်မာဃလမ်း၊ တိုက်အမှတ် (၂၂၂)၊ အခန်း (၅၀၁/၅၀၂)နေ ဦးသောင်းခင်-(ဒေါ်တင်တင်အုန်း)တို့၏ သားကြီး၊ (ဦးတင်မောင်-ဒေါ်အေးရှင်)တို့၏ သားသမက်၊ (ဦးလွန်းမောင်)-ဒေါ်ခင်စန်းငွေ၊ ဦးမြင့်စိုးသောင်း၊ ဦးထွန်းမင်း-ဒေါ်တင်စန်းအေး၊ (ဦးချစ်ကိုကို)တို့၏ အစ်ကို၊ လှိုင်ခင်မျိုး၊ အောင်ဇော်ထူး-ထိုက်ထိုက်မျိုး၊ ခိုင်ခိုင်မျိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ဒေါ်မော်မော်မြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၉-၃-၂၀၁၈ (တနင်္လာနေ့) ညတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

**မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်စိန်တင်
## အသက်(၁၀၁)နှစ်
**သက်ကြီးပူဇော်ခံပုဂ္ဂိုလ်**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ ဦးစီးနာယက ဦးစောသိန်း၏မိခင် သက်ကြီးပူဇော်ခံ ဒေါ်စိန်တင်သည် ၁၉-၃-၂၀၁၈ ရက်တွင် မြောင်းမြမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၈ ရက်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှစိန်(မော်လမြိုင်)
**ထိပ်တန်း စက္ကူစက်**
## အသက်(၉၀)

မုဒုံမြို့နယ်နေ (ဦးပါလေး-ဒေါ်ငွေစီ)တို့၏ သမီး၊ (ဦးချစ်ထွေး)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်မေမေသန်း)၊ ဒေါ်အေးဝင်း၊ ဦးမျိုးဝင်းမောင်-ဒေါ်အေးအေးဆန်း(ခ)မချို၊ ဦးသက်မောင်မောင် - ဒေါ်မြင့်မြင့်ဝေ(ခ)မပြုံး၊ ဦးမောင်မောင်သန့်-ဒေါ်လွင်လွင်ထွေးတို့၏ ချစ်လှစွာသောမိခင်၊ မခင်နန္ဒာဆု၊ မကြည်ဖြူသန့်၊ မယွန်းဝတီမောင်တို့၏ချစ်လှစွာသောအဘွား ဒေါ်လှစိန်သည် ၂၀-၃-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၈ (တနင်္လာနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ အမှတ်(၁)၊ မြို့မကျောင်းလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**
## ဦးအောင်မင်း
## အသက်(၈၀)
**ဌာနခွဲစာရေး(P.P)ပိုးမွှားဌာနခွဲ**
**လယ်/စိုက်/ရှင်း**
**အသင်းဝင်အမှတ် (၀၃၉၈)**

အင်းစိန်မြို့နယ်၊ ကြို့ကုန်း အနောက်ရပ်ကွက်၊ ဗဟိုလမ်းနေ ဦးအောင်မင်းသည် ၁၇-၃-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၈ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)**
## ဦးမြင့်ဆွေ
## အသက်(၈၀)
## ရာ/၂၂၄၆

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ အမှတ်(၈၁၄)၊ ဂန္ဓမာလမ်းနေ ဒေါ်စန်းရင်၏ခင်ပွန်း ဦးမြင့်ဆွေသည် ၂၇-၂-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းညွန့် (၆၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၃၂၆)နေ (ဦးတင်ရှိန်-ဒေါ်ခင်ရီ)တို့၏သား၊ (ဦးအောင်ရှိန်-ဒေါ်သန်းခင်)တို့၏ သားသမက်၊ (ဦးတင်စိုး)-ဒေါ်မြမြစမ်း(အထက-၄၊ သဃ်န်းကျွန်း-ငြိမ်း)တို့၏မောင်၊ ကိုအောင်ဝင်းသိန်း (Oway Rental)-ဒေါ်နေလှိုင်ဖြိုး၊ ဒေါက်တာထက်ထက်အောင်(လ/ထကထိက၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ ဖခင်၊ ဒေါ်ငွေငွေဝင်း(အမက-၈၊ အထက-၂၊ တ/ဥ-ငြိမ်း)၏ခင်ပွန်း၊ မလဝန်းထက်၏ အဘိုးသည် ၁၉-၃-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှလှ (၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နေ (ဦးစန်းမောင်-ဒေါ်ညွန့်)တို့၏ သမီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အေးလမ်း၊ အမှတ်(၁၉/က)နေ ဦးမောင်ရွှေ၏ဇနီး၊ ဒေါ်လဲ့လဲ့ရွှေ၊ ဦးတင့်ထူးရွှေ၊ ဦးမြတ်မင်းရွှေ-ဒေါ်ဆွေဇင်မှူး၊ ဦးလှမော်၊ ဦးလင်းမင်းသင်းခိုင်-ဒေါ်သန္တာရွှေ၊ ဦးတိုးတိုးဝင်း-ဒေါ်ဥမ္မာရွှေ၊ ဦးမြင့်မောင်မောင်တို့၏ မိခင်ကြီးသည် ၁၉-၃-၂၀၁၈ ရက် ညနေ ၃း၂၅နာရီတွင် အလုံမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၈ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယကာကြီး
## ဦးလှအောင် (လယ်/ပြ-ငြိမ်း၊ နမ္မတီးအသင်း)
## အသက် (၇၉) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ သီးကုန်းကျေးရွာနေ (ဦးကံပေါ်-ဒေါ်ငြိမ်းဝိ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၂) ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အမှတ်(၂၈၉)နေ (ဒေါ်မြင့်မြင့်)၏ခင်ပွန်း၊ ဦးအောင်မော်(ထက်/ပြ-ငြိမ်း)၊ ဒေါ်ခင်နုနုအောင်(လယ်/ပြ၊ အမက-၂၊ ဒဂုံမြို့သစ်မြောက်ပိုင်း)တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၉-၃-၂၀၁၈ ရက် ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၈ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစီဦး (၇၉)နှစ်
**အထက(၂) ကမာရွတ်(ငြိမ်း)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ နီလာလမ်း၊ (၃)ရပ်ကွက်၊ အမှတ်(၁၇-က)နေ ဒေါ်အဲလိဇဘတ်ကြည်၏ခင်ပွန်း၊ (ဦးအောင်နိုင်)-ဒေါ်ခင်ဆွေဦး (အမက-၆၊ မရမ်းကုန်း)၊ ဦးဝင်းဇော်(အင်/ယာမှူး၊ ဆ. သ. ရ)-ဒေါ်ဆွေဆွေဦး(အထက-၁၊ ကမာရွတ်)တို့၏ဖခင်၊ မမေသင်းခိုင်(Myanmar Golden Rock)၊ မောင်ထက်အောင်ဝင်းတို့၏ချစ်လှစွာသောအဘိုးသည် ၁၉-၃-၂၀၁၈(တနင်္လာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် S.S.C ရွှေဂုံတိုင်ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ယဉ်ယဉ်ဌေး (၇၃)နှစ်
**ထုတ်/ကျွမ်း(၃)(ငြိမ်း)၊ အလှကုန်ပစ္စည်းစက်ရုံ၊ စက်မှု(၁)**
**စက်မှုဝန်ထမ်းဟောင်းများအသင်းဝင်အမှတ် (၀၀၀၃၈၇)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ (ဦးဘညို-ဒေါ်အေးစိန်)တို့၏ သမီးထွေး၊ သုံးဆယ်မြို့နေ (ဦးစစ်လန်-ဒေါ်မေကြည်)တို့၏ သမီးချွေးမ၊ အမှတ်(၂၉/B)၊ ငါးလွှာ၊ သီတာလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဦးအေးချို (စက်မှု-၁၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ချိုဝင်း-ဒေါ်သက်နှင်းအေး (BPI)တို့၏မွေးသမိခင်၊ ဦးသောင်းထိုက်-ဒေါ်မာမာဦး၊ ဦးမောင်မောင်ကျော်ဇော-ဒေါ်ဥမ္မာကျော်တို့၏အဒေါ်၊ မတွယ်တာလင်းလက်၊ မသော်တာလင်းလက်၊ မောင်ရဲထွဋ်သန့်အောင်တို့၏ အဘွားသည် ၂၀-၃-၂၀၁၈ (အင်္ဂါနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ထွေးစိန် (ထူးကြီး) (၇၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သီရိဟေမာလမ်း၊ ဇဝနရပ်ကွက်၊ အမှတ်(၆၄)၊ မြေညီထပ်နေ (ဦးဖိုးသုန်-ဒေါ်အေးမှိန်)တို့၏ သမီး၊ (ဦးဖိုးခိုင်-ဒေါ်လှယဉ်)တို့၏သမီးချွေးမ၊ ဦးဌေးဝင်းအောင်-ဒေါ်ခင်လှကြည်၊ ဒေါ်ကေသွယ်ညွန့်တို့၏ မွေးသမိခင်၊ ဗိုလ်မှူးဟိန်းစည်သူ-ဒေါ်အိသူသူထွန်း၊ ဦးသီဟ-ဒေါ်ဇင်မွန်အောင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ဘွားဘွား၊ ဦးညွန့်တင်၏ ချစ်လှစွာသောဇနီးသည် ၁၉-၃-၂၀၁၈ (တနင်္လာနေ့) ညနေ ၃း၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ဆွေ
**သ/မဝန်ကြီးဌာန၊ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းမန်နေဂျာ (ငြိမ်း)**
## အသက် (၆၉) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ထူးကြီးမြို့နေ (ဦးလှရွှေ-ဒေါ်ကြိုင်ကြိုင်)တို့၏သား၊ ဒေါ်ခင်မာဆွေ၊ ဒေါ်နုနုဆွေတို့၏မောင်၊ ဦးတင်မောင်ဆွေ၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၁၁)၊ ခိုင်ရွှေဝါလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ဆင့်ဆင့်ခိုင်၏ခင်ပွန်း၊ မောင်အောင်ခန့်ပိုင်-မချစ်မြတ်နိုးတို့၏ဖခင်၊ မောင်အောင်ဘုန်းမြတ်၏အဘိုးသည် ၁၉-၃-၂၀၁၈(တနင်္လာနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ခင်စိုး
## အသက်(၆၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နေ ဦးပိုပို(ဘဏ္ဍာရေးမန်နေဂျာ-ငြိမ်း၊ ပဲခူးတိုင်းအရှေ့ခြမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ဇနီး၊ ဗိုလ်ကြီးကျော်ဇင်လတ်-ဒေါက်တာစုမွန်ပို၊ မမေသူပိုတို့၏မိခင်၊ မောင်ဝန်းခန့်နေ၏အဘွား ဒေါ်ခင်စိုးသည် ၂၀-၃-၂၀၁၈ရက် နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ငြိမ်းအေးဇရပ်မှ စစ်သင်္ချိုင်းသို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# အာဖရိကဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများ ဆွေးနွေး



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် Crans Montana Forum ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် တည်ထောင်သူ Ambassador Jean Poul Carteron တို့ ဆွေးနွေးစဉ်။

**ကာဆာဘလန်ကာ မတ် ၂၀**

မော်ရိုကိုနိုင်ငံ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် Crans Montana Forum ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် တည်ထောင်သူ Ambassador Jean Poul Carteron နှင့် ဒေသစံတော်ချိန် မတ် ၁၉ ရက် နံနက် ၁၁နာရီ တွင် Rhapsody သင်္ဘောပေါ်ရှိ ဟိုတယ်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အာဖရိကဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများ၊ အခွင့်အလမ်းများ၊ Crans Montana Forum နှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ သံအမတ်ကြီး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်သည် မတ် ၁၈ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မော်ရိုကိုနိုင်ငံ Rhapsody သင်္ဘောပေါ်ရှိ ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး၏ ပင်လယ်ရေကြောင်းဆက်သွယ်မှုနှင့် ပို့ဆောင်ရေးစကြံနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

# မေယုတောင်ကို ဖြတ်ကျော်ဖောက်လုပ်နေသည့် ကျောက်ပန်းတောင်း-အင်းဒင်-စေတီပြင်လမ်း ခြောက်မိုင်ခန့် ပြီးစီးတော့မည်



**စစ်တွေ မတ် ၂၀**

မေယုတောင်ကို ဖြတ်ကျော်ဖောက်လုပ်နေသည့် ကျောက်ပန္တု-အင်းဒင်-စေတီပြင် လမ်းအမာခံကျောက်ခင်းခြင်းလုပ်ငန်း ခြောက်မိုင်ခန့် ပြီးစီးတော့မည်ဖြစ်ကြောင်း လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၇)မှ သိရသည်။

"လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကတော့ အခုအချိန်မှာ လမ်းအူကြောင်း ပေါက်သွားပြီးတော့ ကျောက်ခင်းလမ်းလုပ်ငန်းတွေ စတင်ဆောင်ရွက်လာတာ ခြောက်မိုင်လောက်ထိ အပြီးသတ်ဆောင်ရွက်နိုင်မယ့် အနေအထားမျိုး ရောက်နေပါပြီ၊ လိုအပ်တဲ့နေရာတွေမှာ Box Culvert တွေပါထည့်ပြီးတည်ဆောက်ရမှာ ဖြစ်ပါတယ်၊ Box Culvert ၄၆ စင်း တည်ဆောက်ရမယ့်နေရာမှာ အစင်း ၃၀ လောက်တစ်ပြိုင်တည်း တည်ဆောက်နေပါတယ်"ဟု လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းမော်က ပြောသည်။

အဆိုပါလမ်းကို မြေပြန့်ပိုင်းတွင် ပေ ၄၀ အကျယ်တာပေါင်နှင့် တောင်ပေါ်ပိုင်းတွင် ၃၄ ပေ အကျယ်တာပေါင်ရှိ နှစ်လမ်းသွားအမာခံ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ○**

## အာရှဘိလိယက်နှင့် စနူကာပြိုင်ပွဲတွင် မြန်မာကစားသမားအများစု ရလဒ်ကောင်း

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၈ အာရှဘိလိယက်ပြိုင်ပွဲ၊ အာရှယူ-၂၁ စနူကာအမျိုးသားပြိုင်ပွဲနှင့် အာရှအမျိုးသမီးစနူကာပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Rose Garden ဟိုတယ်၌ကျင်းပရာ နံနက်ပိုင်းပွဲစဉ်များတွင် မြန်မာကစားသမားအများစု ရလဒ်ကောင်းခဲ့သည်။

အာရှဘိလိယက်ပြိုင်ပွဲ၏ နံနက်ပိုင်းပွဲစဉ်များတွင် အောင်ဌေးသည် ထိုင်းနာမည်ကြီးဘိလိယက်ကစားသမား ပရာပွတ်ကို လေးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။

အောင်ဌေးသည် ပွဲငယ်သုံးပွဲဆက်အနိုင်ရခဲ့ပြီး စတုတ္ထနှင့် ပဉ္စမပွဲငယ်တွင် ပရာပွတ်က ပြန်လည်အနိုင်ရခဲ့သောကြောင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ဆဋ္ဌမပွဲငယ်တွင် အောင်ဌေးအနိုင်ကစားခဲ့သောကြောင့် လေးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ နေသွေးဦး(မြန်မာ)ကလည်း ထိုင်းဘိလိယက်ကစားသမား အီခရာဗီကို လေးပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ အခြားပွဲများတွင် ရူပီရှာ(အိန္ဒိယ)က ဇော်သန်းထိုက် (မြန်မာ)ကို လေးပွဲပြတ်၊ ဟာရီရာ(အိန္ဒိယ)က ခင်မောင်ဦး(မြန်မာ)ကို

**စာမျက်နှာ ၇ ကော်လံ ၄ သို့ ✳**

